# ရှင်ယောဟန်ခရစ်ဝင်။

## JOHN.

၁

၁ အစ အဦး၌ နှုတ် ကပတ် တော် ရှိ၏။ နှုတ်က
ပတ် တော်သည်ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်
ကပတ် တော်သည်လည်း ဘုရားသခင်ဖြစ်တော်
၂ မူ၏။– ထို နှုတ် ကပတ် တော် သည် အစ အဦး၌
၃ ဘုရားသခင်နှင့်အတူရှိ၏။– ထိုနှုတ်ကပတ်တော်
သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ
၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်
၄ သောအရာတစုံတခုမျှမရှိ။– ထိုနှုတ်ကပတ်တော်
၌အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏
၅ အလင်း ဖြစ်၏။– ထိုအလင်း သည် မှောင် မိုက်၌
လင်း၍မှောင်မိုက်သည်မခံမယူ။
၆ ယောဟန် အမည် ရှိသော သူ တယောက်ကို
၇ ဘုရား သခင်စေလွှတ်တော်မူ၏။– ထိုသူကိုလူအ
ပေါင်းတို့သည် အမှီပြု၍ ယုံကြည်ခြင်းသို့ ရောက်
မည် အကြောင်း ထိုသူသည် သက်သေခံ ဖြစ်၍၊
အလင်း တော်၏ အကြောင်းကို သက်သေခံခြင်း
၈ ငှါလာ၏။– ထိုသူသည် အလင်းတော်မဟုတ်။ အ
လင်း တော်၏ အကြောင်းကို သက်သေခံခြင်းငှါ
၉ သာလာ၏။– ဟုတ် မှန်သော အလင်း မူကား၊ ဤ
လော ကသို့ ကြွလာ လျက် ခပ်သိမ်း သော လူအ
ပေါင်း တို့ အား အလင်းကို ပေး သောသူ ဖြစ်သ
တည်း။
၁၀ ထိုသူသည်ဤလောက၌ ရှိတော်မူပြီ။ ဤလော
က ကိုလည်း ဖန်ဆင်း တော်မူပြီ။ သို့သော်လည်း
၁၁ ဤလောကသည် ထိုသူကိုမသိ။– သူသည် မိမိဒေ
သ အ ရပ်သို့ ကြွလာ သော် လည်း၊ မိမိ လူမျိုးတို့
၁၂ သည်သူ့ကိုလက်မခံဘဲနေကြ၏။– ထိုသူကိုလက်
ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံ
ကြည်သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်
၁၃ ရသော အခွင့် ကို ပေး တော် မူ၏။– ထိုသားတို့မူ
ကား၊ လူ မျိုး နှင့် စပ်ဆိုင်၍ ဘွား သော သား မ
ဟုတ်။ မေထုန်သံဝါသအားဖြင့် ဘွားသောသား
မဟုတ်။ လူ အလို အလျောက် ဘွားသော သား
မဟုတ်။ ဘုရား သခင် ဘွား တော် မူသော သား
ဖြစ်သတည်း။

၁၄ နှုတ်ကပတ်တော်သည်လည်းလူဇာတိအဖြစ်
ကိုခံယူ၍၊ ကျေးဇူးတော်နှင့်ဇင်း၊ သစ္စာတော်နှင့်
ဇင်းပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်
ဖြစ်၍၊ ခမည်း တော်၌ တပါး တည်းသော သား
တော် ၏ ဘုန်း ကဲ့သို့ သူ၏ ဘုန်း တော်ကို ငါတို့
၁၅ သည် မြင် ရကြပြီ။– ယောဟန်သည် ထိုသခင်၏
အကြောင်းကို သက် သေ ခံ၍ ကြွေးကြော် သည်
ကား၊ ငါ့နောက်ကြွလာသောသူသည် ငါမရှိမှီရှိ
နှင့်သည်ဖြစ်၍၊ ငါ့ထက်သာ၍ ကြီးမြတ်သည်ဟု
ငါဆိုရာ၌၊ ထိုသူကို ဆိုလို သည်ဟု သက်သေ ခံ
၁၆ လေ၏။– ထို သူ၏ ပြည့်စုံ ခြင်း မှ လည်း ကျေးဇူး
တပါး၌ထပ်ဆင့်၍ ကျေးဇူးတပါးကိုငါတို့ရှိသမျှ
၁၇ သည် ခံရကြပြီ။– အကြောင်း မူကား၊ ပညတ် တ
ရား တော်ကို မောရှေ လက်တွင် ပေးတော် မူ၏။
ကျေးဇူးတရားနှင့်သစ္စာတရားမူကား ယေရှုခရစ်
၁၈ အားဖြင့် ဖြစ်သတည်း။– ဘုရားသခင်ကို အဘယ်
သူမျှမမြင်စဖူးသော်လည်း၊ ခမည်းတော်၏ရင်ခွင်
၌ရှိသော တပါးတည်းသော သားတော်သည်ဘု
ရားသခင်ကိုထင်ရှားစေတော်မူပြီ။
၁၉ ယုဒ လူတို့က၊ သင်သည် အဘယ် သူနည်းဟု
ယောဟန်ကိုမေးမြန်းစေခြင်းငှါ ယဇ်ပုရောဟိတ်
နှင့်လေဝိလူတို့ကို ယေရုရှလင်မြို့မှစေလွှတ်သော
အခါ၊ ယောဟန် သည် သက် သေ ခံလေ သည်
၂၀ မှာ၊– ငါသည်ခရစ်တော်မဟုတ်ဟုထိမ်ဝှက်ခြင်း
၂၁ မရှိ၊ အတည့် အ လင်း ပြော ဆို ၏။– ထိုသူ တို့က
လည်း၊ သို့ဖြစ်လျှင် သင်သည် အဘယ်သူ နည်း။
ဧလိယဖြစ်သလောဟုမေးပြန်၏။ ယောဟန်က၊
ငါသည် ဧလိယ မဟုတ်ဟုဆို၏။ ဤမည်သော ပ
ရောဖက် ဖြစ်သလောဟု မေးပြန်လျှင်၊ မဟုတ်ဟု
၂၂ ဆိုပြန်၏။– ထိုသူတို့ကလည်း၊ သင်သည်အဘယ်
သူနည်း။ ငါတို့ကိုစေလွှတ်သော သူတို့ အား ပြန်
လျှောက်စရာရှိစေခြင်းငှါ၊ သင်သည်ကိုယ်ကိုအ
၂၃ ဘယ်သို့ ဆိုသနည်းဟုမေးပြန်ကြ၏။– ယောဟန်
ကလည်း၊ ငါသည် ပရောဖက် ဟေရှာယ ဟော
ပြော သည်နှင့်အညီ၊ ထာဝရဘုရား၏ လမ်းခရီး
တော် ကို ဖြောင့် စေ ကြ လော့ ဟု တော ၌ ဟစ်

၂၄ စေလွှတ်သောသူ၏အသံဖြစ်သည်ဟုဆို၏။- အစေ
၂၅ ခံသော သူတို့ကား၊ ဖာရိရှဲ ဖြစ်ကြသတည်း။- ထို
သူတို့ကလည်း၊သင်သည်ခရစ်တော်မဟုတ်၊ဧလိ
ယမဟုတ်၊ ဤမည်သော ပရောဖက်မဟုတ်သည်
မှန်လျှင် အဘယ်ကြောင့် ဗတ္တိဇံ ကို ပေးသနည်း
၂၆ ဟုမေးပြန်ကြ၏။- ယောဟန်ကလည်း၊ ငါသည်
ရေ၌ ဗတ္တိဇံ ကိုပေး၏။ သင်တို့အလယ်၌သင်တို့
၂၇ မသိသော သူတ ယောက် ရှိ၏၊- ထိုသူသည် ငါ့
နောက် ကြွလာ သော်လည်း ငါ့ထက်သာ၍ ကြီး
မြတ်၏၊ ထိုသူ၏ခြေနင်းတော်ကြိုးကိုမျှဖြည်ခြင်း
၂၈ ငှါငါမထိုက်ဟုပြန်ပြော၏။- ယောဟန်သည်ဗတ္တိ
ဇံ ကိုပေးရာအရပ်၊ ယော်ဒန်မြစ်တဘက်ဗေသ
နိရွာ၌ဤအမှုအရာဖြစ်သတည်း။
၂၉ နက်ဖြန် နေ့၌ ယေရှု ကြွလာတော် မူသည်ကို
ယောဟန်သည်မြင်လျှင်၊ဤလောက၏အပြစ်ကို
ဆောင်သွားသောဘုရားသခင်၏ သိုးသငယ်ကို
၃၀ ကြည့်လော့။- ငါမရှိမှီ ရှိနှင့်သည်ဖြစ်၍၊ ငါ့ထက်
သာ၍ ကြီးမြတ်သောသူသည် ငါ့နောက်ကြွလာ
၃၁ သည်ဟုငါဆိုရာ၌၊ထိုသူကိုဆိုလို၏။- အစကထို
သူကို ငါမသိ။ သို့သော် လည်း ထို သူကို ဣသရေ
လလူတို့အားထင်ရှားစေခြင်းငှါ ငါသည်ရေ၌ဗတ္တိ
၃၂ ဇံ ကို ပေးလျက် လာ၏။- ထိုမှ တပါး ဝိညာဉ်
တော် သည် ကောင်း ကင်မှ ချိုး ငှက် ကဲ့သို့ ဆင်း
သက်၍ထိုသူ၏ အပေါ်၌ နားတော်မူသည်ကိုငါ
၃၃ မြင်ရပြီ။- အစကထိုသူကိုငါမသိ။ ရေ၌ ဗတ္တိဇံကို
ပေးစေခြင်းငှါငါ့ကိုစေလွှတ်တော်မူသောသူက၊
အကြင်သူ၏ အပေါ်၌ ဝိညာဉ်တော် ဆင်းသက်
၍နားတော် မူသည်ကို သင်သည်မြင်လျှင်၊ ထိုသူ
ကား၊သန့် ရှင်းသော ဝိညာဉ် တော်၌ ဗတ္တိဇံ ကို
ပေးသောသူပေတည်းဟု မိန့်တော်မူသည်နှင့်အ
၃၄ ညီ၊- ငါသည် မြင်၍ ဤသူသည် ဘုရား သခင်၏
သားတော် ဖြစ်တော် မူကြောင်းကို သက်သေ ခံ
သည်ဟုယောဟန်ဆိုလေ၏။
၃၅ တဖန်ယောဟန်သည်နက်ဖြန်နေ့၌တပည့်နှစ်
၃၆ ယောက်တို့နှင့်အတူ ရပ်နေ၍၊- ယေရှုကြွတော်မူ
သည်ကိုမြင်လျှင်၊ ဘုရားသခင်၏ သိုး သငယ်ကို
၃၇ ကြည့် လော့ ဟု ဆို ၏၊- တပည့် နှစ် ယောက်တို့
သည်ထိုစကားကိုကြားလျှင်၊ယေရှုနောက်တော်
၃၈ သို့ လိုက် ကြ ၏။- ယေရှု သည် လှည့်၍ ထို သူတို့
လိုက်ကြသည်ကိုမြင်တော်မူလျှင်၊ အဘ...အလို
ရှိ သနည်းဟု မေး တော် မူ၏။ ထိုသူ တို့က၊ ရဗ္ဗိ၊
ကိုယ်တော်သည် အဘယ်မှာနေတော်မူသနည်း
ဟုမေးလျှောက်ကြ၏။ရဗ္ဗိ၊အနက်ကား၊အရှင်ဘု
၃၉ ရား ဟု ဆိုလိုသတည်း၊- ယေရှု ကလည်း လာ၍
ကြည့်ကြ လော့ဟု မိန့် တော်မူ၏။ ထိုသူ တို့သည်
သွား၍ နေတော်မူရာအရပ်ကိုကြည့်ကြ၏။ ထိုအ
ချိန်သည် ဆယ်နာရီ အချိန်ဖြစ်၍ မိုဃ်းချုပ်သည်
၄၀ တိုင်အောင် အထံတော်၌ နေကြ၏၊- ယောဟန်
၏စကားကိုကြား၍ နောက်တော်သို့ လိုက်သော
သူ နှစ်ယောက်တို့တွင် တယောက်ကား ရှိမုန်ပေ
၄၁ တရုညီ အန္ဒြေ ပေတည်း၊- ထိုသူသည် မိမိအစ်ကို
ရှိမုန်ကို ရှေ ဦးစွာ တွေ့လျှင်၊ ငါတို့သည်မေရှိကို
၄၂ တွေ့ကြပြီဟု ပြောဆိုလျက်၊- သူ့ကိုယေရှုထံသို့ပို့
ဆောင်လေ၏။ မေရှိအနက်ကား ခရစ် တော်ဟု
ဆိုလို သတည်း။ ယေရှုသည် ထိုသူကို ကြည့်ရှု၍၊
သင်သည် ယောန၏ သား ရှိမုန်ဖြစ်၏ ကေဖအ
မည် သစ်ကို ရလတံ့ဟု မိန့် တော် မူ၏၊ ကေဖအ
နက်ကားပေတရုဟုဆိုလိုသတည်း။
၄၃ နက်ဖြန်နေ့၌ ဂါလိလဲပြည်သို့ကြွခြင်းငှါအလို
တော်ရှိလျှင် ဖိလိပ္ပုကိုတွေ့၍၊ ငါ့နောက်သို့လိုက်
၄၄ လော့ဟု မိန့်တော် မူ၏၊- ဖိလိပ္ပုကား၊အန္ဒြေနှင့်
ပေတရုမွေးဘွားရာ ဗက်ဇဲဒမြို့မှလာသောသူဖြစ်
၄၅ သတည်း။-ဖိလိပ္ပုသည်နာသနေလကိုတွေ့လျှင်၊
မောရှေ သည် ပညတ္တိ ကျမ်း၌၎င်း၊ ပရောဖက်တို့
သည် သူတို့ကျမ်း၌၎င်း အကြောင်းပြု၍ရေးထား
သောသူ၊ နာဇရက် မြို့သားဖြစ်သော ယောသပ်
၏သား ယေရှုကိုငါတို့သည် တွေ့ကြပြီဟုဆို၏၊-
၄၆ နာသနေလကလည်း၊ နာဇရက်မြို့ထဲက ကောင်း
သောအရာ တစုံတခုမျှ ထွက်နိုင်သလောဟုမေး
၄၇ လျှင်၊ ဖိလိပ္ပုက၊ လာ၍ကြည့်ပါဟုဆို၏၊- နာသ
နေလလာသည်ကို ယေရှုသည် မြင်တော်မူလျှင်၊
လှည့်စားခြင်းအပြစ်နှင့်ကင်းလွတ်သောဣသရေ
လလူစစ်ကိုကြည့်လော့ဟုထိုသူကိုအမှတ်ပြု၍မိန့်
၄၈ တော်မူ၏၊- နာသနေလက လည်း၊ ကိုယ်တော်
သည် အဘယ်သို့သော အားဖြင့် အကျွန်ုပ်ကိုသိ
တော်မူသနည်းဟုမေးလျှောက်သော်၊ယေရှုက၊
ဖိလိပ္ပုသည်သင့်ကိုမခေါ်မှီ၊ သင်သည်သင်္ဘော
သဖန်း ပင် အောက်၌ ရှိသည်ကို ငါမြင် သည်ဟု
၄၉ ပြန်၍မိန့်တော်မူလျှင်၊- အရှင်ဘုရား၊ကိုယ်တော်
သည် ဘုရားသခင်၏ သားတော် ဖြစ်တော်မူ၏၊
ဣသရေလလူတို့၏ရှင်ဘုရင်လည်း ဖြစ်တော်မူ၏
၅၀ ဟုနာသနေလလျှောက်လေ၏၊- တဖန်ယေရှုက၊
သင်္ဘောသဖန်းပင်အောက်၌သင့်ကိုငါမြင်သည်
ဟု ဆိုသော ကြောင့် ယုံသလော။ ထိုမျှမက သင်

၁း ၂၅၊ ၂၆၊ ၂၈၊ ၃၁၊ ၃၃။ ဗတ္တိဇံ၏ ပုဒ်နက်သည် နှစ်ခြင်း ဖြစ်၏။

သည်သာ၍ကြီးစွာသောအကြောင်းအရာကိုမြင်
၅၁ လတံ့။- သင် တို့အား ငါ အမှန် အကန် ဆိုသည်
ကား၊ နောင်ကာလ၌ ကောင်းကင်ဖွင့်လှစ်သည်
ကိုငှင်း၊ ဘုရား သခင်၏ ကောင်း ကင် တမန် တို့
သည်လူသား၏အပေါ်၌ဆင်းလျက်တက်လျက်
ရှိနေသည်ကိုငှင်း၊ သင်တို့သည်မြင်ရကြလတံ့ဟု
မိန့်တော်မူ၏။

၂

၁ သုံးရက်မြောက်သောနေ့၌ဂါလိလဲပြည်ကာန
မြို့တွင် မင်္ဂလာ ဆောင်ပွဲကိုခံကြစဉ်၊ ထိုပွဲ၌ယေရှု
၂ ၏ မယ်တော်ရှိ၏။- ယေရှုနှင့်တပည့်တော်တို့ကို
၃ လည်း ထို ပွဲ သို့ ခေါ်ပင့် ကြ၏။- စပျစ် ရည် ကုန်
သောအခါ၊ ယေရှု၏မယ်တော်က၊ စပျစ်ရည်မရှိ
၄ ဟုကြားပြော၏။-ယေရှုကလည်း၊ အချင်းမိန်းမ၊
သင်သည် ငါနှင့် အဘယ်သို့ ဆိုင်သနည်း။ ငါ့အ
၅ ချိန် မရောက် သေးဟု မိန့်တော်မူ၏။- မယ်တော်
ကလည်း၊ သူစေခိုင်းသမျှတို့ကို ပြုကြလော့ဟုအ
၆ စေ ခံ တို့ အား ဆို လေ ၏။- ယု ဒ ဘာ သာ အ
လျောက်စင်ကြယ်ခြင်းအဘို့အလိုငှါ၊ ထိုအရပ်၌
နှစ် တင်း သုံး တင်း ခန့် ဝင် သော ကျောက် အိုးစ
၇ ရည်း ခြောက် လုံး ထား လျက် ရှိ ၏။- ယေရှု က
လည်း၊ ဤ ရေအိုးတို့ကို ရေဖြည့်ကြဟု အစေခံတို့
အား မိန့်တော် မူလျှင်၊ ထိုသူ တို့သည် လျှံမတတ်
၈ ဖြည့်ကြ၏။- ယခုခပ်၍ပွဲအုပ်ထံသို့သွင်းကြလော့
၉ ဟုမိန့်တော် မူသည် အတိုင်း သွင်းကြ၏။- ပွဲအုပ်
သည် စပျစ်ရည် ဖြစ်စေသောရေကို မြည်းစမ်း၍၊
ထိုရေကို ခပ်သော အစေခံ တို့သည် စပျစ်ရည်ကို
အ ဘယ် မှာ ရသည်ကို သိ သော် လည်း၊ ပွဲအုပ်
သည်မသိသောကြောင့်၊ မင်္ဂလာဆောင် လုလင်
၁၀ အားအသံကိုလွှင့်၍၊- အခြားသောသူမည်သည်
ကား၊ ရှေဦးစွာကောင်းသောစပျစ်ရည်ကို ထည့်
၍ ဝစွာ သောက် ကြပြီးမှ ညံ့သော စပျစ် ရည် ကို
ထည့်လေ့ရှိ၏၊ သင်မူကား၊ ကောင်းသော စပျစ်
၁၁ ရည်ကို ယခုတိုင်အောင် သိုထား ပြီဟု ဆို၏ -ထို
သို့ယေရှုသည် ရှေဦးစွာသောဤနိမိတ်လက္ခဏာ
ကိုဂါလိလဲပြည်၊ ကာနမြို့၌ပြ၍ မိမိဘုန်းတော်ကို
ထင်ရှား စေ တော် မူ၏။ တပည့် တော် တို့ သည်
လည်းယုံကြည်ကြ၏။

၁၂ ထိုနောက် မယ်တော်မှစ၍ ညီတော်၊ တပည့်
တော်တို့နှင့်တကွ၊ ကပေရနောင်မြို့သို့ကြွတော်မူ
၁၃ ၏။ ထိုမြို့မှာကြာမြင့်စွာမနေဘဲ၊- ယုဒပသခါပွဲခံ
ချိန် နီးသည်ရှိသော်၊ ယေရုရှလင်မြို့သို့ ကြွတော်
၁၄ မူ၏။- ဗိမာန် တော်၌ သိုး၊ နွား၊ ချိုး ငှက် ရောင်း
သောသူတို့ကိုငှင်း၊ ပွဲစားများ ထိုင်လျက်ရှိသည်
၁၅ ကိုငှင်း တွေ့တော် မူလျှင်၊- ရိုက်စရာကြိုးသေး
များကိုပြုပြင်ပြီးမှ၊ ထိုသူအပေါင်းတို့ကိုငှင်း၊သိုး၊
နွားများကိုငှင်း၊ ဗိမာန်တော်မှ နှင်ထုတ် တော်မူ
၍၊ ပွဲစားတို့၏ ငွေဘင်ခုံများကို တွန်းပစ်မှောက်
၁၆ ထားတော်မူ၏၊-ချိုးငှက်ရောင်းသောသူတို့အား
လည်း၊ ဤဥစ္စာကို ယူသွားကြ။ ငါ့အဘ၏ အိမ်
တော် ကို ပွဲတဲ မ လုပ် ကြနှင့်ဟု မိန့် တော် မူ၏၊-
၁၇ ကိုယ်တော်၏ အိမ်တော်၌ စွဲလမ်း ပူပန်ခြင်း စိတ်
သည် အကျွန်ုပ်ကို စား ပါ၏ ဟူ၍ ကျမ်း စာလာ
သည်ကို၊ထိုအခါတပည့်တော်တို့သည်မှတ်မိကြ
၏။

၁၈ ယုဒလူတို့ကလည်း၊သင်သည်ဤသို့ပြုလျှင်အ
ဘယ်နိမိတ် လက္ခဏာကို ငါတို့အား ပြမည်နည်း
၁၉ ဟုဆိုကြ၏။- ယေရှုက လည်း၊ ဤဗိမာန်တော်ကို
ဖြိုဖျက် ကြလော့။ သုံးရက် အတွင်း တွင် ငါတည်
၂၀ ဆောက်မည်ဟုမိန့်တော်မူ၏။- ယုဒလူတို့က၊အ
နှစ်လေးဆယ်ခြောက်နှစ်ပတ်လုံးဤဗိမာန်တော်
ကိုတည် ဆောက် ရကြ၏။ သင်မူကား၊ သုံးရက်
တည်းနှင့် တည်ဆောက်မည်လောဟုဆိုကြ၏။-
၂၁ ထိုသို့ မိန့် တော် မူရာ၌ မိမိ ကိုယ် တည်း ဟူသော
၂၂ ဗိမာန်ကို အမှတ် ပြု၍ မိန့်တော်မူ၏။- ထိုကြောင့်
သေခြင်းမှ ထမြောက် တော် မူသည် နောက်၊ ထို
စကား တော်ကို တပည့် တော်တို့သည် မှတ်မိကြ
သဖြင့်၊ ကျမ်းစာ ကို ငှင်း၊ ယေရှု ၏ နှုတ်ကပတ်
တော်ကိုငှင်းယုံကြ၏။

၂၃ ပသခါပွဲအတွင်းတွင်ယေရှုသည်ယေရုရှလင်
မြို့၌ရှိ၍၊ ပြတော် မူသော နိမိတ် လက္ခဏာ တို့ကို
များစွာသောသူတို့သည်မြင်ရသဖြင့် ကိုယ်တော်
၂၄ ကိုယုံကြည်ခြင်းသို့ရောက်ကြ၏၊-သို့သော်လည်း
ယေရှုသည် ထိုသူတို့၌ ကိုယ်ကိုအပ်တော်မမူ။အ
ကြောင်းမူကား၊ခပ်သိမ်းသော သူတို့ကိုသိတော်
၂၅ မူ၏၊- လူ၏ အထဲ၌ ရှိသမျှ ကို သိတော် မူသော
ကြောင့်၊လူ၏အကြောင်းကို သက်သေခံစေခြင်း
ငှါအဘယ်သူကိုမျှအလိုတော်မရှိ။

၃

၁ ယုဒလူတို့တွင်အရာရှိဖြစ်သောနိကောဒင်အ
၂ မည်ရှိသောဖာရိရှဲတယောက်သည်၊- ညဥ့်အခါ
ယေရှု ထံ တော် သို့ လာ ၍၊ အရှင် ဘုရား၊ ကိုယ်
တော်သည် ပြတော် မူသော ဤနိမိတ် လက္ခဏာ
တို့ကိုဘုရားသခင်၏အခွင့်မရှိလျှင် အဘယ်သူမျှ

မပြနိုင်သည်ကို အကျွန်ုပ်တို့သည် ထောက်၍၊
ကိုယ်တော်သည် ဘုရားသခင့် အထံတော်မှ ကြွ
လာတော်မူသောဆရာဖြစ်ကြောင်းကို သိကြပါ
၃ ၏ဟုလျှောက်သော်၊-ယေရှုက၊ ဒုတိယမွေးခြင်း
ကို မခံသောသူ မည်သည်ကား၊ ဘုရားသခင်၏
နိုင်ငံတော်ကိုမမြင်ရဟု ငါအမှန်အကန်ဆိုသည်
၄ ဟု ပြန်၍ မိန့်တော်မူ၏။- နိကောဒင်ကလည်း၊
အသက်ကြီးသောသူသည် မွေးခြင်းကိုအဘယ်
သို့ ခံနိုင်ပါမည်နည်း။ အမိဝမ်းထဲသို့ တဖန် ဝင်၍
မွေးခြင်းကို ခံနိုင်ပါမည်လောဟု လျှောက်၏။-
၅ ယေရှုကလည်း၊ ရေနှင့်ဝိညာဉ်တော်မမွေးသော
သူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့
၆ မဝင်ရဟု ငါအမှန် အကန်ဆို၏။- ဇာတိပကတိ
မွေးသော အရာသည် ဇာတိပကတိဖြစ်၏။ ဝိ
ညာဉ်တော်မွေးသောအရာသည်ဝိညာဉ်ဖြစ်၏။-
၇ ဒုတိယ မွေးခြင်းကို ခံရမည်ဟု ငါဟောပြော
၈ သည်ကို အံ့ဩခြင်း မရှိနှင့်။- လေသည် အလိုရှိ
တိုင်း သွားလာ၏။ လေ၏ အသံကို သင်သည်
ကြားရသော်လည်း အဘယ် အရပ်က ဖြစ်သည်၊
အဘယ်အရပ်သို့ သွားသည်ကိုမသိနိုင်။ ထိုနည်း
တူ ဝိညာဉ်တော် မွေးသော သူဖြစ်သည် ဟု မိန့်
တော်မူ၏။

၉ နိကောဒင်ကလည်း၊ ဤအမှုအရာသည်အ
ဘယ်သို့ ဖြစ်နိုင်ပါမည်နည်း ဟု လျှောက် ပြန်
၁၀ လျှင်၊- တဖန် ယေရှုက၊ သင်သည် ဣသရေလလူ
တို့တွင်ဓမ္မဆရာဖြစ်လျက်ပင်ဤအမှုအရာကိုမသိ
၁၁ သလော။- ငါအမှန်အကန် ဆိုသည်ကား၊ ငါတို့
သည် ကိုယ်သိသောအရာကိုပြော၏၊ ကိုယ်မြင်
သောအရာကိုသက်သေခံ၏။ သို့သော်လည်းငါ
တို့၏ သက်သေခံချက်ကို သင်တို့သည် မခံမယူ
၁၂ ကြ။- မြေကြီးအရာကိုငါပြော၍သင်တို့သည်မယုံ
လျှင်၊ ကောင်းကင် အရာကို ငါပြောသောအခါ
၁၃ အဘယ်သို့ ယုံကြလိမ့်မည်နည်း။- ကောင်းကင်
ဘုံက ဆင်းသက်၍ ကောင်းကင်ဘုံ၌ ရှိနေသော
လူသားမှတပါး အဘယ်သူမျှ ကောင်းကင်ဘုံသို့
၁၄ မတက်ပြီ။- မောရှေသည် တော၌မြွေကိုမြှောက်
ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကို
၁၅ ခံရမည်။-အကြောင်းမူကား၊ထိုသားတော်ကိုယုံ
ကြည်သော သူအပေါင်း တို့သည် ပျက်စီးခြင်းသို့
မရောက်၊ ထာဝရ အသက်ကို ရမည် အကြောင်း
၁၆ တည်း။- ဘုရားသခင်၏ သားတော်ကို ယုံကြည်
သော သူ အပေါင်း တို့ သည် ပျက် စီး ခြင်းသို့ မ
ရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှါ၊ ဘုရား
သခင်သည် မိမိ၌ တပါး တည်းသော သားတော်
ကိုစွန့်တော် မူသည်တိုင်အောင်လောကီသားတို့
၁၇ ကိုချစ်တော်မူ၏။-လောကီသားတို့အား အပြစ်စီ
ရင်ခြင်းငှါ၊ ဘုရား သခင် သည် သား တော်ကို ဤ
လောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လော
ကီသားတို့သည် ကိုယ်တော် အားဖြင့် ကယ်တင်
ခြင်းသို့ ရောက်မည် အကြောင်း စေလွှတ် တော်မူ
၁၈ ၏။- သားတော်ကိုယုံကြည်သောသူသည်အပြစ်
စီရင်ခြင်းကို မခံရ။ မယုံကြည် သော သူ မူကား၊
ဘုရား သခင်၌ တပါးတည်းသော သားတော်ကို
မယုံကြည်သောကြောင့် ယခုပင် အပြစ်စီရင်ခြင်း
၁၉ ကိုခံရ၏။- အပြစ် စီရင်ခြင်းကို ခံရကြောင်းကား၊
အလင်းသည် ဤ လောကသို့ဝင်၍၊ လူတို့သည်မ
ကောင်းသော အကျင့်ကိုကျင့်သောကြောင့်၊ အ
လင်းထက် မှောင်မိုက်ကို သာ၍နှစ်သက်ကြ၏။-
၂၀ ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူအပေါင်း
တို့သည် အလင်းကို မြင်ပျင်း၍ မိမိတို့အကျင့်၌အ
ပြစ်ပါသည်ကို မထင်ရှား စေခြင်းငှါ အလင်းသို့မ
၂၁ ချဉ်းကပ် ကြ။- သမ္မာ တရား ကို ကျင့် သော သူမူ
ကား၊ မိမိအကျင့် တို့သည် ဘုရား သခင်၏ အလို
တော်နှင့် ညီသည်ကို ထင်ရှားစေခြင်းငှါအလင်း
သို့ချဉ်းကပ်သည်ဟုဟောတော်မူ၏။

၂၂ ထို နောက်မှ ယေရှုသည် တပည့်တော် တို့နှင့်
အတူ ယုဒပြည်၏ကျေးလက်သို့ကြွတော်မူလျှင်၊
ထိုအရပ်၌တပည့်တော်တို့နှင့်တကွ နေတော်မူ၍
၂၃ ဗတ္တိဇံ ကို ပေးလေ၏။- ယောဟန် သည်လည်း၊
ရှာလိမ်မြို့ နှင့် အနီး အဲနုန် အရပ်၌ ရေ များသော
ကြောင့် ဗတ္တိဇံ ကို ပေး၍ နေသဖြင့်၊ လူ များတို့
၂၄ သည်လာ၍ ဗတ္တိဇံကိုခံကြ၏။- ယောဟန်သည်
ထောင်ထဲသို့မရောက်သေး။

၂၅ ထိုအခါယောဟန်၏တပည့်တို့သည်စင်ကြယ်
ခြင်းကို အကြောင်းပြု၍ ယုဒလူနှင့် ဆွေးနွေးငြင်း
၂၆ ခုံခြင်းရှိကြသဖြင့်၊-ယောဟန်ထံသို့လာ၍၊အရှင်
ဘုရား၊ ယော်ဒန်မြစ်တဘက်၌ ကိုယ်တော်နှင့်တ
ကွရှိ၍၊ ကိုယ်တော်သက်သေပေးတော်မူသောသူသည်
ဗတ္တိဇံ ကို ပေးလျက် နေ၏။ ထိုသူ ထံ သို့ လူ အ
ပေါင်း တို့ သည် ရောက် ကြပါ၏ ဟု လျှောက်
၂၇ လျှင်၊-ယောဟန်က၊ကောင်းကင်ဘုံမှပေးတော်
မမူလျှင်လူသည် အဘယ်အရာကိုမျှမခံနိုင်ရာ။ ငါ
၂၈ သည် ခရစ်တော် မဟုတ်။- ခရစ်တော် ရှေ့၌စေ
လွှတ်သောသူဖြစ်သည်ဟု ငါဆိုသည်ကိုသင်တို့

၃း၂၂၊ ၂၃၊ ၂၆။

ဗတ္တိဇံ၏ ပုဒ်နက်သည် နှစ်ခြင်း ဖြစ်၏။

၂၉ သည် ငါ၏သက်သေဖြစ်ကြ၏။- မင်္ဂလာဆောင်
သတို့သမီးကိုရသောသူသည်မင်္ဂလာဆောင် လု
လင်ဖြစ်၏။ မင်္ဂလာ ဆောင် လုလင်၏ အနားမှာ
နေ၍သူ၏ စကားကိုကြားရသော အဆွေခင်ပွန်း
သည် ထို စကား သံကို ကြားသောအားဖြင့် ဝမ်း
မြောက်ခြင်းရှိ၏။ ထိုနည်းတူ ငါ၏ ဝမ်း မြောက်
၃၀ ခြင်း ပြည့်စုံ၏။- ထို သခင် သည် တိုးပွါးခြင်းရှိရ
၃၁ မည်။ငါမူကားဆုတ်ယုတ်ခြင်းရှိရမည်။- အထက်
မှလာသောသူသည် အလုံးစုံတို့၏အထွဋ်ဖြစ်၏။
မြေကြီးမှ ဖြစ်သောသူသည် မြေကြီးနှင့်စပ်ဆိုင်၍
မြေကြီးအရာကို ပြောတတ်၏၊ ကောင်းကင်ဘုံမှ
ကြွလာသော သူသည် အလုံးစုံ တို့၏ အထွဋ်ဖြစ်
၃၂ တော်မူ၏။-မြင်သမျှကြားသမျှတို့ကိုလည်းသက်
သေခံတော်မူ၏။ ထိုသက်သေခံချက်ကို အဘယ်
၃၃ သူမျှ မခံမယူ။- သက်သေ ခံတော် မူချက် ကိုခံယူ
သော သူ သည်ကား၊ ဘုရား သခင်သည် သစ္စာ
၃၄ စောင့်တော်မူသည်ဟုတံဆိပ်ခတ်၏။- ဘုရားသ
ခင်စေလွှတ်တော် မူသောသူသည် ဘုရား သခင်
၏စကားတော်ကိုပြောဆိုတတ်၏။ထိုသူအားဘု
ရားသခင်သည် ဝိညာဉ်တော်ကို အတိုင်းအရှည်
၃၅ မရှိဘဲ ပေးတော်မူ၏။- ခမည်းတော်သည် သား
တော်ကိုချစ်တော်မူ၍၊ခပ်သိမ်းသောအရာတို့ကို
၃၆ သားတော် လက်သို့ အပ် ပေး တော် မူပြီ။- သား
တော်ကိုယုံကြည်သောသူသည် ထာဝရအသက်
ကိုရ၏။ သားတော်ကို ပယ် သောသူ မူကား အ
သက်ကို မတွေ့ရ၊ ထိုသူ၏အပေါ်၌ ဘုရားသခင်
၏ အမျက် တော် တည် နေ သည် ဟု ယော ဟန်
ဟောလေ၏။

## ၄

၁ ယေရှုသည် ကိုယ်တိုင်ဗတ္တိဇံ*ကို ပေးတော်မ
၂ မူ။-တပည့်တော်တို့သာလျှင်ပေးကြသော်လည်း၊
ယေရှုသည် ယောဟန်ထက်သာ၍ များသောသူ
တို့ ကို တ ပည့် တော် ဖြစ် စေ ၍ *ဗတ္တိဇံ၊ ကို ပေး
ကြောင်းကို ဖာရိရှဲ တို့သည် ကြား ပြီဟု သခင်ဘု
၃ ရား သိတော် မူသော အခါ၊- ယုဒ ပြည်မှ ထွက်
သွား၍ ဂါလိလဲ ပြည် သို့ တဖန် ကြွ တော် မူစဉ်
၄ ကွင်၊- ရှမာရိ ပြည်အလယ်၌ ရှောက်သွားရ၏။-
၅ ယာကုပ်သည်မိမိသားယောသပ်အားပေးသော
မြေ အ ကွက် နှင့် အနီး၊ရှမာရိနယ်၊ ရှုခါအမည်ရှိ
၆ သော မြို့သို့ ရောက် တော် မူ၏။- ထိုအရပ်၌ ယာ
ကုပ်၏ ရေတွင်းရှိ၏။ ယေရှုသည် ခရီးသွား၍ပင်
ပန်းသော ကြောင့် ရေတွင်း နားမှာ ထိုင် တော်မူ
၏။ထိုအချိန်သည်ခြောက်နာရီအချိန်ဖြစ်၏။
၇ ရှမာရိ မိန်းမ တယောက်သည် ရေခပ်ခြင်းငှါ
လာ၍၊ ယေရှုက၊ ငါသောက်ဘို့ ရေပေးပါဟု သို
၈ မိန်းမအားမိန့်တော်မူ၏။- အကြောင်းမူကား၊တ
ပည့်တော်တို့သည်စားဘို့ရာကိုဝယ်ခြင်းငှါမြို့ထဲသို့
၉ သွားကြသည် အခိုက်ဖြစ်သတည်း။- ထိုမိန်းမက
လည်း၊သင်သည်ယုဒလူဖြစ်လျက်ပင်၊ရှမာရိမိန်း
မဖြစ်သောအကျွန်ုပ်ကိုအဘယ်ကြောင့်သောက်
ဘို့တောင်းသနည်းဟုဆို၏၊ဆိုသည်အကြောင်း
ကား၊ ယုဒ လူတို့ သည် ရှမာရိ လူ တို့ နှင့် ပေါင်း
၁၀ ဘော် ခြင်း မရှိ။- ယေရှု က လည်း၊ ဘုရား သခင့်
ကျေးဇူး တော်ကို၎င်း၊ ငါသောက်ဘို့ ရေပေးပါ
ဟုဆိုသော သူကား အဘယ်သူ ဖြစ်သည်ကို၎င်း
သင်သည် သိလျှင် ထိုသူကို တောင်းလိမ့်မည်။ထို
သူသည်လည်းအသက်ရေကိုပေးလိမ့်မည်ဟုပြန်
၁၁ ၍မိန့်တော်မူသော်၊-မိန်းမက၊သခင်၌ရေခပ်စရာ
မရှိ ရေတွင်းလည်း နက်သည်ဖြစ်၍၊ အသက်ရေ
၁၂ ကိုအဘယ်သို့ရပါမည်နည်း။-ဤရေတွင်းကိုငါတို့
အဘ ယာကုပ်သည် ငါတို့အားပေး၏။ သူကိုယ်
တိုင်မှစ၍ သားသမီး၊ တိရစ္ဆာန်များ တို့သည်ဤ
တွင်း ရေ ကို သောက် ကြပြီ။ သခင် သည် ထိုသူ
၁၃ ထက် ကြီး မြတ် သ လော ဟု ဆို ၏။- ယေ ရှု က
လည်း၊ ဤရေကို သောက်သောသူသည် နောက်
၁၄ တ ဖန် ရေ ငတ် ဦး မည်။- ငါ ပေး သော ရေ ကို
သောက် သောသူ မူကား၊ ရေငတ်ခြင်းနှင့်အစဉ်
မပြတ်ကင်းလွတ်လိမ့်မည်။ငါပေးသောရေသည်
ထိုသူ၌ ထာဝရ အသက် ရှင် ခြင်း အလို့ငှါ ထွက်
၁၅ သော စမ်းရေဖြစ်လိမ့်မည်ဟုမိန့်တော်မူ၏။- မိန်း
မကလည်း၊သခင်၊အကျွန်ုပ်သည်ရေငတ်ခြင်းနှင့်
၎င်း၊ သည် ကို လာ၍ ရေ ခပ် ခြင်း နှင့် ၎င်း ကင်း
လွတ်မည်အကြောင်း ထိုရေကိုပေးပါဟု တောင်း
၁၆ လျှင်၊- ယေရှုက၊သွားလော့။ သင်၏သင်ကိုခေါ်
၁၇ ၍သည်ကို လာဦးလော့ဟုမိန့်တော်မူ၏။- မိန်းမ
ကလည်း၊ အကျွန်ုပ်၌ လင်မရှိဟု ဆိုလျှင်၊ ယေရှု
၁၈ က၊ လင် မရှိ ဟူ သော စကား သည် မှန် ၏။- အ
ကြောင်းမူကား၊ သင်၌လင်ငါးယောက် ရှိဘူးပြီ။
ယခု သင် နှင့် နေ သော သူ သည် သင် ၏ လင်မ
ဟုတ်။ ဤအရာ၌ သင် သည် မှန်သော စကားကို
ပြောပြီဟုမိန့်တော်မူ၏။
၁၉ ထိုမိန်းမကလည်း၊ သခင်၊ကိုယ်တော်သည်ပ
၂၀ ရောဖက် ဖြစ် သည် ကို အကျွန်ုပ် ရိပ်မိပါ၏။- အ

၄း၁၊ ၂။ ဗတ္တိဇံ၏ ပုဒ်နက်သည် နှစ်ခြင်း ဖြစ်၏။

ကျွန်ုပ်တို့ဘိုးဘေးများသည်ဤတောင်ပေါ်၌ကိုး
ကွယ်လေ့ရှိကြ၏။ ယေရုရှလင်မြို့၌သာ ကိုးကွယ်
ရမည်ဟုသင်တို့သည် ဆိုတတ်ကြ၏ဟုလျှောက်
၂၁ လျှင်၊- ယေရှုက၊ အချင်းမိန်းမ၊ ငါ့ စကားကိုယုံ
လော့။ ဤ တောင် သို့ မလာ၊ ယေရုရှလင် မြို့သို့မ
သွားဘဲ ခမည်းတော်ကို ကိုးကွယ် ရမည့် အချိန်
၂၂ ကာလ ရောက်ဆဲ ရှိ၏။- သင်တို့သည်ကိုယ်မသိ
သောအရာကို ကိုးကွယ်ကြ၏။ ငါတို့သည်ကိုယ်
သိသော အရာကို ကိုးကွယ် ကြ၏။ အကြောင်းမူ
ကား၊ ယုဒလူတို့၌ ကယ် တင် ခြင်း အကြောင်းရှိ
၂၃ ၏။- ကိုးကွယ် သောသူ မှန်သမျှတို့သည် ခမည်း
တော်ကို နံဝိညာဉ်နှင့်၎င်း၊ သစ္စာတရားနှင့်၎င်း၊
ကိုးကွယ် ရမည့် အချိန် ကာလသည် လာ၍ ယခု
ပင် ရောက်လျက်ရှိ၏၊ အကြောင်း မူကား၊ ထိုသို့
ကိုးကွယ်သောသူတို့ကို ခမည်းတော်သည်အလို
၂၄ ရှိတော် မူ၏။- ဘုရား သခင် သည် နံဝိညာဉ် ဖြစ်
တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သော သူတို့
သည်၊နံဝိညာဉ်နှင့်၎င်း၊သစ္စာနှင့်၎င်းကိုးကွယ်ရ
၂၅ မည်ဟု မိန့်တော် မူ၏၊- မိန်းမကလည်း၊ မေရှိကြွ
လာ တော် မူသည်ဟု အကျွန်ုပ် သိပါ၏။ ရောက်
တော် မူသောအခါ အကျွန်ုပ်တို့အား အလုံးစုံတို့
ကိုဘော်ပြတော်မူမည်ဟုလျှောက်ပြန်၏။မေရှိအ
၂၆ နက်ကား၊ ခရစ်တော်ဟု ဆိုလိုသတည်း။- ယေရှု
ကလည်း၊သင်နှင့်စကားပြောသောငါသည်မေရှိ
ပင်ဖြစ်သည်ဟုမိန့်တော်မူ၏။

၂၇ ထိုအခါ တပည့်တော်တို့သည်ရောက်လာ၍၊
ထိုမိန်းမနှင့် စကား ပြော တော် မူသည်ကို အံ့ဩ
ခြင်းရှိကြ၏၊သို့သော်လည်း၊ အဘယ်အလိုတော်
ရှိသနည်း၊ ထို မိန်းမ နှင့် အဘယ် ကြောင့် စကား
ပြောတော်မူသနည်းဟု အဘယ်သူမျှ မလျှောက်
၂၈ ကြ။-ထိုမိန်းမသည်လည်းရေအိုးကိုထားခဲ့၍မြို့ထဲ
၂၉ သို့သွားပြီးလျှင်၊- အကျွန်ုပ်ပြုဘူးသမျှသောအမှု
အရာတို့ကို ထုတ်ဘော် သောသူကိုလာ၍ကြည့်
ကြပါ။ ထိုသူသည် ခရစ်တော် မှန်လိမ့်မည် လော
၃၀ ဟု လူများတို့အား ပြောဆိုသော်၊- သူတို့သည်မြို့
၃၁ ထဲမှထွက်၍ အထံတော်သို့သွားကြ၏။- မရောက်
မီတွင် တပည့်တော်တို့က၊ အရှင်ဘုရား၊ အစာကို
သုံး ဆောင် တော် မူပါဟု တောင်းပန် ကြလျှင်၊-
၃၂ သင်တို့ မသိသော စားစရာသည် ငါ၌ ရှိသည်ဟု
၃၃ မိန့်တော်မူ၏။-ထိုကြောင့်တပည့်တော်တို့က၊ တ
စုံတယောက်သောသူသည် စားစရာကိုပို့ပြီလော
၃၄ ဟုအချင်းချင်းမေးမြန်းကြလျှင်၊- ယေရှုက၊ ငါ့ကို
စေလွှတ် တော် မူ သော သူ ၏ အ လို တော် ကို
ဆောင် ခြင်း၊ သူ၏ အမှု တော်ကို ပြီးစီးခြင်း အမှု
၃၅ သည် ငါ့စားစရာ ဖြစ်၏။-ယခုမှစ၍ လေးလလွန်
လျှင်၊ စပါးရိတ်ရာကာလဖြစ်လိမ့်မည် ဟုသင်တို့
ဆိုတတ် သည် မဟုတ် လော။ ငါဆို သည် ကား၊
စပါးရိတ်ခြင်းအလို့ငှါ လယ်ပြင်တို့သည် ယခုပင်
၃၆ ဝင်းဝင်းရှိသည်ကို မျှော်၍ကြည့်ကြလော့။- စပါး
ရိတ်သောသူသည် အခကိုခံရ၍ ထာဝရအသက်
ရှင်ခြင်း အလို့ငှါ အသီးအနှံကို စုသိမ်း၏။ သို့ဖြစ်
လျှင် မျိုးကြဲသော သူနှင့် စပါး ရိတ် သော သူတို့
၃၇ သည်အတူ ဝမ်းမြောက်ကြလိမ့်မည်။- တဦးကား
မျိုးကြဲ၏။တဦးကားစပါးရိတ်၏ ဟူသောစကား
၃၈ သည် ဤအရာ၌အမှန်ကျသတည်း။-သင်တို့သည်
လယ် မလုပ်သော အရပ်၌ စပါး ရိတ်စေခြင်းငှါ
သင် တို့ကို ငါ စေ လွှတ် ၏၊ အ ခြားသော သူတို့
သည်လယ်လုပ်ကြ၍၊ သင်တို့သည်ထိုသူတို့၏ အ
လုပ်ထဲသို့ ဝင်ရကြ၏ဟုမိန့်တော်မူ၏။

၃၉ ရှမာရိမိန်းမက၊အကျွန်ုပ်ပြုဘူးသမျှသောအမှု
အရာတို့ကို သူသည်ထုဘ်ဘော်ပြီဟုသက်သေခံ
သောစကားကြောင့်၊ ထိုမြို့၌ နေသော ရှမာရိလူ
၄၀ အများ တို့ သည် ယေရှု ကို ယုံ ကြည် ကြ၏။- ထို
ကြောင့်၊ရှမာရိလူတို့သည်အထံတော်သို့ရောက်
လျှင်၊ မိမိတို့ အရပ်၌ နေတော် မူမည် အကြောင်း
တောင်းပန်ကြ၏။ ထိုအရပ်၌ နှစ်ရက် နေတော်မူ
၄၁ ၏။-အခြားသောသူအများတို့ သည် နှုတ်ကပတ်
၄၂ စကားတော်ကြောင့်ယုံကြည်၍၊- ထိုမိန်းမအား၊
ယခုဖြစ်လျှင် ငါတို့ သည် သင်၏ စကား ကြောင့်
သာယုံကြည်သည်မဟုတ်။စကားတော်ကို ကိုယ်
တိုင်ကြားနာရ၍၊ဤသူသည် လောကီသားတို့ကို
ကယ် တင် တော် မူသော သခင် တည်း ဟူသော
ခရစ်တော်အမှန်စင်စစ်ဖြစ်တော်မူကြောင်းကိုသိ
သည်ဟုဆိုကြ၏။

၄၃ နှစ်ရက် လွန်ပြီးလျှင်၊ ထိုအရပ်မှထွက်၍နာဇ
ရက်မြို့ကို ရှောင်လျက်၊ ဂါလိလဲပြည်သို့ကြွတော်
၄၄ မူ၏။- အကြောင်းမူကား၊ ပရောဖက်သည်မိမိနေ
ရင်းပြည်၌ အသရေမရှိဟု ယေရှုသည် ကိုယ်တိုင်
၄၅ သက်သေ ခံတော်မူ၏။- ဂါလိလဲပြည်သို့ ရောက်
တော် မူသော အခါ၊ ဂါလိလဲ လူတို့သည် ကိုယ်
တော်ကို လက်ခံကြ၏။ အကြောင်းမူကား၊ထိုသူ
တို့သည် ယေရုရှလင်မြို့၌ ခံသောပွဲသို့သွားတတ်
သဖြင့်၊ထိုပွဲအတွင်းတွင် ပြုတော်မူသမျှတို့ကိုမြင်
ခဲ့ကြ၏။

၄၆ ရေကို စပျစ်ရည်ဖြစ်စေသောအရပ်၊ ဂါလိလဲ
ပြည် ကာန မြို့ သို့ တဖန် ကြွ တော် မူ၏။ ကပေရ
နောင်မြို့၌အမတ်တယောက်၏သားသည် အနာ
၄၇ ရောဂါစွဲလျက်ရှိ၏။- ယေရှုသည်ယုဒပြည်မှဂါလိ
လဲပြည်သို့ ရောက် တော် မူ သည်ကို ထို အ မတ်
သည်ကြားလျှင်၊အထံတော်သို့သွား၍ သေခါနီး
ဖြစ် သော မိမိ သား ဆီသို့ကြွ၍ အနာ ရောဂါကို
ငြိမ်းစေတော် မူမည်အကြောင်း တောင်းပန်လေ
၄၈ ၏။- ယေရှုကလည်း၊ သင်တို့သည် နိမိတ် လက္ခ
ဏာနှင့် အံ့ဘွယ်သော အမှုတို့ကို မမြင်ရလျှင်ယုံ
၄၉ ခြင်းမရှိကြဟုမိန့်တော်မူသော်၊-သခင်၊အကျွန်ုပ်
သားမသေမှီကြွတော်မူပါဟုအမတ်လျှောက်ပြန်
၅၀ ၏။- ယေရှုကလည်း၊ သွားလော့။ သင်၏ သား
သည် အသက် ချမ်းသာ ရပြီဟု မိန့်တော်မူ၏။ထို
အမတ်သည် ယေရှုမိန့်တော်မူသောစကားကိုယုံ
၅၁ ၍သွားလေ၏။- လမ်း၌သွားစဉ်တွင်မိမိငယ်သား
တို့သည် ခရီးဦးကြိုလာ၍၊ ကိုယ် တော်၏ သား
သည် အသက် ချမ်းသာ ရပါပြီဟု ကြားလျှောက်
၅၂ ကြ၏။-အဘယ်အချိန်၌သက်သာခြင်းသို့ရောက်
သနည်းဟု မေးလျှင်၊ မနေ့ခုနစ်နာရီအချိန်၌ဖျား
၅၃ နာပျောက်ပါသည်ဟုလျှောက်ကြ၏။- ထိုအချိန်
ကား၊သင်၏သားသည် အသက်ချမ်းသာရပြီဟု
ယေရှု မိန့်တော်မူသော အချိန်ဖြစ်သည်ကို အဘ
သိ၍၊ကိုယ်တိုင်မှစသော မိမိအိမ်သူအိမ်သားအ
၅၄ ပေါင်းတို့သည် ယုံကြည်ခြင်းသို့ရောက်ကြ၏။-ဤ
နိမိတ် လက္ခ ဏာ တော် ကား၊ ယေရှု သည် ယုဒ
ပြည်မှ ဂါလိလဲပြည်သို့ကြွသည်နောက်၊ ပြတော်
မူသောဒုတိယနိမိတ်လက္ခဏာဖြစ်သတည်း။

## ၅

၁ ထိုနောက်မှယုဒပွဲခံစဉ်တွင်၊ယေရှုသည် ယေ
၂ ရုရှလင်မြို့သို့ ကြွတော်မူ၏။- ယေရုရှလင်မြို့၌ သိုး
တံခါးနားမှာ ဟေဗြဲဘာသာ စကားအားဖြင့်ဗေ
သေသဒ အမည်ရှိသော ရေကန်ရှိ၏။ထိုရေကန်
၃ သည် ကနားပြင် ငါးဆောင်နှင့်ပြည့်စုံ၏။- ထိုက
နားပြင် တို့၌ မျက်စိ ကန်း၊ ခြေ မစွမ်း၊ ကိုယ် ပိန်
ခြောက်သောသူတို့မှစ၍ အနာရောဂါစွဲသောသူ
များ အပေါင်း တို့သည် ရေလှုပ်ရှားခြင်းကို မြော်
၄ လင့်၍နေကြ၏။- အကြောင်းမူကား၊ အချိန်တန်
လျှင် ကောင်း ကင် တမန် သည် ရေကန်သို့ ဆင်း
သက်၍ရေကိုလှုပ်ရှားတတ်၏။ထိုသို့ရေလှုပ်ရှား
သည်နောက်၊ ရှေဦးစွာဝင်သောသူသည် မိမိ၌စွဲ
သမျှ သော အနာ ရောဂါ နှင့် ကင်းလွတ် ခြင်းသို့
ရောက်တတ်၏။

၅ ထို အခါ သုံး ဆယ် ရှစ်နှစ် ပတ်လုံး ရောဂါစွဲ
သော သူတယောက်သည် ရေကန်နားမှာ ရှိ၏။-
၆ ထိုသူသည် တုံးလုံးနေသည်ကို ယေရှုမြင်တော်မူ
၍ကြာလှပြီဟု သိတော် မူလျှင်၊ သင်သည် ကျန်း
မာခြင်းသို့ရောက်လိုသလောဟု မေးတော်မူ၏။-
၇ နာသော သူကလည်း၊ သခင်၊ ရေလှုပ်ရှားသော
အခါရေကန်ထဲသို့ အကျွန်ုပ်ကိုသွင်းထားမည့်သူ
မရှိပါ။ အကျွန်ုပ် သွားစဉ် တွင် အခြား သောသူ
သ ည် အ ကျွန်ုပ် ရှေ့ မှာ ဝင် တတ် ပါ သ ည် ဟု
၈ လျှောက်၏။-ယေရှုကလည်းထလော့။ကိုယ်အိပ်
ရာကို ဆောင်၍ လှမ်း သွား လော့ ဟု မိန့်တော်မူ
၉ သည်၊-ခဏခြင်းတွင်ထိုသူသည်ပကတိအဖြစ်သို့
ရောက်၍၊ မိမိအိပ်ရာကိုဆောင်လျက် လှမ်းသွား
၏။

၁၀ ထိုနေ့သည် ဥပုသ်နေ့ ဖြစ်၏။ ထိုကြောင့် ယုဒ
လူတို့က၊ ဥပုသ်နေ့ ဖြစ် ၏။ အိပ် ရာ ကို မဆောင်
၁၁ အပ်ဟု ရောဂါ ကင်းသော သူအား ဆိုကြ၏။-သူ
ကလည်း၊ အကျွန်ုပ်ကို ကျန်း မာစေသော သူက၊
ကိုယ် အိပ် ရာကို ဆောင်၍ လှမ်း သွား လော့ ဆို
၁၂ သည်ဟု ပြန်ပြော၏။- ယုဒလူတို့ကလည်း၊ ကိုယ်
အိပ်ရာကိုဆောင်၍လှမ်းသွားလော့ဟုသင့်အား
ဆိုသောသူကားအဘယ်သူနည်းဟု မေးမြန်းကြ
၁၃ ၏။- ထိုသူကား အဘယ်သူ ဖြစ်သည်ကို ရောဂါ
ကင်းသော သူသည်မသိ။ အကြောင်းမူကား၊ ထို
အရပ်၌ လူစုဝေးလျက်ရှိသည်ဖြစ်၍၊ ယေရှုသည်
မထင်မရှားထွက်ကြွတော်မူ၏။

၁၄ ထိုနောက်မှ ယေရှုသည် ဗိမာန်တော်၌ ထိုသူ
ကိုတွေ့တော်မူလျှင် သင်သည်ကျန်းမာခြင်းရှိ၏။
သာ၍ ဆိုး သော ဘေး နှင့် ကင်း လွတ် မည် အ
ကြောင်း နောက် တဖန် ဒုစရိုက်ကို မပြု နှင့် ဟုမိန့်
၁၅ တော်မူ၏။- ထိုသူသည်သွား၍မိမိကိုကျန်းမာစေ
သောသူသည် ယေရှုဖြစ်သည်ကို ယုဒလူတို့အား
၁၆ ကြားပြောလေ၏။-ထိုအမှုကိုဥပုသ်နေ့၌ပြုတော်
မူသောကြောင့်၊ယုဒလူတို့သည်ယေရှုကိုညှဉ်းဆဲ
၁၇ ကြ၏။- ယေရှုကလည်း၊ ငါ့ခမည်းတော်သည်ယ
ခုတိုင်အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍၊ ငါ
၁၈ သည် လည်း လုပ်၏ ဟု ပြန်ပြော တော်မူ၏။- သို့
ဖြစ်၍ ဥပုသ်နေ့ကို ဖျက်သည်သာ မက၊ ဘုရားသ
ခင်ကို မိမိအဘဟု ခေါ်၍ မိမိကို ဘုရား သခင်နှင့်

ငြိမ်နှိုင်းတော်မူသောကြောင့်၊ ယုဒလူတို့သည်
ကိုယ်တော်ကိုသတ်ခြင်းငှါသာ၍ရှာကြံကြ၏။
၁၉ ယေရှုကလည်း၊ သင်တို့အား ငါအမှန်အကန်
ဆိုသည်ကား၊ ခမည်းတော် ပြုတော်မူသောအမှု
ကိုသားတော်သည် မြင်၍သာပြု၏။ မိမိအလိုအ
လျောက် အဘယ်အမှုကိုမျှ မပြုနိုင်၊ ခမည်းတော်
ပြုတော် မူသမျှ အတိုင်း သားတော်လည်း ပြု၏။–
၂၀ ခမည်းတော်သည် သားတော်ကို ချစ်တော်မူ၍ပြု
တော်မူသမျှတို့ကို သားတော်အား ပြတော်မူ၏။
သင်တို့ သည် အံ့ဩ ဘွယ် ရှိစေခြင်းငှါ ဤမျှမက
သာ၍ ကြီးစွာသော အမှုအရာတို့ကို သားတော်
၂၁ အားပြတော်မူလိမ့်မည်။– ခမည်းတော်သည်သေ
လွန်သော သူတို့ကို ထမြောက် ရှင်ပြန်စေတော်မူ
သကဲ့သို့၊ ထိုနည်းတူ သားတော် သည် လည်းအ
၂၂ လိုရှိသမျှသော သူတို့ကို ရှင်စေ၏။– လူအပေါင်း
တို့သည် ခမည်း တော်ကို ရိုသေ သည် နည်းတူ၊–
၂၃ သားတော်ကို ရိုသေစေမည် အကြောင်း၊ ခမည်း
တော်သည်အဘယ်သူကိုမျှတရားစီရင်တော်မမူ။
တရားစီရင်ခြင်း အခွင့်ရှိသမျှကို သားတော်အား
အပ်ပေးတော်မူ၏။ သားတော်ကို မရိုသေသော
သူသည်ကား၊ သား တော် ကို စေလွှတ် တော်မူ
သော ခမည်းတော်ကို မရိုသေ သောသူ ဖြစ်၏။–
၂၄ ငါအမှန် အကန် ဆိုသည်ကား၊ ငါ့စကားကို နား
ထောင်၍ ငါ့ကို စေလွှတ်တော် မူသော သူကိုယုံ
ကြည်သော သူသည် ထာဝရ အသက်ကိုရသည်
ဖြစ်၍အပြစ်စီရင်ခြင်းကိုမခံရ၊ သေခြင်းမှအသက်
ရှင်ခြင်းသို့ကူးမြောက်သောသူဖြစ်၏။
၂၅ ငါအမှန်အကန်ဆိုသည်ကား၊ သေလွန်သော
သူတို့သည် ဘုရားသခင်သားတော်၏ စကားသံ
ကိုကြား၍၊ ကြား သော အား ဖြင့် အသက်ရှင်ရ
မည့် အချိန် ကာလ သည် လာ၍ ယခုပင် ရောက်
၂၆ လျက် ရှိ၏။– အကြောင်း မူကား၊ ခမည်း တော်
သည် ကိုယ်၌ အသက် ရှိတော် မူသည် နည်းတူ၊
သားတော်သည်မိမိ၌အသက်ရှိရသောအခွင့်ကို
၂၇ ပေး တော် မူ၏။– သား တော်သည် လူသားဖြစ်
သောကြောင့်တရားစီရင်ခြင်းအခွင့်ကိုလည်းအပ်
၂၈ ပေးတော်မူ၏။–ဤအမှုအရာကို အံ့ဩခြင်းမရှိကြ
နှင့်။သင်္ချိုင်းများမှာရှိသောသူ အပေါင်းတို့သည်
၂၉ သားတော်၏ စကားသံကိုကြား၍၊– ထွက်ရမည့်
အချိန် ကာလ ရောက် လတံ့။ ကောင်း သော အ
ကျင့်ကို ကျင့်သော သူတို့သည် အသက်ရှင်ရာထ
မြောက် ခြင်း သို့ဝင်း၊ ဆိုးယုတ်သော အကျင့်ကို
ကျင့်သော သူတို့သည် အပြစ်စီရင်ရာ ထမြောက်
၃၀ ခြင်းသို့ဝင်းထွက်ရကြလတံ့။–ငါသည်ကိုယ်အလို
အလျောက် အဘယ် အမှု ကိုမျှ မပြုနိုင်။ ငါသည်
ကြားသည့် အတိုင်း တရား စီရင်၏၊ ငါ စီရင်ခြင်း
သည် လည်း တ ရား တော် နှင့် ညီ ညွတ် ၏။ အ
ကြောင်းမူကား၊ ငါသည် ကိုယ်အလိုသို့မလိုက်၊
ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်၏အလို
သို့လိုက်၏။
၃၁ ငါသည်ကိုယ်အကြောင်းကို သက်သေခံလျှင်
၃၂ ငါ့သက်သေမတည်။– ငါ၏အကြောင်းကို သက်
သေ ခံသော သူတပါး ရှိသေး၏။ ထိုသူ၏ သက်
၃၃ သေ တည် ကြောင်း ကို ငါသိ၏။– သင်တို့ သည်
ယောဟန်ထံသို့စေလွှတ်ကြ၏။သူသည်သမ္မာတ
၃၄ ရား ဘက်၌ သက်သေ ခံ၏။– သို့သော်လည်း လူ
ပေးသောသက်သေကိုငါသည်ပမာဏမပြု။သင်
တို့သည်ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း
၃၅ ဤစကားကိုငါပြော၏။–ယောဟန်သည်ညှိထွန်း
၍လင်းသော ဆီမီးဖြစ်၏။ သင်တို့သည် သူ၏အ
လင်း၌ ခဏသာ မွေ့လျော်ခြင်းငှါ အလိုရှိကြ၏။–
၃၆ ယောဟန် ၏ သက် သေ ထက် သာ၍ ကြီးသော
သက်သေသည်ငါ၌ရှိ၏။ အကြင်အမှုတို့ကိုငါပြီး
စီးစေခြင်းငှါ ခမည်း တော်သည် ငါ့လက်သို့အပ်
ပေးတော်မူ၍၊ ငါပြုသော ထိုအမှုတို့သည်လည်း
ငါ့ဘက်၌နေ၍၊ ခမည်းတော်သည်ငါ့ကိုစေလွှတ်
တော် မူသည် အကြောင်းကို သက်သေခံကြ၏။–
၃၇ ခမည်း တော် သည်လည်း ငါ့ဘက်၌ သက်သေခံ
တော်မူ၏။ခမည်းတော်၏စကားသံတော်ကိုသင်
၃၈ တို့သည်မကြား၊သဏ္ဌာန်တော်ကိုမမြင်၊–နှုတ်က
ပတ် တော် သည် လည်း သင် တို့ ၌ မ တ ည်။ အ
ကြောင်းမူကား၊ စေလွှတ်တော်မူသောသူကိုသင်
တို့သည် မယုံကြည်ဘဲနေကြ၏။
၃၉ ကျမ်းစာ အားဖြင့် ထာဝရ အသက်ကို ရမည်
ဟုစိတ်ထင်နှင့် သင်တို့သည် ကျမ်း စာကို စေ့စေ့
ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်
၄၀ ၏။– သင်တို့သည် အသက်ကို ရအောင် ငါ့ထံသို့
၄၁ လာခြင်းငှါ အလို မရှိကြ၊– လူပေးသော ဘုန်းအ
၄၂ သရေကိုငါမခံ။– သို့သော်လည်း ဘုရား သခင်ကို
ချစ်ခြင်း မေတ္တာသည် သင်တို့၌မရှိသည်ကိုငါသိ
၄၃ ၏။–ငါသည်ခမည်းတော်၏အခွင့်နှင့်ရောက်လာ
သော် လည်း သင်တို့သည် ငါ့ကို လက်မခံကြ။အ
ခြားသောသူသည် မိမိအခွင့်နှင့် ရောက်လာလျှင်
၄၄ ထိုသူကို လက်ခံ ကြ လိမ့် မည်။– အချင်းချင်း ပေး

သော ဘုန်း အ သ ရေ ကို သာခံ၍၊ ဘုရားသခင်
သာ လျှင် ပေးတော် မူတတ် သော ဘုန်းအသရေ
ကို အလို မရှိသော သင်တို့ သည် အဘယ် သို့ ယုံ
၄၅ ကြည် နိုင်မည်နည်း။- ခမည်းတော်ရှေ့၌ ငါသည်
သင်တို့ကိုအပြစ်တင်မည်ဟုမထင်ကြနှင့်။သင်တို့
ကို အပြစ် တင်သော သူ တပါး ရှိသေး ၏။ ထိုသူ
ကား သင်တို့ကိုးစား သော မောရှေ ပေတည်း။-
၄၆ သင် တို့သည် မော ရှေ ၏ စကားကိုယုံလျှင် ငါ့စ
ကားကို မယုံဘဲ မနေနိုင်ကြ။ အကြောင်း မူကား၊
၄၇ မောရှေ သည် ငါ့အကြောင်းကိုရေးထား၏။- သူ
ရေး ထား သော စာကို သင် တို့ သည် မယုံလျှင်၊
ငါ့စကားကို အဘယ်သို့ ယုံနိုင်မည် နည်းဟု ယုဒ
လူတို့အားမိန့်တော်မူ၏။

၆

၁ ထိုနောက်မှယေရှုသည် တိဗေရိအိုင်တည်းဟူ
၂ သောဂါလိလဲအိုင်ကို ကူးတော်မူ၏။- အနာရော
ဂါစွဲသော သူ တို့၌ ပြုတော် မူသော နိမိတ် လက္ခ
ဏာတို့ကိုလူအစုအဝေးအပေါင်းတို့သည်မြင်ကြ
၃ သဖြင့် နောက်တော်သို့လိုက်ကြ၏။- ယေရှုသည်
တောင်ပေါ်သို့တက်ကြွ၍ တပည့်တော်တို့နှင့်အ
၄ တူထိုင်တော်မူ၏။-ထိုအခါယုဒလူတို့၏ပသခါပွဲ
ခံချိန်ရောက်လုနီးသတည်း။
၅ ယေရှုသည် မျှော်ကြည့်၍ လူ အစု အဝေး အ
ပေါင်းတို့သည် အထံတော် သို့ လာကြ သည်ကို
မြင်တော်မူလျှင်၊ဖိလိပ္ပုအား၊ဤသူတို့စားစရာမုန့်
ကို အဘယ်မှာဝယ်မည်နည်းဟု မေးတော်မူ၏။-
၆ ထိုသို့မေးတော်မူသော်၊ မိမိအဘယ်သို့ ပြုမည်ကို
သိတော်မူလျက်ပင် ဖိလိပ္ပုကို စုံစမ်းခြင်း ငှါသာ
၇ မေးတော်မူ၏။- ဖိလိပ္ပုက လည်း၊ ဤသူတို့သည်
မုန့်တဖဲ့စီစေ့ငအောင်ဒေနာရိအပြားနှစ်ရာအဘိုး
၈ ထိုက်သောမုန့်မလောက်ပါဟုလျှောက်၏။-ရှိမုန်
ပေတရု၏ညီ အန္ဒြေအမည်ရှိသော တပည့်တော်
၉ က၊-မုယောမုန့်ငါးလုံးနှင့်ငါးကလေး နှစ်ကောင်
ပါသော သူငယ် တယောက် ရှိပါ၏။ သို့သော်
လည်း၊ဤမျှလောက်များစွာသောလူတို့သည်ရှိကြ
သည်ဖြစ်၍၊ ထိုမုန့်နှင့် ငါး နှစ်ကောင်တို့ကို အ
၁၀ ဘယ်ပြောစရာရှိပါသနည်းဟုလျှောက်၏။- ယေ
ရှုကလည်း၊ လူများ တို့ကို လျောင်းကြ စေဟု မိန့်
တော်မူ၏။ ထိုအရပ်၌ မြက်ပင် ထူပြောလျက် ရှိ
သည်ဖြစ်၍၊ အရေအတွက်အားဖြင့်ငါးထောင်မျှ
၁၁ လောက်သောလူတို့သည် လျောင်းကြ၏။-ယေရှု
သည်မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှတ
ပည့်တော် တို့အား ဝေငှတော်မူ၍၊ တပည့်တော်
တို့သည်လျောင်းသောသူတို့အားဝေငှပြန်၏။ထို
နည်းတူငါးနှစ်ကောင်ကိုလူများလိုချင်သမျှဝေငှ
၁၂ ကြ၏။- ထိုသူ တို့သည် ဝကြ ပြီးမှ ကိုယ် တော်က၊
ဘာမျှ မပျောက်စေ ခြင်းငှါ ကျန်ကြွင်းသော အ
ကျိုးအပဲ့တို့ကို ကောက်သိမ်းကြလော့ဟု တပည့်
၁၃ တော်တို့အားမိန့်တော်မူသည်ဖြစ်၍၊- စားသော
သူတို့၌ ကျန်ကြွင်းသော မုယောမုန့် ငါးလုံး၏ အ
ကျိုး အ ပဲ့ တို့ ကို ကောက် သိမ်း ၍ တ ဆယ် နှစ်
၁၄ တောင်း အပြည့် ရကြ၏။- ထိုသို့ ယေရှုပြုတော်မူ
သော နိမိတ်လက္ခဏာကို ထိုလူများတို့သည်မြင်
လျှင်၊ ဤသူကား ဤ လောကသို့ကြွလာရသော ပ
၁၅ ရောဖက် အမှန် ဖြစ်သည် ဟု ဆိုကြ ၏။- ထိုသူတို့
သည် ကိုယ်တော်ကို ရှင်ဘုရင်အရာ၌ ချီးမြှောက်
ခြင်းငှါ လာ၍အနိုင်အထက်ပြုကြမည်အကြောင်း
ကိုယေရှုသည်သိတော်မူလျှင်၊ တောင်ပေါ်သို့တ
ယောက်တည်းကြွတော်မူပြန်၏။
၁၆ ညအချိန်ရောက်သောအခါ တပည့်တော်တို့
သည်အိုင်သို့သွား၍ လှေထဲသို့ဝင်ပြီးလျှင်၊ ကပေ
ရနောင် မြို့သို့ ရောက်အံ့ သောငှါ အိုင်ကို ကူးကြ
၁၇ ၏။-ထိုအခါမှောင်မိုက်ဖြစ်၍ ယေရှုသည် သူတို့ရှိ
၁၈ ရာသို့ မရောက် သေး။- လေပြင်း မုန်တိုင်း လာ၍
၁၉ လှိုင်း တံပိုး ထလေ၏။- ခ ရီး တ တိုင် ခွဲ နှစ်တိုင်
လောက် တက်ခတ်၍ရောက်သောအခါ၊ ယေရှု
သည် အိုင်ပေါ်မှာ စက်တော်ဖြန့်၍ လှေအနီးသို့
ချဉ်းတော် မူသည်ကို သူတို့သည် မြင်၍ ကြောက်
၂၀ လန့်ခြင်းရှိကြ၏။-ကိုယ်တော်ကသည်း၊ငါပင်ဖြစ်
သည်၊ မကြောက်လန့် ကြနှင့်ဟု မိန့်တော်မူလျှင်၊
လှေထဲသို့ ကိုယ်တော်ကို ဝမ်းမြောက်စွာခံယူကြ
၂၁ ၏။-လှေသည်လည်းရောက်လိုသောအရပ်သို့တ
ခဏခြင်းတွင်ဆိုက်လေ၏။
၂၂ အိုင် တဘက်၌ နေသော လူ အစု အဝေး တို့
၂၃ သည်ကား၊- အထက်ကသခင်ဘုရားသည်ကျေး
ဇူးတော်ကို ချီးမွမ်းပြီးမှ၊ လူများသည် မုန့်ကိုစား
ကြရာအရပ်နှင့် အနီး၊ တိဗေရိမြို့မှ အခြားသော
လှေ ငယ် များ လာ သော် လည်း၊ မနေ့၌ တပည့်
တော်တို့ဝင်သောလှေမှတပါးအဘယ်လှေမျှမရှိ
သည် ကိုရင်း၊ ယေရှု သည် ထိုလှေ ထဲသို့ တပည့်
တော်တို့နှင့်အတူ ဝင်တော်မမူဘဲလျက်၊ တပည့်
၂၄ တော်တို့ သာ သွားသည်ကိုရင်းမြင်ကြ၍၊-ထိုအ
ရပ်၌ယေရှုမှစသောတပည့်တော်တို့ မရှိသည်ကို
သိကြသဖြင့်၊ နက်ဖြန်နေ့၌ လှေစီး၍ ယေရှုကိုရှာ

၂၅ ခြင်းငှါ ကပေရနောင် မြို့သို့ သွားကြ၏။- ဒိုင်တ
ဘက်၌တွေ့လျှင်၊ အရှင်ဘုရား၊ အဘယ်သောအ
ခါ ဤ အရပ် သို့ ကြွ လာတော် မူသနည်း ဟု မေး
၂၆ လျှောက်ကြ၏။-ယေရှုကလည်း၊ ငါအမှန်အကန်
ဆိုသည်ကား၊ သင်တို့သည် နိမိတ် လက္ခဏာတို့
၂၇ ကိုမြင်သော ကြောင့် ငါ့ကိုရှာသည်မဟုတ်။- မုန့်
ကိုစား၍ ဝသော ကြောင့်သာ ရှာကြ၏။ ပျက်စီး
တတ်သောအစာကိုရခြင်းငှါမကြိုးစားကြနှင့်။လူ့
သားသည်သင်တို့အားပေး၍ထာဝရအသက်နှင့်
အမျှတည် တတ်သောအစာကိုရခြင်းငှါ ကြိုးစား
ကြလော့။ ထိုသားသည်ခမည်းတော်ဘုရား၏တံ
ဆိပ်ခတ်ခြင်းကို ခံသောသူဖြစ်သည်ဟု မိန့်တော်
မူ၏။
၂၈ ထိုသူတို့ကလည်း၊ ဘုရားသခင်၏အလိုတော်
နှင့်ညီသော အကျင့်ကိုကျင့်ခြင်းငှါ အဘယ်သို့ပြု
၂၉ ရပါမည်နည်း ဟု မေး လျှောက် ကြ၏။- ယေရှုက
လည်း၊ ဘုရားသခင်စေလွှတ်တော်မူသောသူကို
ယုံ ကြည် ခြင်း အကျင့် ကား၊ အလို တော်နှင့် ညီ
၃၀ သော အကျင့်တည်း ဟု မိန့်တော်မူ၏။- ထိုသူတို့
ကလည်း၊ အကျွန်ုပ်တို့သည်ကိုယ်မျက်စိနှင့်မြင်၍
ကိုယ်တော်ကို ယုံကြည်မည် အကြောင်းအဘယ်
နိမိတ်လက္ခဏာကိုပြတော်မူသနည်း။အဘယ်အ
၃၁ မှုကို ပြုတော်မူ သနည်း။- ကျမ်းစာ၌ လာသည်
ကား၊ ထိုသူတို့ စားစရာဘို့ ကောင်းကင်မှ မုန့်ကို
ပေးတော် မူသည်ဟု လာသည်နှင့် အညီ၊ ငါတို့
ဘိုးဘေးများသည်တော၌ မန္နကိုစားကြသည်ဟု
လျှောက်ကြ၏။
၃၂ ယေရှုက လည်း၊ ငါအမှန် အကန် ဆို သည်
ကား၊ မောရှေ သည် ကောင်းကင်မုန့်ကို သင်တို့
အားမပေး။ခမည်းတော်သည် မှန်သောကောင်း
၃၃ ကင်မုန့်ကိုသင်တို့အားပေးတော်မူ၏။- ဘုရားသ
ခင်၏ မုန့် မူကား၊ ကောင်း ကင် မှ ဆင်း သက် ၍
လောကီသားတို့အား အသက်ကို ပေးသော မုန့်
၃၄ ပေတည်းဟုမိန့်တော်မူလျှင်၊-သခင်၊ ထိုမုန့်ကိုအ
ကျွန်ုပ် တို့ အား အစဉ် မ ပြတ် ပေးတော် မူပါ ဟု
၃၅ လျှောက် ကြ ၏။- ယေရှုက လည်း၊ ငါသည် အ
သက် မုန့် ဖြစ် ၏။ ငါ့ ထံ သို့ လာသော သူသည်
နောက်တဖန်အဆာအမွတ်မခံရ၊ ငါ့ကိုယုံကြည်
၃၆ သောသူ သည် နောက် တဖန် ရေ ငတ် မခံရ။-သို့
သော်လည်းသင်တို့သည်ငါ့ကိုမြင်လျက်ပင် မယုံ
၃၇ ကြည် ကြဟု ငါ ဆိုခဲ့ ပြီ။- ခမည်းတော် သည် ငါ့
အား ပေးတော်မူသမျှသောသူတို့သည် ငါ့ထံသို့
လာ ကြ လိမ့် မည်။ ငါ့ထံသို့ လာ သော သူကို ငါ
၃၈ သည် အလျှင်း မပယ်။- အ ကြောင်း မူကား၊ ငါ
သည် ကိုယ်အလိုသို့ လိုက်ခြင်းငှါ ကောင်းကင်မှ
ဆင်းသက် သည် မဟုတ်။ငါ့ကို စေလွှတ် တော်မူ
သော သူ ၏ အ လို တော် သို့ လိုက်ခြင်းငှါ ဆင်း
၃၉ သက် ၏။- ငါ့ကို စေလွှတ် တော် မူသော ခမည်း
တော်၏ အလိုတော်ကား၊ ငါ့အားပေးသော သူ
တို့တွင်တစုံတယောက်ကိုမျှငါမပျောက်စေရဘဲ၊
နောက်ဆုံးသော နေ့၌ ထိုသူ အပေါင်း တို့ကို ထ
၄၀ မြောက်စေခြင်းငှါ ၎င်း၊- သားတော်ကို ကြည့်မြင်
၍ ယုံကြည် သော သူ ရှိသမျှ တို့သည် ထာဝရအ
သက်ကို ရစေ ခြင်းငှါ ၎င်း အလို တော် ရှိ၏။ ငါ
သည်လည်းနောက်ဆုံးသောနေ့၌ ထိုသူတို့ကိုထ
မြောက်စေမည်ဟုမိန့်တော်မူ၏။
၄၁ ငါသည် ကောင်းကင်မှ ဆင်းသက်သော မုန့်
၄၂ ဖြစ်၏ဟုမိန့်တော်မူသည်ကိုယုဒလူတို့က၊- ဤသူ
သည် ယောသပ်၏ သား ယေရှုဖြစ်သည် မဟုတ်
လော။ သူ၏မိဘကို ငါတို့သိသည်မဟုတ်လော။
ငါသည် ကောင်းကင်မှဆင်းသက်၏ဟု သူသည်
အဘယ်သို့ ဆိုရသနည်းဟု ကဲ့ရဲ့ပြစ်တင်လျက်ဆို
၄၃ ကြ၏။- ယေရှုကလည်း၊ ငါ့ကိုအချင်းချင်း ကဲ့ရဲ့၍
၄၄ အပြစ်မတင်ကြနှင့်။-ငါ့ကိုစေလွှတ်တော်မူသော
ခမည်းတော်သည်သွေးဆောင်တော်မမူလျှင်၊ အ
ဘယ် သူမျှ ငါ့ထံသို့ မလာ နိုင်။ လာသော သူကို
၄၅ နောက်ဆုံးသောနေ့၌ငါထမြောက်စေမည်။- အ
နာဂတ္တိကျမ်းစာ၌လာသည်ကား၊ ထိုသူအပေါင်း
တို့သည်ဘုရားသခင်ဆုံးမသွန်သင်တော်မူသော
သူဖြစ်ကြ လိမ့်မည်ဟု လာသည်နှင့်အညီ၊ ခမည်း
တော်ထံ၌ နားထောင်၍ နည်းခံသောသူမှန်သမျှ
၄၆ တို့သည် ငါ့ထံသို့လာကြ၏။- ထိုသို့ ငါဆိုသော်၊
ဘုရားသခင့်အထံတော်က ကြွလာသောသူမှတ
ပါး တစုံတယောက်သော သူသည် ခမည်းတော်
ကို မြင်ခဲ့ပြီဟုမဆိုလို။ ကြွလာသောသူမူကား၊ ခ
၄၇ မည်းတော်ကိုမြင်ခဲ့ပြီ။- ငါအမှန်အကန် ဆိုသည်
ကား၊ ငါ့ ကို ယုံ ကြည် သော သူ သည် ထာ ဝ ရ
၄၈ အသက် ကို ရ၏။- ငါသည် အသက်မုန့် ဖြစ်၏။-
၄၉ သင် တို့ ဘိုး ဘေး များ သည် တော ၌ မန္နကိုစား
၅၀ လျက် သေရ ကြ၏။- ကောင်းကင် မှ ဆင်းသက်
သောမုန့်ကိုစားသောသူသည် သေခြင်းနှင့်ကင်း
၅၁ လွတ် ၏။- ငါသည် ကောင်း ကင် မှ ဆင်း သက်
သော အသက်မုန့်ဖြစ်၏။ ဤမုန့်ကို စားသောသူ
မည်သည်ကား၊ အစဉ် မပြတ် အသက် ရှင်လိမ့်

မည်။ ငါပေးသောမုန့်ကား၊ လောကီသားတို့၏
အသက်အဘို့အလိုငှါစွန့်သော ငါ၏အသားပေ
တည်းဟုမိန့်တော်မူ၏။
၅၂ ထိုအခါယုဒလူတို့က၊ဤလူသည်မိမိအသားကို
ငါတို့ စားစရာဘို့ အဘယ်သို့ ပေးနိုင် သနည်းဟု
၅၃ အချင်းချင်းငြင်းခုံကြ၏။- ယေရှုကလည်း၊ ငါအ
မှန်အကန် ဆိုသည်ကား၊ လူသား၏ အသားကို
မစား၊ အသွေးကို မသောက်လျှင် သင်တို့၌ အ
၅၄ သက်မရှိ။- ငါ၏အသားကိုစား၍ ငါ၏ အသွေး
ကိုလည်းသောက်သောသူသည်ထာဝရအသက်
ကို ရ၏။ ထို သူကို နောက်ဆုံးသော နေ့၌ ငါ ထ
၅၅ မြောက် စေမည်။- ငါ၏ အသား သည် စားစရာ
ကောင်း ၏။ ငါ၏ အသွေး လည်း သောက် စရာ
၅၆ ကောင်း၏။- ငါ၏ အသား အသွေးကို သောက်
စားသောသူသည်ငါ၌တည်၏။ ထိုသူ၌လည်း ငါ
၅၇ တည်၏။-အသက်ရှင်တော်မူသော ခမည်းတော်
သည် ငါ့ကို စေလွှတ်တော် မူ၍၊ ငါသည် ခမည်း
တော်အားဖြင့် အသက် ရှင်သည် နည်းတူ၊ ငါ့ကို
စားသော သူသည် ငါ့အားဖြင့် အသက် ရှင်လိမ့်
၅၈ မည်။- ဤ မုန့် ကား၊ ကောင်း ကင်မှ ဆင်း သက်
သောမုန့်ဖြစ်၏။ သင်တို့ဘိုးဘေးများသည်မန္နကို
စားလျက် သေရ သကဲ့သို့ မဟုတ်။ ဤမုန့်ကို စား
သောသူသည်အစဉ်မပြတ် အသက်ရှင်လိမ့်မည်
၅၉ ဟု၊-ကပေရနောင်မြို့မှာတရားစရပ်၌ဩဝါဒပေး
စဉ်တွင်မိန့်တော်မူ၏။
၆၀ တပည့်တော် အများ တို့သည် ကြားလျှင်၊ ထို
စကားသည် အလွန်ခက်လှ၏။ အဘယ်သူ နားခံ
၆၁ နိုင်မည် နည်းဟု ဆိုကြ၏။-ထိုသို့တပည့်တော်တို့
ကဲ့ရဲ့ အပြစ် တင် သည် ကို ယေရှု သည် အ လို အ
လျောက်သိတော်မူလျှင်၊ဤတရားစကားကြောင့်
၆၂ သင်တို့ သည် စိတ် ပျက် ကြ သ လော။- လူသား
သည် အရင်နေရာ အရပ်သို့ တဖန်ကြွတက်သည်
ကိုမြင်ရလျှင် အဘယ်သို့ ထင်မှတ်ကြမည်နည်း။-
၆၃ ဝိညာဉ်သာလျှင်အသက်ရှင်စေ၏။ ကိုယ်ကာယ
သည် အလျှင်း မတတ်နိုင်။ ငါပြောသော စကား
၆၄ သည် ဝိညာဉ်ဖြစ်၏။ အသက် လည်း ဖြစ်၏။-သို့
သော်လည်းသင်တို့တွင်မယုံကြည်သောသူအချို့
၆၅ ရှိ၏။- ထိုကြောင့် ငါ၏ ခမည်းတော်သည် အခွင့်
ပေးတော် မမူလျှင်၊ အဘယ် သူမျှ ငါ့ထံသို့မလာ
နိုင်ဟုအထက်ကငါဆိုခဲ့ပြီဟု မိန့်တော်မူ၏။ထိုသို့
မိန့်တော်မူသည် အကြောင်း ဟူမူကား၊ အဘယ်
သူမယုံကြည်သည်ကိုရင်း၊အဘယ်သူသည်ကိုယ်
တော်ကိုအပ်နှံမည်ကိုရင်း၊ ယေရှုသည်အစအဦး
၌သိတော်မူ၏။
၆၆ ထိုအခါမှ စ၍ တပည့် တော် အများ တို့သည်
ကိုယ် တော်နှင့် မပေါင်း ဘော်ဘဲ ဆုတ် သွားကြ
၆၇ ၏။- ထိုကြောင့် ယေရှုသည် တကျိပ်နှစ်ပါးသော
သူတို့အား၊ သင်တို့ သည် လည်း ထွက် သွားခြင်း
၆၈ ငှါအလိုရှိကြသလောဟုမေးတော်မူလျှင်၊- ရှိမုန်
ပေတရုက၊ သခင်၊ အကျွန်ုပ်တို့သည် အဘယ်သူ
ထံသို့ သွားရ ပါမည် နည်း။ ထာဝရ အသက် နှင့်
ယှဉ်သောစကားသည်ကိုယ်တော်၌တည်ပါ၏။-
၆၉ ကိုယ် တော်သည် ခရစ် တော်တည်း ဟူသောအ
သက်ရှင်တော်မူသောဘုရားသခင်၏သားတော်
ဖြစ်တော်မူသည်ကို အကျွန်ုပ်တို့ ယုံကြည်သိမှတ်
၇၀ ကြပါသည်ဟုလျှောက်လေ၏။-ယေရှုကလည်း၊
တကျိပ် နှစ်ပါး သော သင်တို့ကို ငါ ရွေးကောက်
သည် မဟုတ်လော။ သို့သော်လည်း သင်တို့တွင်
၇၁ ရန်သူ တယောက်ပါသည်ဟု မိန့်တော်မူ၏။- ထို
သို့မိန့်တော်မူသော်၊ တကျိပ် နှစ်ပါး အဝင် ဖြစ်၍
ကိုယ် တော်ကို အပ်နှံမည့်သူ၊ ရှိမုန်၏သား ယုဒရှ
ကာရုတ်ကိုဆိုလိုသတည်း။

## ၇

၁ ထိုနောက်မှ ယေရှုသည် ဂါလိလဲပြည်၌လှည့်
လည် တော်မူ၏။ ယုဒ လူတို့သည် ကိုယ်တော်ကို
သတ်အံ့သောငှါ ရှာကြံသောကြောင့်၊ယုဒပြည်
၌လှည့်လည်ခြင်းငှါအလိုတော်မရှိ။
၂၊၃ ယုဒ လူ တို့၏ သကေနေ ပွဲခံခါနီး တွင်၊- ညီ
တော်တို့က၊ သင်ပြုသော အမှု တို့ကို တပည့်များ
တို့သည်မြင်စေခြင်းငှါဤအရပ်မှထွက်၍ယုဒပြည်
၄ သို့ကြွပါ။- ကျော်စော ကီတ္တိကို အလို ရှိသောသူ
မည် သည် ကား၊ မထင် ရှား သော အား ဖြင့် အ
ဘယ်အမှုကိုမျှ မပြုတတ်။ ဤအမှုတို့ကိုသင်သည်
ပြုလျှင်၊ ဤလောက၌ ကိုယ်ကို ထင် ရှား စွာ ပြပါ
၅ ဟု၊- မယုံကြည် သောကြောင့် ယေရှုအား ဆိုကြ
၆ ၏။-ယေရှုကလည်း၊ငါ့အချိန်မရောက်သေး။သင်
၇ တို့ဘို့ခပ်သိမ်းသောအချိန်သင့်လျက်ရှိ၏။-လော
ကီသားတို့သည်သင်တို့ကိုမမုန်းနိုင်၊ငါ့ကိုမုန်းကြ
၏။ အကြောင်းမူကား၊ ငါသည် သူတို့၏ အကျင့်
၈ ဆိုးညစ် ကြောင်းကိုသက်သေခံ၏။- ထိုပွဲသို့သင်
၉ တို့ သွား ကြ လော့။- ငါ မသွားသေး။ ငါ့အချိန်မ
ပြည့်စုံသေးဟု မိန့်တော် မူပြီးလျှင်၊ ဂါလိလဲ ပြည်
မှာနေတော်မူ၏။

၁၀ ညီတော်တို့သွားပြီးမှကိုယ်တော်သည်ထိုပွဲသို့
၁၁ မထင် မရှား ကြွတော်မူ၏။- ထိုပွဲ၌ယုဒလူတို့က၊
ယေရှုသည် အဘယ်မှာ ရှိသနည်းဟုမေးမြန်းရှာ
၁၂ ဖွေကြ၏။- လူအစုအဝေးတို့သည်ကိုယ်တော်ကို
အကြောင်းပြု၍ အုတ်အုတ်သဲသဲဖြစ်ကြ၏။ အချို့
တို့က၊ သူသည် သူတော် ကောင်း ဖြစ်သည် ဟူ၍
ငြင်း၊ အချို့ တို့က၊ သူတော် ကောင်း မဟုတ်၊ လူ
၁၃ များကို လှည့်ဖြား သည် ဟူ၍ ငြင်း ဆိုကြ၏။- သို့
သော်လည်း ယုဒလူတို့ကိုကြောက်သောကြောင့်
အဘယ်သူမျှ အတည့်အလင်းမပြောဝံ့ကြ။
၁၄ ထိုပွဲကိုခံစဉ်တွင်၊ ယေရှုသည် ဗိမာန်တော်သို့
၁၅ တက်၍ ဆုံးမ ဩဝါဒ ပေးတော်မူ၏၊- ယုဒလူတို့
သည် အံ့ဩ၍၊ ဤ သူသည် စာမသင်ဘဲလျက်အ
၁၆ ဘယ်သို့ တတ်ဘိသနည်းဟု ဆိုကြ၏။- ယေရှုက
လည်း၊ ငါဟောသောဒေသနာသည် ငါ၏ဒေသ
နာမဟုတ်။ ငါ့ကိုစေလွှတ်တော် မူသောသူ၏ဒေ
၁၇ သနာဖြစ်၏။-ထိုသူ၏ အလို တော် သို့ လိုက် ချင်
သောသူမည်သည်ကား၊ ဤဒေသနာသည်ဘုရား
သခင်၏ ဒေ သ နာ တော် ဖြစ်သလော၊ ငါသည်
ကိုယ် အလို အ လျောက် ဟောပြော သလောဟု
၁၈ ပိုင်းခြား၍ သိလိမ့်မည်။- ကိုယ်အလို အလျောက်
ဟောပြောသောသူသည် မိမိဘုန်းအသရေကိုရှာ
တတ်၏။ မိမိကိုစေလွှတ်တော်မူသောသူ၏ဘုန်း
အသရေကိုရှာသောသူမူကား၊ ယုံလောက်သော
၁၉ သူဖြစ်၏။ထိုသူ၌မုသာမရှိ။-မောရှေသည်ပညတ်
တရားကိုသင်တို့အားပေးသည်မဟုတ်လော။ ထို
တရားကိုသင်တို့တွင်တစုံတယောက်မျှမကျင့်။ငါ့
ကိုသတ်အံ့သောငှါအဘယ်ကြောင့်ရှာကြံကြသ
၂၀ နည်းဟု မိန့်တော်မူ၏။- လူအစုအဝေးကလည်း၊
သင်သည်နတ်ဆိုးစွဲသောသူဖြစ်၏။ သင့်ကိုသတ်
အံ့ သောငှါ အဘယ်သူ ရှာကြံ သနည်းဟု ဆိုကြ
၂၁ ၏။- ယေရှုကလည်း၊ ငါပြုသော အမှုတခုကိုသင်
၂၂ တို့ရှိသမျှသည် အံ့ဩခြင်းရှိကြ၏။- မောရှေသည်
အရေဖျား လှီးခြင်းတရားကို သင်တို့အား ပေး၏။
ထိုသို့ဆိုသော် မောရှေမှ အစစွာခံရသည်ဟုမဆို
လို။ဘိုးဘေးများမှ ဆက်ခံရသတည်း၊ ထိုကြောင့်
ဥပုသ်နေ့၌သင်တို့သည်အရေဖျားလှီးခြင်းကိုပေး
၂၃ ကြ၏။- မောရှေ၏ တရား မပျက် စေ ခြင်း ငှါ လူ
သည် ဥပုသ်နေ့၌ အရေဖျား လှီးခြင်းကို ခံရလျှင်၊
ငါသည်ဥပုသ်နေ့၌လူတကိုယ်လုံးကိုကျန်းမာစေ
သောကြောင့်၊သင်တို့သည်ငါ့ကိုအမျက်ထွက်ရာ
၂၄ သလော။- မျက်နှာကိုသာကြည့်၍ မစီရင်ကြနှင့်။
တရားသဖြင့်စီရင်ကြလော့ဟု မိန့်တော်မူ၏။
၂၅ ထိုအခါယေရုရှလင်မြို့သားအချို့ကလည်း၊ ဤ
သူ ကို သ တ် အံ့ သော ငှါ ရှာ ကြ သ ည် မ ဟုတ်
၂၆ လော။-ကြည့်ပါ။သူသည်ထင်ရှားစွာဟောပြော
၍အဘယ် မြွက်တား ခြင်းကို မျှမပြုကြပါ တကား။
ဤသူသည်ခရစ်တော်ဖြစ်ကြောင်းကို မင်းများတို့
၂၇ သည်အမှန်သိကြသလော၊-သို့သော်လည်းဤသူ
သည်အဘယ်ကဖြစ်သည်ကိုငါတို့သိကြ၏။ ခရစ်
တော် သည် ကြွလာတော် မူသောအခါ အဘယ်
ကဖြစ်တော် မူသည်ကို အဘယ်သူမျှ မသိရဟုဆို
၂၈ ကြ၏။-ယေရှုကလည်း၊ သင်တို့သည် ငါ့ကိုသိကြ
၏။ငါသည် အဘယ်က ဖြစ်သည်ကိုလည်း သိကြ
၏။ သို့ သော် လည်း ငါ သ ည် ကိုယ် အ လို အ
လျောက်လာသည်မဟုတ်။ငါ့ကိုစေလွှတ်တော်မူ
သောသူသည် သစ္စာနှင့် ပြည့်စုံ တော်မူ၏။ ထိုသူ
၂၉ ကိုသင်တို့မသိကြ။-ငါမူကားသိ၏။ အကြောင်းမူ
ကား၊ ထိုသူ၏ အထံတော်မှ ငါလာ၏။ သူသည်
လည်း ငါ့ကိုစေလွှတ်တော်မူ၏ဟု ဗိမာန်တော်၌
ဆုံးမ ဩဝါဒ ပေးတော် မူစဉ်တွင် ကြွေး ကြော်၍
၃၀ မိန့်တော်မူလျှင်၊- ကိုယ်တော်ကို ဘမ်းဆီးခြင်းအ
ခွင့်ကိုရှာကြ၏။ သို့သော်လည်း ကိုယ်တော်၏အ
ချိန်မစေ့ မရောက်သေးသောကြောင့် အဘယ်သူ
၃၁ မျှမဘမ်း မဆီးကြ။- လူအစု အဝေးထဲ၌ ပါသော
သူ အများ တို့ သည် ယုံ ကြည် သည် ဖြစ်၍၊ ခရစ်
တော် သည် ကြွလာတော် မူသောအခါ၊ ဤသူပြု
သော နိမိတ် လက္ခဏာထက် သာ၍ များသောနိ
မိတ် လက္ခဏာ တို့ကို ပြတော် မူမည် လောဟုဆို
ကြ၏။
၃၂ ထိုသို့လူများအုတ်အုတ်သဲသဲဖြစ်ကြသည်ကို
ဖာရိရှဲ တို့သည် ကြား လျှင်၊ ယဇ် ပုရော ဟိတ်အ
ကြီးတို့နှင့် တိုင်ပင်ပြီးမှ ကိုယ်တော်ကိုဘမ်းဆီးစေ
၃၃ ခြင်းငှါမင်းလုလင်တို့ကိုစေလွှတ်ကြ၏။-ယေရှုက
လည်း၊ ငါသည် သင်တို့နှင့်အတူ ခဏသာနေပြီး
လျှင်၊ ငါ့ကိုစေလွှတ်တော်မူသောသူထံသို့သွားရ
၃၄ မည်။ သင်တို့ သည် ငါ့ကို ရှာ ကြ လိမ့် မည်။- ရှာ
သော်လည်း မတွေ့ရကြ။ ငါရှိရာအရပ်သို့ သင်တို့
၃၅ မရောက်နိုင်ကြဟုမိန့်တော်မူလျှင်၊-ယုဒလူတို့က၊
ငါတို့ မတွေ့စေခြင်းငှါ သူသည်အဘယ်အရပ်သို့
သွား လိမ့်မည်နည်း။ ဟေလသ လူတို့တွင် အရပ်
ရပ်သို့ကွဲပြားလျက်နေသောသူတို့ရှိရာသို့သွား၍
ဟေ လ သ လူ တို့ အား တ ရား ဟော လိမ့် မည်

၃၆ လော။- သင်တို့သည် ငါ့ကို ရှာကြ လိမ့်မည်။ ရှာ
သော်လည်း မတွေ့ရကြ။ ငါရှိရာအရပ်သို့သင်တို့
မရောက်နိုင်ကြဟူသောစကားသည် အဘယ်သို့
ဆိုလိုသနည်းဟုအချင်းချင်းဆိုကြ၏။
၃၇ ထိုပွဲကို ခံ၍ နောက် ဆုံး ဖြစ် သော နေ့ မြတ်၌
ယေရှုသည်ရပ်၍ ကြွေးကြော်တော်မူသည်ကား၊
ရေ ငတ်သောသူ ရှိလျှင် ငါ့ထံသို့လာ၍ သောက်
၃၈ လော့။- ငါ့ကို ယုံကြည် သော သူသည် ကျမ်းစာ
လာသည် အတိုင်း အသက် ရေ ထွက်ရာ စမ်းရေ
၃၉ တွင်း ဖြစ်လိမ့် မည်ဟု မိန့် တော် မူ၏။- ထိုသို့ မိန့်
တော်မူသော်၊ ယုံကြည်သော သူတို့သည် ခံရလ
တံ့သော ဝိညာဉ်တော်ကို ရည်မှတ်၍ မိန့်တော်မူ
၏။ ယေရှု သည် ဘုန်း ပွင့် တော် မမူ သေးသော
ကြောင့်သန့်ရှင်းသော ဝိညာဉ်တော်ကိုပေးတော်
၄၀ မမူသေး။- စကားတော်ကို ကြားသောသူအများ
တို့က၊ ဤသူသည် လာလတံ့သော ပရောဖက်အ
၄၁ မှန် ဖြစ်သည် ဟု ဆိုကြ၏။- အချို့ကလည်း၊ ဤသူ
သည် ခရစ်တော် ဖြစ်သည်ဟု ဆိုကြ၏။ အချို့က
လည်း၊ ခရစ်တော်သည် ဂါလိလဲ ပြည်သားဖြစ်ရ
၄၂ သလော။- ခရစ်တော် သည် ဒါဝိဒ်အမျိုး၊ ဒါဝိဒ်
နေရာဌာန၊ ဗက်လင်ရွာသား ဖြစ်ရမည်ဟု ကျမ်း
၄၃ စာလာသည်မဟုတ်လောဟုဆိုကြ၏။- ထိုသို့လူ
များတို့သည်ကွဲပြားကြသည်ဖြစ်၍၊အချို့တို့သည်
၄၄ ကိုယ်တော်ကို ဘမ်းဆီးခြင်းငှါအလိုရှိကြ၏။-သို့
သော်လည်းအဘယ်သူမျှမဘမ်းမဆီးကြ
၄၅ ထိုအခါ မင်းလုလင်တို့သည် ယဇ်ပုရောဟိတ်
အကြီး၊ ဖာရိရှဲထံသို့ပြန်၍၊ ထိုမင်းတို့က၊ အဘယ်
ကြောင့် သူ့ကို မဆောင်ခဲ့ကြသနည်းဟု မေးမြန်း
၄၆ လျှင်၊- မင်းလုလင်တို့က၊ ထိုသူပြောပြော သကဲ့
သို့အဘယ် သူမျှ မပြော စဖူးပါဟု လျှောက် ကြ
၄၇ ၏။- ဖာရိရှဲတို့ကလည်း၊ သင်တို့ကိုပင် လှည့်ဖြား
၄၈ ပြီလော။- မင်းများ၊ ဖာရိရှဲ များ တို့တွင် သူ့ကိုယုံ
၄၉ ကြည်သောသူတစုံတယောက်မျှရှိသလော။-တ
ရားကို မသိသော ဤလူများတို့သည် ကျိန်ခြင်းကို
၅၀ ခံရသောသူ ဖြစ်သည် ဟုဆို ကြ၏။- အထက်က
ညဉ့်အခါ၌အထံတော်သို့ လာသောသူတည်းဟူ
သော ထိုမင်းများ အဝင် ဖြစ်သော နိကောဒင်က
၅၁ လည်း၊- ငါတို့တရားသည် လူကိုမစစ်၊ သူ့အမှုကို
မသိမှီကပင် ရှေ့မဆွကဆုံးဖြတ်တတ်သလောဟု
၅၂ ဆို လျှင်၊- သူ တို့ က၊ သင် သည် လည်း ဂါလိလဲ
ပြည်သားဖြစ်သလော။စစ်ဦးလော့။ဂါလိလဲပြည်
၌အဘယ်ပရောဖက်မျှမပေါ်မထွန်းသည်ကိုမှတ်

၅၃ လော့ဟုဆိုကြပြီးမှ၊- ထိုသူအပေါင်းတို့သည် မိမိ
တို့အိမ်သို့သွားကြ၏။

၈

၁ ယေရှုသည်လည်းသံလွင်တောင်သို့ကြွတော်
၂ မူ၏။- နံနက် စောစော ဗိမာန် တော်သို့တဖန်ကြွ
တော်မူ၍လူအပေါင်းတို့သည်အထံတော်သို့လာ
ကြ၏။ ထိုအခါထိုင်တော်မူ၍ဆုံးမဩဝါဒပေးစဉ်
၃ တွင်၊-မှားယွင်းခြင်းအမှုကိုပြုလျက် နေသောမိန်း
မတယောက်ကိုတွေ့လျှင်၊ကျမ်းပြုဆရာတို့နှင့်ဖာ
၄ ရိရှဲတို့သည်ခေါ်ခဲ့၍အလယ်၌ထားပြီးမှ၊- အရှင်
ဘုရား၊ ဤမိန်းမသည် မှားယွင်းခြင်းအမှုကို ပြုစဉ်
၅ တွင် ပင် တွေ့မိ ပါ သည်။- ထိုသို့ သော မိန်းမ ကို
ကျောက်ခဲနှင့်ပစ်ရမည်ဟုမောရှေသည်အကျွန်ုပ်
တို့အားပညတ်တရား၌စီရင်ထုံးဖွဲ့ပါပြီ။သို့ရာတွင်
ကိုယ်တော်သည်အဘယ်သို့မိန့်တော်မူမည်နည်း
၆ ဟု လျှောက် ကြ၏။- ထို သို့ လျှောက် ကြသော်၊
ကိုယ် တော်၌ အပြစ် တင်ခွင့် ရှိစေ ခြင်းငှါ စုံစမ်း
နှောင့်ရှက်သော အားဖြင့်လျှောက်ကြ၏။ ယေရှု
သည်အောက်သို့ငုံ့လျက်လက်ညှိုးတော်နှင့် မြေ၌
၇ ရေးသား၍နေတော်မူ၏။- ထိုသူတို့သည်အထပ်
ထပ် မေး လျှောက် ကြသော အခါ ကိုယ်ကို လှန်
တော်မူ၍၊သင်တို့တွင်အပြစ်ကင်းသောသူသည်
ရှေ့ဦးစွာ ကျောက်ခဲ နှင့် ပစ်စေဟု မိန့်တော် မူပြီး
၈ မှ၊- တဖန်အောက်သို့ငုံ့၍ မြေ၌ရေးသား တော်မူ
၉ ပြန်၏။- ထိုသူ တို့သည် ကြားရလျှင် မိမိတို့ စိတ်
လုံးသည် မိမိတို့အပြစ်ကိုဘော်ပြသဖြင့်၊ အသက်
ကြီး သော သူ မှ စ ၍ အ ငယ် ဆုံး သော သူ တိုင်
အောင် တ ယော က် နောက် တ ယောက် ထွက်
သွားကြ၏။ ယေရှု သည် တယောက်တည်း ကျန်
၁၀ ရစ်တော်မူ၍၊မိန်းမသည်အလယ်၌ရပ်နေ၏။- ထို
အခါ ယေရှုသည် ကိုယ်ကို လှန်တော်မူပြန်၍၊ ထို
မိန်းမမှတပါးအဘယ်သူကိုမျှမမြင်လျှင်၊ အချင်း
မိန်းမ၊ သင့်ကို အပြစ် တင် သော သူတို့သည် အ
ဘယ်မှာရှိကြသနည်း၊သင်၏အမှုကိုအဘယ်သူ
၁၁ မျှမစီရင် သလောဟု မေး တော် မူ၏။- ထိုမိန်းမ က
လည်း၊ အဘယ်သူမျှမစီရင်ပါသခင်ဟုလျှောက်
၏။ ငါ သည် လည်း သင်၏ အမှုကို မစီရင်။ သွား
လော့။ နောက် တဖန် ဒုစရိုက် ကို မပြု နှင့် ဟု မိန့်
တော်မူ၏။
၁၂ တဖန်တုံ့ ယေရှုက၊ ငါသည် ဤလောက၏အ
လင်း ဖြစ်၏။ ငါ့ နောက်သို့ လိုက်သော သူသည်
မှောင်မိုက်၌ မသွားမလာ၊ အသက်၏အလင်း

၁၃ ရလိမ့်မည်ဟု မိန့်တော်မူ၏။ ဖာရိရှဲတို့ကလည်း၊
သင်သည် ကိုယ် အကြောင်း ကို သက်သေ ခံ၏၊
၁၄ သင်၏ သက်သေ မတည်ဟုဆိုကြ၏။- ယေရှုက
လည်း၊ ငါသည်ကိုယ်အကြောင်းကို သက်သေခံ
သော်လည်း၊ငါ့သက်သေတည်၏။ အကြောင်းမူ
ကား၊ ငါ သည် အဘယ် အရပ်က လာ သည် ကို
၎င်း၊ အဘယ် အရပ်သို့ သွား သည် ကို၎င်းငါသိ
၁၅ ၏။သင်တို့မူကားမသိကြ။-သင်တို့သည်ဇာတိ ပ
ကတိအတိုင်းစီရင်တတ်ကြ၏။ ငါမူကားအဘယ်
၁၆ သူကိုမျှမစီရင်။- ငါသည် စီရင်သော်လည်း ငါ၏
စီရင် ခြင်းသည် တည်၏။ အကြောင်း မူကား၊ ငါ
သည် တယောက် တည်း နေသည် မဟုတ်။ ငါ့ကို
စေ လွှတ် တော် မူ သော ခ မည်း တော် သည်ငါ့
၁၇ ဘက်၌ နေတော် မူ၏။- သက် သေခံ နှစ်ဦး တို့၏
စကားသည်တည်ရ၏ဟု သင်တို့ပညတ်ကျမ်းစာ
၁၈ ၌လာ၏။-ငါသည်ကိုယ်အကြောင်းကိုသက်သေ
ခံသောသူ ဖြစ်၏။ ငါ့ကို စေလွှတ် တော် မူသော
ခမည်း တော်သည်လည်း ငါ့အကြောင်းကိုသက်
၁၉ သေခံတော်မူသည်ဟုမိန့်တော်မူ၏။-ထိုသူတို့က
လည်း၊သင်၏ခမည်းတော်သည်အဘယ်မှာရှိသ
နည်းဟုမေးကြ၏။ ယေရှုကလည်း၊ သင်တို့သည်
ငါ့ကိုမသိကြ။ ငါ့ခမည်းတော် ကိုလည်း မသိကြ။
ငါ့ကိုသိလျှင် ငါ့ခမည်းတော်ကိုလည်း သိကြလိမ့်
၂၀ မည်ဟုမိန့်တော်မူ၏။-ဗိမာန်တော်၌ဆုံးမဩဝါဒ
ပေးတော် မူစဉ် ဤစကားတော်ကို ဘဏ္ဍာ တိုက်
မှာမိန့်မြွက်တော်မူ၏။ ကိုယ်တော်၏ အချိန်မစေ့
မရောက် သေးသော ကြောင့် အဘယ်သူမျှကိုယ်
တော်ကိုမဘမ်းဆီးကြ။
၂၁ တဖန် ယေရှုက၊ ငါသည်သွားရမည်။ သင်တို့
သည် ငါ့ကိုရှာကြလိမ့်မည်။ ကိုယ်အပြစ်၌လည်း
သေကြ လိမ့်မည်။ ငါ သွားရာ အရပ်သို့ သင်တို့မ
၂၂ ရောက် နိုင် ကြဟု မိန့် တော် မူ၏။- ယုဒ လူတို့က
လည်း၊ ငါသွားရာ အရပ်သို့ သင်တို့ မရောက်နိုင်
ကြဟုသူသည် ဆိုသော်၊ ကိုယ်အသက်ကို သတ်
၂၃ မည်လောဟု ဆိုကြ၏။- ယေရှုကလည်း၊ သင်တို့
သည်အောက်သားဖြစ်ကြ၏။ ငါမူကား အထက်
သား ဖြစ်၏။ သင်တို့သည် လောကီသား ဖြစ်ကြ
၂၄ ၏။ ငါမူကားလောကီသားမဟုတ်။- ထိုကြောင့်
သင်တို့သည်ကိုယ်အပြစ်၌သေကြလိမ့်မည်ဟုငါ
ဆို၏။ ငါသည် ဤမည်သောသူ ဖြစ်သည်ကိုသင်
တို့သည်မယုံလျှင်၊ ကိုယ်အပြစ်၌သေကြလိမ့်မည်
၂၅ ဟုမိန့်တော် မူ၏။- ထိုသူတို့ကလည်း၊ သင်သည်
အဘယ်သူနည်းဟု မေးလျှင်၊ ယေရှုက၊ ငါသည်
သင်တို့အား အစဉ် ပြောဆိုသည့်အတိုင်း ငါဖြစ်
၂၆ ၏။- သင်တို့အမှု၌ငါပြောဆို စီရင်စရာ များစွာရှိ
၏။ သို့သော်လည်း ငါ့ကိုစေလွှတ်တော်မူသော
သူသည် သစ္စာနှင့် ပြည့်စုံတော်မူ၏။ သူ၏ အထံ
တော် ၌ ငါ ကြား သမျှကို သာ ဤ လောက ၌ငါ
၂၇ ဟောပြောသည်ဟု မိန့်တော်မူ၏။- ခမည်းတော်
ကိုရည်မှတ်၍ မိန့်တော် မူသည်ကို ထိုသူတို့သည်
၂၈ မရိပ်မိကြ။-ထိုကြောင့်ယေရှုက၊ သင်တို့သည်လူ
သားကိုမြှောက်ထားသောအခါ၊ငါသည်ဤမည်
သောသူဖြစ်သည်ကို၎င်း၊ ငါသည်ကိုယ်အလိုအ
လျောက် အ ဘယ် အမှု ကို မျှ မပြု ဘဲ၊ ငါ့ခမည်း
တော် သည် ငါ့ အား နည်း ပေး တော် မူသည်အ
တိုင်း ငါဟော ပြောသည်ကို၎င်း သင်တို့သည်သိ
၂၉ ကြလိမ့် မည်။- ငါ့ကို စေလွှတ် တော်မူ သောသူ
သည် ငါ နှင့် အ တူ ရှိတော် မူ၏။ ငါ့ကို တကိုယ်
တည်း နေ စေ ခြင်းငှါ ခမည်း တော်သည် စွန့်ပစ်
တော်မမူ။ အကြောင်း မူကား၊ နှစ် သက်တော်မူ
သောအမှုကိုအစဉ်မပြတ် ငါပြုသည်ဟုမိန့်တော်
၃၀ မူ၏။- ထိုစကားတော်ကို မိန့်တော်မူစဉ်၊ လူများ
တို့သည်ယုံကြည်ခြင်းသို့ရောက်ကြ၏။
၃၁ ထိုအခါယေရှုက၊သင်တို့သည်ငါ၏ဒေသနာ
၃၂ ၌တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏။- သမ္မာတ
ရားကိုလည်းသိကြသဖြင့်၊ထိုတရားသည်သင်တို့
ကိုလွှတ်လိမ့် မည်ဟု၊ ယုံကြည်သော ယုဒ လူတို့
၃၃ အား မိန့်တော် မူ၏။- ယုဒလူတို့ ကလည်း၊ငါတို့
သည် အာဗြဟံ အမျိုးဖြစ်ကြ၏။ အဘယ်သူထံ၌
တရံတခါမျှ ကျွန်မခံကြ။ လွှတ်လိမ့်မည်ဟူ၍သင်
သည် အဘယ်သို့ပြောဆို သနည်းဟု မေးမြန်းကြ
၏။ ယေရှု က လည်း၊ ငါ အမှန် အကန် ဆိုသည်
၃၄ ကား၊- ဒုစရိုက် ကို ပြုသမျှ သော သူတို့သည် ဒုစ
၃၅ ရိုက်၏ကျွန်ဖြစ်ကြ၏။- ကျွန်သည်ကားအိမ်၌အ
စဉ်အမြဲနေသည်မဟုတ်။ သားမူကားအစဉ်အမြဲ
၃၆ နေ၏။- ထိုကြောင့် သားသည် သင် တို့ကို လွှတ်
လျှင်၊ သင် တို့ သည် ဧကန် အမှန် လွတ် ကြ လိမ့်
၃၇ မည်။- သင်တို့သည် အာဗြဟံ အမျိုးဖြစ်ကြသည်
ကိုငါသိ၏။ သို့သော်လည်း ငါ၏ ဒေသနာသည်
သင်တို့၌ တည်နေရာကိုမရသောကြောင့် သင်တို့
၃၈ သည် ငါ့ကို သတ်အံ့ သောငှါ ရှာကြံ ကြ၏။- ငါ
သည်ငါ့ခမည်းတော်ထံ၌ မြင်ခဲ့ပြီးသည် အတိုင်း
ဟောပြော၏။သင်တို့သည် သင်တို့၏ အဘထံ၌
မြင်ခဲ့ပြီးသည် အတိုင်းပြုကြ၏ဟု မိန့်တော်မူ၏။-

၃၉ ထိုသူတို့ကလည်း၊ အာဗြဟံသည် ငါတို့အဘဖြစ်
၏ဟုဆိုကြ၏။ ယေရှုကလည်း၊ သင်တို့သည်အာ
ဗြဟံ၏သားမှန်လျှင် အာဗြဟံ၏အကျင့်ကို ကျင့်
၄၀ ကြလိမ့်မည်။- ဘုရားသခင့် အထံတော်၌ကြားရ
သော သစ္စာတရားကို သင်တို့အား ဟောပြော
သောသူတည်းဟူသော ငါ့ကို သတ်အံ့သောငှါ
သင်တို့သည် ယခုရှာကြံကြ၏၊ အာဗြဟံသည်ထို
၄၁ နည်းတူကျင့်သည်မဟုတ်။- သင်တို့သည်သင်တို့
အဘ၏အကျင့်ကိုကျင့်ကြ၏ဟုမိန့်တော်မူ၏။ ထို
သူတို့ကလည်း၊ ငါတို့သည် မျောက်မထားသော
အမျိုးမဟုတ်။ ဘုရားသခင်တည်းဟူသော ငါတို့
အဘ တပါးတည်း ရှိတော်မူသည်ဟု ဆိုကြ၏။-
၄၂ ယေရှုကလည်း၊ ဘုရားသခင်သည် သင်တို့အဘ
မှန်လျှင်၊ သင်တို့ သည် ငါ့ကို ချစ်ကြလိမ့်မည်။ အ
ကြောင်းမူကား၊ ငါသည်ဘုရားသခင့်အထံတော်
မှထွက်ကြွရောက်လာ၏။ ကိုယ်အလိုအလျောက်
လာ သည် မဟုတ်။ ဘုရား သခင် သည် ငါ့ကိုစေ
၄၃ လွှတ်တော်မူ၏။- အဘယ် ကြောင့် ငါ့ စကားကို
နားမလည်ကြသနည်း။ ငါ၏ ဒေသနာကိုနားမခံ
မယူနိုင်သောကြောင့်သာသင်တို့သည်ငါ့ စကား
၄၄ ကိုနားမလည်ကြ။- သင်တို့သည် သင်တို့၏ အဘ
တည်းဟူသောမာရ်နတ်မှဆင်းသက်ကြ၏။ သင်
တို့အဘ၏အလိုသို့လည်းလိုက်တတ်ကြ၏။ မာရ်
နတ် သည် ရှေးဦး စွာ မှစ၍ လူ အ သက် ကို သတ်
သော သူ ဖြစ် ၏။ သူ၌ သ စ္စာ တ ရား မရှိ သော
ကြောင့် သစ္စာတရား၌ မ တည် မနေ။ သူသည်မု
သာစကားကိုပြောသောအခါမိမိပကတိအတိုင်း
ပြော၏။ မုသာ စကား၌ ကျင်လည် သော သူဖြစ်
၄၅ ၏။ မုသာ၏အဘလည်းဖြစ်၏။- ငါသည်သစ္စာစ
၄၆ ကားကိုပြောသောကြောင့်သင်တို့မယုံကြ။- ငါ၌
အပြစ်ရှိကြောင်းကိုသင်တို့တွင်အဘယ်သူဘော်
ပြသနည်း။ သစ္စာစကားကိုငါပြောသည်မှန်လျှင်
၄၇ အဘယ်ကြောင့် သင်တို့မယုံကြသနည်း။- ဘုရား
သခင်နှင့် စပ်ဆိုင်သော သူသည် ဘုရားသခင်၏
စ ကား တော် ကို နား ထောင် တတ် ၏။ သင် တို့
သည်ဘုရားသခင်နှင့်မစပ်ဆိုင်သောကြောင့်နား
မထောင်ကြဟုမိန့်တော်မူ၏။
၄၈ ယုဒလူတို့ ကလည်း၊ သင်သည် ရှမာရိ လူဖြစ်
၏။ နတ်ဆိုးစွဲသောသူလည်းဖြစ်၏ဟုငါတို့ပြော
သော စကား သည် လျောက် ပတ် သည် မဟုတ်
၄၉ လောဟုဆိုကြ၏။- ယေရှုကလည်း၊ ငါသည်နတ်
ဆိုး စွဲ သော သူ မဟုတ်။ ငါ့ ခမည်း တော် ကို ရိုး
၅၀ သေ့ခြောက်၏။ သင်တို့သည် ငါ့ကို ရှုတ်ချကြ၏။- ငါ
သည် ကိုယ်ဘုန်းအသရေကိုမရှာ။ ငါ၏ဘုန်းအ
သရေကိုရှာ၍ စီရင်တော် မူသော သူရှိသေး၏။-
၅၁ ငါအမှန် အကန် ဆိုသည်ကား၊ ငါ့ စကားကိုနား
ထောင်သော သူသည် သေခြင်းနှင့် အစဉ်မပြတ်
၅၂ ကင်းလွတ်လိမ့်မည်ဟု မိန့်တော်မူ၏။- ယုဒလူတို့
ကလည်း၊ သင်၌ နတ်ဆိုးစွဲသည်ကို ယခုငါတို့သိ
ကြ၏။ အာဗြဟံမှစ၍ပရောဖက်တို့သည်သေလွန်
ကြပြီ။ သင်မူကား၊ ငါ့စကားကို နားထောင်သော
သူသည်သေခြင်းနှင့်အစဉ်မပြတ် ကင်းလွတ်လိမ့်
၅၃ မည်ဟုဆိုပါသည်တကား။- ငါတို့အဘအာဗြဟံ
ထက်သင်သည်သာ၍ကြီးမြတ်သလော။ သူသည်
သေပြီ။ ပရောဖက်တို့လည်း သေကြပြီ။ သင်သည်
အဘယ် သို့သော သူ၏ အ ရောင် ကို ဆောင် သ
၅၄ နည်းဟုဆိုကြ၏။- ယေရှုကသည်း၊ ငါသည်ကိုယ်
ဂုဏ်ကိုပြလျှင်၊ ငါ့ဂုဏ်သည်အချည်းနှီးဖြစ်၏။ ငါ့
ခမည်းတော်သည်ငါ့ဂုဏ်ကို ထင်ရှားစေတော်မူ
၏။ ထိုဘုရားသခင်သည် ငါတို့၏ဘုရားဟူ၍သင်
၅၅ တို့ ခေါ် ဝေါ် တတ် ကြ ၏။- သို့ သော် လည်း ထို
ဘုရား သခင်ကို သင်တို့ မသိကြ။ ငါမူကား သိ၏။
ငါမသိဟုငါဆိုလျှင်သင်တို့ကဲ့သို့မုသာသုံးသော
သူဖြစ်လိမ့် မည်။ ထို ဘု ရား သခင် ကို ငါ သိ ၏။
ဘုရားသခင်၏စကားတော်ကိုလည်းနားထောင်
၅၆ ၏။- သင်တို့အဘ အာဗြဟံသည် ငါကြွလာမည့်
အချိန် ကာလကို မြော်မြင် ခြင်းငှါ အလွန်အလိုရှိ
၏။ မြင်ရသော အခါ ဝမ်းမြောက် ခြင်းသို့ရောက်
၅၇ သည်ဟုမိန့်တော်မူ၏။- ယုဒလူတို့ကလည်း၊ သင်
၏ အသက် သည် အနှစ် ငါးဆယ်မျှ မရှိဘဲလျက်
သင်သည်အာဗြဟံကိုမြင်လေပြီတကားဟုဆိုကြ
၅၈ ၏။- ယေရှုက လည်း၊ ငါ အမှန် အကန် ဆိုသည်
ကား၊ အာဗြဟံ မဖြစ်မှီ ငါ ဖြစ် ၏ ဟု မိန့်တော်မူ
၅၉ ၏။- ထိုအခါ ကိုယ် တော် ကို ခဲ နှင့် ပစ် ခြင်း ငှါ
ကျောက်ခဲ တို့ကို ကောက်ယူ ကြ၏။ ယေရှု သည်
တိမ်းရှောင်၍ ထိုသူတို့အလယ်၌ ရှောက်သွားပြီး
လျှင် ဗိမာန်တော်မှထွက်ကြွတော်မူ၏။

၉

၁ လမ်း၌ သွားတော်မူစဉ်၊ အမိဝမ်းတွင်းကပင်
မျက်စိကန်းသောသူတယောက်ကိုတွေ့မြင်တော်
၂ မူ၏။- တပည့်တော် တို့က၊ အရှင် ဘုရား၊ ဤသူ
သည်အဘယ်သူ၏အပြစ်ကြောင့် မျက်စိကန်းသ
နည်း။ ကိုယ်အပြစ်ကြောင့် ကန်းသလော၊ မိဘအ
ပြစ် ကြောင့် ကန်း သ လော ဟု မေး လျှောက်ကြ

၃ ၏။- ယေ ရှု က လ ည်း၊ ကိုယ် အ ပြစ် ကြောင့် မ
ဟုတ်။ မိဘအပြစ် ကြောင့်လည်း မဟုတ်။ ဘုရား
သခင် ၏ အမှု တော် ကို သူ၌ ထင်ရှားစေမည် အ
၄ ကြောင်းဘည်း၊- ငါ့ကိုစေလွှတ်တော်မူသောသူ
၏အမှုကိုနေ့အချိန်ရှိစဉ်တွင်ငါပြုရမည်။အဘယ်
သူမျှအမှုမပြုနိုင်သော အချိန်တည်းဟူသောညဉ့်
၅ အချိန်လာသေး၏။- ငါသည် ဤလောက၌ ရှိစဉ်
တွင်ဤလောက၏အလင်းဖြစ်၏ဟုမိန့်တော်မူပြီး
၆ လျှင်၊- မြေပေါ်မှာတွေးချံတံတွေးနှင့်ရွှံ့လုပ်ပြီးမှ၊
၇ ကန်းသောသူ ၏ မျက်စိကိုရွှံ့နှင့်လူး၍၊- သင်သွား
လော့။ရှိလောင်ရေကန်၌မျက်စိကိုဆေးလော့ဟု
မိန့် တော် မူ၏။ ရှိလောင် အနက် ကား စေ လွှတ်
သည်ဟုဆိုလိုသတည်း။ ထိုသူသည် သွား၍ဆေး
ပြီးမှ၊ မျက်စိမြင်လျက်ပြန်လေ၏။
၈ သူသည် သူတောင်းစား ဖြစ် သည် ကို အိမ်နီး
ချင်းမှစ၍ မြင်ဘူးသောသူတို့က၊ ဤသူသည် ထိုင်
၍တောင်း သောသူဖြစ်သည်မဟုတ်လော ဟုဆို
၉ ကြ၏၊-လူအချို့က၊ ဟုတ်ကဲ့ဟုဆိုကြ၏။အချို့က
လည်း၊ ထိုသူနှင့် တူသည် ဟု ဆို ကြ၏။ ထိုသူက
လည်း၊ အကျွန်ုပ် သည် ထိုသူပင် ဖြစ်သည်ဟု ဆို
၁၀ ၏။-သူတို့ကလည်း၊အဘယ်သို့သင်၏မျက်စိပွင့်
၁၁ သနည်းဟုမေးမြန်းကြလျှင်၊- ထိုသူက၊ ယေရှုအ
မည် ရှိ သော သူ တ ယောက် သည် ရွှံ့ လုပ် ၍အ
ကျွန်ုပ် မျက်စိ ကို လူး ပြီးမှ၊ ရှိ လောင် ရေ ကန်သို့
သွား၍ မျက်စိကို ဆေးလော့ဟု ဆိုသည်အတိုင်း
အကျွန်ုပ်သွား၍ ဆေးလျှင် မျက်စိမြင်သည်ဟုဆို
၁၂ ၏။- လူများကလည်း၊ ထိုသူသည် အဘယ်မှာရှိ
သနည်းဟု မေးမြန်းကြလျှင်၊ အကျွန်ုပ်မသိဟုဆို
၏။
၁၃ လူများသည် လည်း မျက်စိ ကန်းဘူးသောထို
၁၄ သူကို ဖာရိရှဲတို့ထံသို့ပို့ကြ၏။- ယေရှုသည်ရွှံ့လုပ်
၍သူ၏မျက်စိကိုဖွင့်တော်မူသောနေ့သည် ဥပုသ်
၁၅ နေ့ဖြစ်သတည်း၊- တဖန် ဖာရိရှဲတို့က၊အဘယ်သို့
သင် ၏ မျက်စိ မြင် သ နည်း ဟု မေး ပြန် လျှင်၊ အ
ကျွန်ုပ် မျက် စိ၌ သူသည် ရွှံ့ကို ထည့်၍ အ ကျွန်ုပ်
၁၆ ဆေးလျှင် မျက်စိမြင်သည်ဟု ဆို၏။- ဖာရိရှဲအချို့
တို့က၊ ထိုသူသည်ဥပုသ်မစောင့်။ဘုရားသခင်စေ
လွှတ်တော် မူသောသူ မဟုတ်ဟု ဆိုကြ၏၊အချို့
တို့က၊ဆိုးသောသူသည် ဤသို့သော နိမိတ်လက္ခ
ဏာ တို့ကိုအဘယ်သို့ပြုနိုင်သနည်းဟု ဆိုကြ၏။
ထိုသို့ အချင်းချင်းမသင့်ကွဲပြားခြင်းသို့ ရောက်ကြ
၁၇ ၏။-တဖန် မျက်စိကန်းဘူးသောသူအား၊ သင်၏
မျက်စိကို ဖွင့်သော သူသည် အဘယ် သို့သောသူ
ဖြစ်သနည်းဟု မေးကြလျှင်၊ ပရောဖက် ဖြစ်သည်
ဟုဆို၏။
၁၈ ထိုသူသည် အထက်က မျက်စိမမြင်၊ နောက်မှ
မျက်စိမြင်သည်ကိုယုဒလူတို့သည် မယုံကြသဖြင့်
၁၉ သူ၏မိဘကိုခေါ်၍၊- ဤသူသည်သင်တို့ဆိုသည်
အတိုင်း အမိ ဝမ်း တွင်း ကပင် မျက်စိ ကန်းသော
သင်တို့ ၏ သားမှန်သလော။ သို့မှန်လျှင် အဘယ်
၂၀ သို့ယခုမျက်စိ မြင်သနည်းဟု မေးကြ၏။- မိဘတို့
က လည်း၊ ဤ သူသည် အ ကျွန်ုပ် တို့၏ သား မှန်
သည် ကို ၎င်း၊ အမိ ဝမ်း တွင်း ကပင် မျ က်စိကန်း
၂၁ သည် ကို၎င်း အကျွန်ုပ်တို့ သိကြ ပါ၏။- အဘယ်
ကြောင့် ယခုမျက်စိ မြင်သည် ကို၎င်း၊အဘယ်သူ
သည်သူ၏မျက်စိကိုဖွင့်သည်ကို၎င်း အကျွန်ုပ်တို့
မသိကြပါ။ သူသည်အသက်အရွယ်နှင့် ပြည့်စုံပါ
၏။ သူ ကို မေး ကြ ပါ လော့။ သူ သည် ကိုယ် အ
ကြောင်းကို ကိုယ် တိုင် ပြော ပါ လိမ့် မည်ဟုပြန်
၂၂ ပြောကြ၏။- ဤသို့ ပြောသည် အကြောင်း ကား၊
ယေရှုသည် ခရစ်တော်ဖြစ်သည်ဟုဝန်ခံသောသူ
မည်သည်ကို တရားစရပ်မှနှင်ထုတ်ရမည်ဟုယုဒ
၂၃ လူတို့ သည် တိုင် ပင် စီရင် နှင့်ကြပြီ။- ထို ကြောင့်
မိဘတို့က၊သူသည် အသက် အရွယ်နှင့် ပြည့်စုံပါ
၏။ သူ ကို မေး ကြ ပါ လော့ ဟု ယုဒ လူ တို့ ကို
ကြောက်၍ပြောကြ၏၊
၂၄ ထိုကြောင့်၊ မျက်စိ ကန်း ဘူးသောသူကို ဒုတိ
ယအကြိမ်ခေါ်၍ဘုရားသခင်ကိုချီးမွမ်းလော့။ထို
သူသည် လူဆိုး ဖြစ်ကြောင်းကို ငါတို့သိ၏ ဟုဆို
၂၅ ကြလျှင်၊-လူဆိုးဖြစ်သည်မဖြစ်သည်ကိုအကျွန်ုပ်
မသိ။ အကျွန်ုပ်သည်အထက်က မျက်စိကန်း၍ယ
ခုမျက်စိမြင်သည် အကြောင်းတခုကိုအကျွန်ုပ်သိ
၂၆ သည်ဟုဆို၏။-တဖန်ထိုသူတို့က၊ သူသည်သင်၌
အဘယ်သို့ ပြုသနည်း၊ သင်၏ မျက်စိကို အဘယ်
သို့ ဖွင့် သ နည်းဟု မေးကြလျှင်၊ အ ကျွန်ုပ် တခါ
၂၇ ပြောပြီ၊ သင်တို့နားမကြားကြ။- အဘယ်ကြောင့်
တဖန် ကြား ချင် သနည်း။ သူ့ တ ပည့် ဖြစ်ချင် သ
၂၈ လောဟုဆို၏။- ထိုသူတို့ကလည်း၊ သင်သည်သူ့
တပည့်ဖြစ်၏။ ငါတို့မူကားမောရှေ၏တပည့်ဖြစ်
၂၉ ကြ၏။-ဘုရားသခင်သည်မောရှေ၌မိန့်မြွက်ထား
တော်မူကြောင်းကိုငါတို့သိကြ၏။ ထိုသူသည်အ
ဘယ်က ဖြစ် သည်ကို မသိဟု ကဲ့ရဲ့၍ ပြောဆို ကြ
၃၀ လျှင်၊-သူသည်အကျွန်ုပ်မျက်စိကိုဖွင့်သော်လည်း
အဘယ်ကဖြစ်သည်ဟုသင်တို့မသိကြသည်ကိုအံ့.

၃၁ ကြားဘူးယ်ရှိ၏။-ဘုရားသခင်သည်လူဆိုးတို့စကား
ကိုနားထောင် တော် မမူသည်ကို ငါတို့သိကြ၏။
ဘုရားသခင်ကိုရိုသေလေးမြတ်၍ အလိုတော်သို့
လိုက် သောသူ ဖြစ် လျှင် ထိုသူ၏ စကား ကို နား
၃၂ ထောင် တော်မူ၏။- အမိ ဝမ်းတွင်း ကပင် မျက်စိ
ကန်းသော သူကို မျက်စိ မြင်စေ ခြင်းငှါ တတ်နိုင်
၃၃ သည်ကို ကမ္ဘာဦးမှစ၍ မကြားစဖူး။- ထိုသူသည်
ဘုရား သခင် စေလွှတ် တော် မူသော သူ မဟုတ်
လျှင်အဘယ်အမှုကိုမျှ မတတ်နိုင်ဟု ပြောဆို၏။-
၃၄ ထိုသူတို့ကလည်း၊ သင်သည်မွေးစကပင်တကိုယ်
လုံး၌ ဒုစရိုက်အပြစ်စွဲသောသူဖြစ်လျက်နှင့်ငါတို့
ကိုဆုံးမ ပါသည် တကားဟု ပြောဆိုကြပြီးလျှင်၊
ထိုသူကိုတရားစရပ်မှနှင်ထုတ်ကြ၏။
၃၅ နှင်ထုတ် သ ည် အ ကြောင်း ကို ယေ ရှု သည်
ကြား ပြီးမှ ထိုသူကို တွေ့တော် မူလျှင်၊ သင်သည်
ဘုရားသခင်၏သားတော်ကိုယုံကြည်သလောဟု
၃၆ မေးတော် မူ၏။- သခင်၊ အကျွန်ုပ်ယုံကြည်ရမည်
အကြောင်း ဘုရား သခင်၏ သား တော် ကားအ
၃၇ ဘယ်သူနည်းဟု မေး လျှောက်သော်၊-ယေရှုက၊
သင်သည် ထိုသူကို မြင်ခဲ့ ပြီးသည်သာမက၊ သင်
နှင့် ယခု စကား ပြောသောသူသည်ဘုရားသခင်
၃၈ ၏သားတော် ဖြစ်၏ဟု မိန့်တော်မူလျှင်၊- သခင်၊
အကျွန်ုပ် ယုံကြည် ပါ၏ဟု လျှောက်၍ ညွှတ်ပြပ်
၃၉ ကိုးကွယ်လေ၏။- ထိုအခါ ယေရှုကလည်း၊ မျက်
စိမမြင် သော သူ သည် မြင် စေ ခြင်း ငှါ၎င်း၊ မြင်
သောသူသည်မျက်စိကန်းစေခြင်းငှါ၎င်း၊ ငါသည်
တရား စီရင်၍ ဤလောကသို့ ရောက်လာပြီဟုမိန့်
၄၀ တော်မူ၏။- အထံတော်၌ရှိသော ဖာရိရှဲအချို့တို့
သည် ထိုစကားကို ကြားလျှင်၊ ငါတို့သည်မျက်စိ
၄၁ ကန်း သ လော ဟု မေးကြ၏။- ယေရှုက လည်း၊
သင်တို့သည် မျက်စိကန်းသည်မှန်လျှင်အပြစ်မရှိ။
ငါတို့မျက်စိမြင်သည်ဟုယခုဆိုကြ၏။ထိုကြောင့်
သင်တို့၌အပြစ်တည်သည်ဟုမိန့်တော်မူ၏။

၁၀

၁ ငါအမှန်အကန်ဆိုသည်ကား၊ သိုးခြံထဲသို့တံ
ခါးဝဖြင့်မဝင် အခြားလမ်းဖြင့်ကျော်ဝင်သောသူ
၂ သည်သူခိုးထားပြဖြစ်၏။-သိုးထိန်းမူကား၊တံခါး
၃ ဝဖြင့် ဝင်တတ်၏။-ထိုသူအားတံခါးစောင့်လည်း
ဖွင့်တတ်၏။ သူ၏ စကားသံကို သိုးတို့သည်နား
ထောင်တတ်ကြ၏။သူသည် မိမိသိုးတို့ကိုနာမည်
၄ ဖြင့်ခေါ်၍ပြင်သို့ထုတ်ဆောင်တတ်၏။-သိုးများ
ကိုထုတ်သောအခါ သိုးတို့ရှေ့မှာသွား၍သိုးများ
သည်သူ၏စကားသံကိုကျွမ်းသောကြောင့်လိုက်
၅ တတ် ကြ၏။- မဆိုင်သော သူတို့၏ စကား သံကို
မကျွမ်းသောကြောင့်၊ မဆိုင်သောသူ နောက်သို့
မလိုက်ဘဲပြေးတတ်ကြသည်ဟု မိန့်တော်မူ၏။
၆ ထိုဥပမာပုံကို ယေရှုဟောတော်မူသည်တွင်၊
ဖာရိသဲ တို့သည် မိန့်တော် မူသော စကားတော်
၇ ၏အနက်အဓိပ္ပါယ်ကိုနားမလည်ကြ။-ထိုကြောင့်
တဖန်ယေရှုက၊ ငါအမှန် အကန် ဆိုသည်ကား၊
၈ ငါသည် သိုး ဝင်သော တံခါးဝ ဖြစ်၏။- ငါ့ ရှေ့၌
ပေါ်လာသောသူရှိသမျှတို့သည်သူခိုးထားပြဖြစ်
ကြ၏။ထိုသူတို့၏စကားသံကို သိုးတို့သည် နားမ
၉ ထောင်ကြ။- ငါသည် တံခါးဝဖြစ်၏။ ငါဖြင့်ဝင်
သောသူသည်ဘေးနှင့်ကင်းလွတ်လျက်ဝင်ထွက်
၁၀ ၍ကျက်စားရာကိုတွေ့ရလိမ့်မည်။- သူခိုး သည်ခိုး
ခြင်း၊သတ်ခြင်း၊ဖျက်ဆီးခြင်းငှါသာလာတတ်၏။
ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အ
ထူးသဖြင့် အသက် နှင့် ပြည့်စုံ စေခြင်းငှါ လာ သ
တည်း။
၁၁ ငါသည်ကောင်းသောသိုးထိန်းလည်းဖြစ်၏။
ကောင်းသော သိုးထိန်းသည် သိုးတို့ အဘို့ အလို
၁၂ ငှါ မိမိ အသက် ကို စွန့်တတ်၏။- သိုးများကို ပိုင်
သောသိုးထိန်းမဟုတ်၊သူငှါးဖြစ်သောသူမူကား၊
တော ခွေး လာသည် ကို မြင် လျှင်၊ သိုးတို့ ကို ပစ်
ထား၍ထွက်ပြေးတတ်၏။ တောခွေးသည်လည်း
၁၃ သိုးတို့ကိုလုယက်၍ကွဲလွင့်စေ၏။-သူငှါးသည်သူ
ငှါးဖြစ်၍ သိုးတို့၏အကျိုးကိုမမှုသောကြောင့်
၁၄ ထွက်ပြေး တတ်၏။- ငါသည် ကောင်းသော သိုး
ထိန်းဖြစ်၏။ခမည်းတော်သည်ငါ့ကိုသိတော်မူ၍၊
ငါသည်လည်း ခမည်းတော်ကို သိ သကဲ့သို့ ငါ၏
သိုးတို့ကို ငါသိ၏။ ငါ့သိုးတို့သည်လည်း ငါ့ကိုသိ
၁၅ ကြ၏။- ငါသည်ကိုယ်အသက်ကို သိုးတို့အဘို့အ
၁၆ လို့ငှါစွန့်၏။- ဤသိုးခြံသို့မဝင်သောအခြားသိုးတို့
ကိုလည်းငါပိုင်သေး၏။ထိုသိုးတို့ကိုငါဆောင်ခဲ့ရ
မည်။ သူ တို့ သည် လည်း ငါ့ စ ကား သံ ကို နား
ထောင်သဖြင့်၊သိုးခြံတခု သိုးထိန်းတပါးဘည်းရှိ
၁၇ ရ လိမ့် မည်။- ငါ သည် ကိုယ် အ သက် ကို စွန့် ၍
နောက် တဖန် ယူဦးမည် ဖြစ်သော ကြောင့်၊ ငါ့ခ
၁၈ မည်းတော်သည်ငါ့ကိုချစ်တော်မူ၏။- ငါ့အသက်
ကိုအဘယ်သူမျှမလုမယူ။ကိုယ်အလိုအလျောက်
ငါစွန့်၏။ ကိုယ်အသက်ကို စွန့်ရသော အခွင့် နှင့်
နောက်တဖန် ကိုယ်အသက်ကို ယူပြန်ရသောအ
ခွင့်သည်ငါ၌ရှိ၏။ထိုအခွင့်ကို ခမည်းတော်သည်

၁၉ ပေးတော်မူပြီဟု မိန့်တော်မူ၏။- ထိုစကားတော်
ကြောင့် ယုဒ လူတို့သည် တဖန်ကွဲပြားခြင်းရှိကြ
၂၀ ၏။- လူများတို့က၊ သူသည်နတ်ဆိုးစွဲ၍ အရူးဖြစ်
၏။ သူ့စကားကို အဘယ်ကြောင့် နားထောင်သ
၂၁ နည်းဟု ဆိုကြ၏။- အချို့ တို့က၊ သူ့စကားသည်
နတ်ဆိုး စွဲသော သူ၏ စကား မ ဟုတ်။ နတ် ဆိုး
သည် မျက်စိ ကန်းသော သူတို့ကို မြင်စေ ခြင်းငှါ
တတ်နိုင်သလောဟုဆိုကြ၏။
၂၂ ဆောင်းကာလဖြစ်၍အင်္ကာ နိပွဲ ကိုယေရုရှလင်
၂၃ မြို့၌ ခံကြသော အခါ၊- ယေရှုသည် ဗိမာန် တော်
နားမှာ ရှောလမုန်ကနားဇပြင်၌ စင်္ကြံသွားတော်မူ
၂၄ စဉ်တွင်၊-ယုဒလူတို့သည် ကိုယ်တော်ကိုဝန်းရံ၍၊
သင်သည် အဘယ်မျှ ကာလပတ်လုံး ငါတို့ကိုယုံ
မှားစေမည်နည်း၊ ခရစ်တော်မှန်လျှင် အတည့်အ
၂၅ လင်း ပြောပါဟု ဆိုကြ၏။- ယေရှုကလည်း၊ ငါ
ပြောပြီ။သင်တို့သည် မယုံကြ။ ငါ့ခမည်းတော်၏
အခွင့်နှင့်ငါပြုသောအမှုတို့သည် ငါ၏သက်သေ
၂၆ ဖြစ်ကြ၏။- သို့သော်လည်းသင်တို့သည် မယုံကြ။
အဘယ်ကြောင့် မယုံကြသနည်း ဟူမူကား၊ သင်
တို့သည် ငါ့သိုးတို့ အဝင်မဟုတ်။ အထက်ကငါ
၂၇ ပြောသည်အတိုင်း၊- ငါ့သိုးတို့သည်ငါ့စကားသံ
ကိုနားထောင်၍ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုး
၂၈ တို့ကိုငါသိ၏။- ထာဝရအသက်ကိုလည်း ငါပေး
၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ် မပြတ်
ကင်းလွတ်ကြလိမ့်မည်။အဘယ်သူမျှထိုသိုးတို့ကို
၂၉ ငါ့လက်မှ မနှုတ် မယူရာ။- ထိုသိုးတို့ကို ငါ၌အပ်
ပေးတော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်း
သောသူတို့ထက်ကြီးမြတ်တော်မူသည်ဖြစ်၍၊ အ
ဘယ်သူမျှထိုသိုးတို့ကို ငါ့ခမည်းတော်၏ လက်မှ
၃၀ မနှုတ်မယူနိုင်ရာ။- ငါသည်ငါ့ခမည်းတော်နှင့် တ
လုံးတဝတည်းဖြစ်သည်ဟုမိန့်တော်မူ၏။
၃၁ ထိုအခါ ယုဒလူတို့သည် ကိုယ်တော်ကို ခဲနှင့်
ပစ်ခြင်းငှါ တဖန်ကျောက်ခဲတို့ကိုကောက်ယူကြ
၃၂ ၏။- ယေရှုကလည်း၊ ငါသည် ငါ့ခမည်းတော်၏
အခွင့်နှင့်ကောင်းသောအမှုအများတို့ကို သင်တို့
အားပြပြီ။ ထိုအမှုတို့တွင် အဘယ်မည်သောအမှု
ကြောင့်ငါ့ကိုခဲနှင့်ပစ်ကြမည်နည်းဟုမေးတော်မူ
၃၃ လျှင်၊- ယုဒလူတို့က၊ ကောင်းသော အမှုကြောင့်
ခဲနှင့် ပစ်မည် မဟုတ်။ သင်သည် လူဖြစ်လျက်ပင်
ဘုရားသခင် ဖြစ်ရောင်ဆောင်၍ ဘုရားသခင် ကို
လွန်ကျူးသောစကားကြောင့်ခဲနှင့်ပစ်မည်ဟုဆို
၃၄ ကြ၏။- ယေရှုက လည်း၊ သင်တို့သည် ဘုရားဖြစ်

၁၀ း ၄၀း

ကြ၏၊ ငါဆိုသည်ဟု သင်တို့၏ပညတ်ကျမ်းစာ၌
၃၅ လာသည် မဟုတ်လော။-ဘုရားသခင်၏ ဗျာဒိတ်
တော်ကိုခံရသောသူတို့ကိုဘုရားဟူ၍ခေါ်ရလျှင်
၃၆ ၎င်း၊ ကျမ်း စကား ကို မပယ်ရလျှင် ၎င်း၊-ခမည်း
တော်သည်သန့်ရှင်းစေ၍၊ဤလောကသို့စေလွှတ်
တော်မူသောသူက၊ ငါသည်ဘုရားသခင်၏သား
တော် ဖြစ်သည်ဟု ဆိုသော ကြောင့်၊ သင်သည်
ဘုရားသခင်ကို လွန်ကျူး၍ ပြောသည်ဟု ထိုသူ
၃၇ အားဆိုရာသလော။- ငါသည် ငါ့ခမည်းတော်၏
၃၈ အမှုတို့ကိုမပြုလျှင် ငါ့ကိုမယုံကြနှင့်။-ပြုလျှင်ငါ့ကို
မယုံသော်လည်းထိုအမှုတို့ကိုယုံကြလော့။ ထိုသို့
ယုံလျှင်ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကို
၎င်း၊ ငါသည် ခမည်းတော်၌ ရှိသည်ကို၎င်း ယုံ၍
သိမှတ်ကြလိမ့်မည်ဟုမိန့်တော်မူ၏။
၃၉ ထိုအခါကိုယ်တော်ကိုဘမ်းဆီးခြင်းငှါတဖန်
ရှာကြပြန်လျှင်၊ ထိုသူတို့၏လက်မှထွက်ကြွတော်
၄၀ မူ၏။-ယောဟန်သည် ဗတ္တိဇံ*ကို ရှေဦးစွာပေးရာ
အရပ်၊ ယော်ဒန်မြစ်တဘက်သို့တဖန်ကြွ၍ ထိုအ
၄၁ ရပ်၌နေတော်မူ၏။- လူများတို့သည် အထံတော်
သို့ရောက်လာ လျှင်၊ယောဟန်သည်နိမိတ်လက္ခ
ဏာကိုမပြ။ သို့သော်လည်း ဤသူ၏ အကြောင်း
ကိုယောဟန်ပြောသမျှမှန်ပေ၏ဟုဆိုကြသဖြင့်၊-
၄၂ ထိုအရပ်၌လူများတို့သည်ကိုယ်တော်ကိုယုံကြည်
ကြ၏။

၁၁

၁ ညီအစ်မ မာရိနှင့် မာသတို့နေသောဗေသနိ
ရွာသား၊ လာဇရုအမည်ရှိသော သူတယောက်
၂ သည် နာလျက် နေလေ ၏။- နာလျက် နေသော
လာဇရု၏ နှမ မာရိကား၊ သခင်ဘုရားကိုဆီမွှေး
နှင့်လိမ်း၍ ခြေတော်ကို မိမိဆံပင်နှင့် သုတ်သော
၃ မာရိဖြစ်သတည်း။- ညီအစ်မတို့သည်အထံတော်
သို့ စေ လွှတ် ၍၊ သခင်၊ ကိုယ်တော် ချစ်တော်မူ
သောသူသည် နာလျက်နေပါသည်ဟု လျှောက်
၄ ကြ၏။- ထိုစကား ကို ယေရှုသည် ကြားတော် မူ
လျှင်၊ ထိုအနာသည်သေနာမဟုတ်။ဘုရားသခင်
၏ဘုန်းတော်ကို ထင်ရှားစေသော အနာဖြစ်၏။
ထိုအနာကြောင့်ဘုရားသခင်၏သားတော်သည်
ဘုန်း ထင်ရှားခြင်း ရှိလိမ့်မည်ဟု မိန့်တော် မူ၏။-
၅ ယေရှုသည်မာသကို၎င်း၊သူ၏ညီမနှင့်လာဇရုကို
၆ ၎င်း ချစ်တော် မူ၏။- လာဇရု နာသည် ကို ကြား
တော်မူလျှင်၊ ကြွတော်မမူဘဲ ထိုအရပ်၌ နှစ်ရက်
နေတော်မူ၏။

* ဗတ္တိဇံ၏ ပုဒ်နက်သည် နှစ်ခြင်း ဖြစ်၏။

၇ ထိုနောက်မှတပည့်တော်တို့အား၊ယုဒပြည်သို့
၈ တဖန်သွားကြကုန်အံ့ဟုမိန့်တော်မူလျှင်၊-တပည့်
တော်တို့က၊ အရှင်ဘုရား၊ ယုဒလူတို့သည် ယခု
ပင်ကိုယ်တော်ကိုခဲနှင့်ပစ်ခြင်းငှါရှာကြံလျက်ပင်
ထို အရပ်သို့ တဖန် ကြွတော် မူဦးမည် လော ဟု
၉ လျှောက်ကြ၏။- ယေရှုကလည်း၊ တနေ့တွင် တ
ဆယ်နှစ်နာရီ ရှိသည်မဟုတ်လော။ လူသည်နေ့
အ ချိန် ၌ သွား လာ လျှင်၊ နေ ရောင် အလင်း ကို
၁၀ မြင်ရသောကြောင့်ထိမိ၍မလဲတတ်။- ညဥ့်အချိန်
၌သွားလာလျှင်မူကား၊အလင်းမရှိသောကြောင့်
၁၁ ထိမိ၍ လဲတတ်၏ဟု မိန့်တော်မူပြီးမှ၊- ငါတို့အ
ဆွေလာဇရုသည်အိပ်ပျော်၏။သူ့ကိုနှိုးခြင်းအလို
၁၂ ငှါငါသွားမည်ဟုမိန့်တော်မူ၏။-တပည့်တော်တို့
ကလည်း၊ သခင်၊ သူသည်အိပ်ပျော်လျှင် သက်
၁၃ သာရလိမ့်မည်ဟု လျှောက်ကြ၏။- ယေရှုသည်
လာဇရု သေကြောင်းကို ရည်မှတ်၍ မိန့်တော်မူ
သော်လည်း၊ ပကတိ အိပ်ပျော်ကြောင်းကို မိန့်
တော်မူသည် ဟု တပည့်တော်တို့သည် ထင်မှတ်
၁၄ ကြ၏။-ထိုကြောင့်ယေရှုက၊လာဇရုသေပြီ။ သင်
၁၅ တို့သည်ယုံကြည်မည်အကြောင်း၊- ထိုအရပ်၌ငါ
မရှိသည်ကို ထောက်၍ သင်တို့အတွက် ငါဝမ်း
မြောက်ခြင်းရှိ၏။သူ့ဆီသို့ယခုသွားကြကုန်အံ့ဟု
၁၆ အတည့် အလင်း မိန့် တော် မူ၏။- ဒိဒုမု အမည်ရှိ
သော သောမက၊ အကျွန်ုပ် တို့လည်း လိုက်၍သ
ခင်နှင့်အတူ အသေခံကြ ကုန်အံ့ဟု တပည့်တော်
ချင်းတို့အားပြောဆို၏။

၁၇ ယေရှုသည်ရောက်တော်မူသောအခါ၊ လာ
ဇရုကိုသင်္ဂြိုဟ်၍သင်္ချိုင်းတွင်း၌လေးရက်လွန်လေ
၁၈ ပြီ။- ဗေသနိရွာသည် ယေရုရှလင် မြို့နှင့် တတိုင်
၁၉ လောက်သာကွာသည်ဖြစ်၍၊- မာသနှင့်မာရိတို့
၏မောင်သေသောကြောင့်၊ သူတို့ကိုနှစ်သိမ့်စေ
၂၀ လိုသောငှါယုဒလူများတို့သည်လာကြ၏။- ယေ
ရှု ကြွလာတော်မူကြောင်းကို မာသသည် ကြား
လျှင်၊ ကိုယ်တော်ကိုခရီးဦးကြိုပြုခြင်းငှါ သွား၏။
၂၁ မာရိမူကားအိမ်၌ထိုင်လျက်နေရစ်၏။-မာသက၊
သခင်၊ကိုယ်တော်ရှိတော်မူလျှင် ကျွန်မ၏မောင်
၂၂ မသေပါ။- ယခု သေလျက် ရှိသော်လည်း ကိုယ်
တော်သည်ဘုရားသခင်ကိုဆုတောင်းတော်မူသ
မျှအတိုင်းဘုရားသခင်ပေးတော်မူမည်ကို ကျွန်မ
၂၃ သိပါသည်ဟုလျှောက်၏။-ယေရှုကလည်း၊ သင်
၏မောင်သည်ထမြောက်လိမ့်မည်ဟု မိန့်တော်မူ
၂၄ ၏။-မာသကလည်း၊ နောက်ဆုံးသောနေ့တည်း
ဟူ သော ၁ ထ မြောက် ရာ ကာ လ၌ သူ သည်ထ
မြောက်လိမ့်မည်ကိုကျွန်မသိပါသည်ဟုလျှောက်
၂၅ ၏။- ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအ
ကြောင်း၊ အသက်ရှင်ခြင်း အကြောင်းဖြစ်၏။ ငါ့
ကိုယုံကြည်သောသူသည် သေလွန်သော်လည်း
၂၆ ရှင်လိမ့်မည်။- ငါ့ကိုယုံကြည်၍ အသက်ရှင်သော
သူရှိသမျှတို့သည်လည်းသေခြင်းနှင့်အစဉ်မပြတ်
ကင်းလွတ်ကြလိမ့်မည်။ ငါ့စကားကို ယုံသလော
ဟုမေးတော်မူလျှင်၊မာသက၊ဟုတ်ပါ၏သခင်။-
၂၇ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော ဤ
လောကသို့ကြွလာတော်မူသော ဘုရားသခင်၏
သားတော်ဖြစ်တော်မူသည်ကို ကျွန်မယုံပါသည်
ဟုလျှောက်၏။

၂၈ ထိုသို့လျှောက်ပြီးမှမာသသည်သွား၍မိမိညီမ
မာရိ အား၊ အရှင် ဘုရား ရောက်လာတော် မူပြီ။
သင့်ကို ခေါ်တော်မူသည်ဟု တိတ်ဆိတ်စွာခေါ်
၂၉ လေ၏။- မာရိ သည် ထိုစကားကို ကြားလျှင် အ
လျင်တဆောထ၍ အထံတော်သို့ သွားလေ၏။-
၃၀ ထိုအခါ ယေရှုသည် ရွာထဲသို့မဝင်သေး။ မာသ
ခရီးဦးကြိုပြုသော အရပ်၌ ရှိတော်မူ သတည်း။-
၃၁ ထိုကြောင့်နှစ်သိမ့်စေသောစကားကိုပြောလျက်
မာရိနှင့်အတူအိမ်၌ရှိသောယုဒလူတို့သည် မာရိ
အလျင်တဆောထ၍ ထွက်သွားသည်ကို မြင်ကြ
လျှင်၊ ငိုကြွေးခြင်းငှါသင်္ချိုင်းသို့သွားပြီဟုဆို၍သူ
၃၂ နောက်သို့လိုက်ကြ၏။- မာရိသည်ယေရှုရှိတော်
မူရာအရပ်သို့ရောက်၍ကိုယ်တော်ကိုမြင်လျှင်ခြေ
တော် ရင်း၌ ပြပ်ဝပ်လျက်၊ သခင်၊ ကိုယ်တော်ရှိ
တော်မူလျှင်ကျွန်မ၏ မောင်မသေပါဟုလျှောက်
၃၃ ၏။- မာရိမှစ၍လိုက်လာသောယုဒလူတို့သည်ငို
ကြွေးကြသည်ကိုယေရှုသည်မြင်တော်မူသောအ
၃၄ ခါ၊ အလွန် ညှိုးငယ်ခြင်း၊ စိတ်ပူပန်ခြင်းရှိ၍၊-အ
လောင်းကို အဘယ်မှာ ထားကြသနည်းဟု မေး
တော် မူ လျှင်၊ သခင် ကြွ၍ ကြည့် တော် မူပါဟု
၃၅ လျှောက်ကြ၏။- ယေရှုသည် မျက်ရည် ကျတော်
၃၆ မူ၏။- ယုဒလူတို့က၊ ကြည့်ပါ၊ လာဇရုကိုအလွန်
၃၇ ချစ်တော်မူပါသည်တကားဟုဆိုကြ၏။-အချို့တို့
က၊ မျက်စိကန်းသောသူကိုမြင်စေတော်မူသော
ဤသခင် သည်၊ လာဇရုကို မသေ စေခြင်းငှါ မ
၃၈ တတ်နိုင်သလောဟုဆိုကြ၏။- တဖန်ယေရှုသည်
အလွန် ညှိုးငယ်သော စိတ်နှင့် သင်္ချိုင်း တွင်းသို့
ရောက်တော်မူ၏။ ထိုတွင်းသည်မြေတွင်းဖြစ်၏။
၃၉ ကျောက်နှင့် ပိတ်ထား၏။- ကျောက်ကို ရွေ့ကြ

လော့ ဟု ယေရှုသည် မိန့်တော်မူလျှင်၊ သေလွန်
သောသူ၏ နှမ မာသက၊ သခင်၊ ယခုဖြစ်လျှင်နံ့
၄၀ လိမ့်မည်။ လေးရက်ရှိပါပြီဟုလျှောက်၏။-ယေရှု
ကလည်း၊ သင်သည်ယုံလျှင်ဘုရားသခင်၏ဘုန်း
အာနုဘော်တော်ကို မြင်ရလိမ့်မည်၊ ငါပြောပြီမ
၄၁ ဟုတ်လောဟု မိန့်တော်မူ၏။- ထိုအခါ သေလွန်
သောသူ၏သင်္ချိုင်းမှကျောက်ကိုရွှေကြ၏။ယေရှု
သည်လည်း အထက်သို့ကြည့်မျှော်လျက်၊ အဘ၊
ကိုယ်တော်သည် အကျွန်ုပ်စကားကို နားထောင်
၄၂ တော်မူသော ကျေးဇူးတော် ကြီးလှပါ၏။- ကိုယ်
တော်သည် အကျွန်ုပ် စကားကို အစဉ်မပြတ်နား
ထောင် တော် မူသည်ကို အ ကျွန်ုပ် သိ ပါ၏။ သို့
သော်လည်း ကိုယ် တော် သည် အ ကျွန်ုပ်ကို စေ
လွှတ်တော် မူသည်ကို ဝန်းရံလျက် ရှိသော ဤလူ
အပေါင်းတို့သည်ယုံကြည်စေခြင်းငှါ သူတို့၏အ
ကျိုးကို ထောက်၍ ဤသို့ အကျွန်ုပ်လျှောက်ပါ၏
၄၃ ဟု မိန့် မြွက် တော် မူပြီးမှ၊- လာဇရု ထွက်၍လာ
လော့ ဟု ကြီး သော အသံနှင့် ဟစ် ခေါ် တော်မူ
၄၄ ၏။-ထိုအခါသေလွန်သောသူသည် မိမိခြေလက်
၌ပုဆိုးနံ့ငယ်နှင့် ရစ်ပတ်လျက်၊ မျက်နှာကိုလည်း
ပဝါနှင့်စည်းလျက်ထွက်လာ၏။ ယေရှုကလည်း၊
၄၅ သူ့ကိုဖြည်၍လွှတ်ကြလော့ဟုမိန့်တော်မူ၏။- ထို
အခါမာရိထံသို့လာသောယုဒလူအများတို့သည်
ယေရှု ပြု တော် မူသော အမှု ကို မြင် လျှင်၊ ကိုယ်
၄၆ တော်ကိုယုံကြည်ကြ၏၊- အချို့မူကား၊ ဖာရိရှဲတို့
ထံသို့သွား၍ ယေရှုပြုတော်မူသော အမှုကိုကြား
ပြောကြ၏။

၄၇ ထိုအခါ ယဇ်ပုရောဟိတ် အကြီးတို့နှင့် ဖာရိရှဲ
များသည်လွှတ်အရာရှိတို့ကိုစည်းဝေးစေပြီးလျှင်၊
ငါတို့သည်အဘယ်သို့ပြုလျက်နေကြသနည်း။ ထို
သူသည်များစွာသော နိမိတ်လက္ခဏာကိုပြ၏။-
၄၈ သူ့ကိုဤသို့အလွှတ်ထားလျှင်လူခပ်သိမ်းတို့သည်
ယုံကြည်ကြ လိမ့်မည်။ ရောမ လူတို့ သည် လည်း
လာ၍ငါတို့အရပ်ဌာနကိုငင်း၊ ငါတို့အမျိုးကိုငင်း
သုတ်သင်ပယ်ရှင်းကြလိမ့်မည်ဟုပြောဆိုကြ၏။-
၄၉ ထိုသူတို့အဝင်၊ ထိုနှစ်တွင် ယဇ်ပုရောဟိတ် မင်း
ဖြစ်သော ကယာဖအမည်ရှိသောသူက၊ သင်တို့
၅၀ သည်အလျှင်းမသိကြ။- ယုဒလူမျိုး အကုန်အစင်
ပျက်စီးသည်ထက်၊ လူတယောက်သည်လူများတို့
အတွက်သေသော်သာ၍ကောင်းသည်ကိုသင်တို့
၅၁ သည် မဆင်ခြင်ပါတကားဟု ပြောဆို၏။- ထိုစ
ကားကို ကိုယ်အလိုအလျောက် ပြောဆိုသည်မ
ဟုတ်။ ထိုနှစ်တွင်ယဇ်ပုရောဟိတ်မင်းဖြစ်လျက်၊
ယေရှု သည် ထို အမျိုး အတွက် သေရ မည် ဟူ၍
၅၂ ငင်း၊-ထိုအမျိုးအတွက်သာမကအရပ်ရပ်တို့၌ကွဲ
ပြားလျက်ရှိသောဘုရားသခင်၏သားများကို အ
တူ စုဝေးစေခြင်းငှါ သေရမည် ဟူ၍ငင်း၊ ပရော
၅၃ ဖက် ဉာဏ် နှင့် ဟောပြော၏။- ထိုနေ့မှစ၍ ကိုယ်
တော်၏အသက်ကို သတ်ခြင်းငှါ တိုင်ပင်ကြံစည်
၅၄ ကြ၏၊-ထိုကြောင့်၊ယေရှုသည်နောက်တဖန်ယုဒ
လူတို့တွင်ထင်ရှားစွာမလှည့်လည်ဘဲ၊ ထိုအရပ်မှ
ထွက်၍တောနှင့်အနီး ဧဖရိမ်အမည်ရှိသောမြို့သို့
ကြွ၍တပည့်တော်တို့နှင့်အတူနေတော်မူ၏။

၅၅ ယုဒပသခါပွဲခံခါနီးတွင် လူများတို့သည် မိမိ
တို့ကိုသန့်ရှင်းစေခြင်းငှါ ပွဲမခံမှီအရပ်ရပ်တို့မှယေ
၅၆ ရုရှလင်မြို့သို့လာကြ၏။- ထိုသူတို့သည် ယေရှုကို
ရှာဖွေ၍၊အချင်းတို့၊ အဘယ်သို့ထင်ကြသနည်း။
သူသည်ပွဲသို့မလာသလောဟု ဗိမာန်တော်၌ရပ်
၅၇ လျက် အချင်း ချင်း မေးမြန်း ကြ၏။- ထိုအခါ အ
ဘယ်သူသည် ယေရှုရှိရာ အရပ်ကို သိလျှင် သူ့ကို
ဘမ်း ဆီးစေ ခြင်းငှါ ပြသွန် ရမည်ဟု ယဇ်ပုရော
ဟိတ်အကြီးတို့နှင့်ဖာရိရှဲတို့သည်မှာခဲ့ကြပြီ။

## ၁၂

၁ ပသခါပွဲ ခံချိန် ခြောက်ရက် လိုသေးသောအ
ခါ၊ အထက်က သေလွန်၍သေခြင်းမှ ထမြောက်
စေတော်မူသောလာဇရုနေရာအရပ်၊ ဗေသနိရွာ
၂ သို့ယေရှုသည် ရောက်တော်မူ၏။- ထိုကြောင့်ထို
သူတို့သည် ပွဲလုပ်ကြသဖြင့်မာသသည်လုပ်ကျွေး
မှုကိုဆောင်၍၊ လာဇရုသည်ကိုယ်တော်နှင့်အတူ
၃ လျောင်းသောသူတို့အဝင်ဖြစ်၏။- ထိုအခါ မာရိ
သည်အဘိုးများစွာထိုက်သောနာဒုဆီမွှေးစစ်အ
ကျပ်သုံးဆယ်ကိုယူ၍၊ ယေရှု၏ခြေတော်ကိုလိမ်း
ပြီးလျှင်မိမိဆံပင်နှင့်သုတ်သဖြင့်၊ ထိုဆီ၏ အမွှေး
၄ သည်တအိမ်လုံးကိုနံ့ပြား၏။-တပည့်တော်တို့အ
ဝင် ဖြစ်၍ ကိုယ်တော် ကို အပ်နှံမည့်သူ၊ ရှိမုန်၏
၅ သား ယုဒရှကာရုတ်က၊-ထိုဆီမွှေးကိုဒေနာရိအ
ပြားသုံးရာအဘိုးနှင့်ရောင်း၍ ဆင်းရဲသောသူတို့
အား အဘယ်ကြောင့် မပေးသနည်း ဟု ဆို၏။-
၆ ထိုသို့ ဆိုသော်၊- ဆင်းရဲသော သူတို့ အကျိုး ကို
ထောက်၍ ဆိုသည် မဟုတ်။ မိမိသည် သူခိုးဖြစ်
လျက်၊ တပည့်တော် များ သုံး ရန် ငွေအိတ် ကို
ဆောင်၍ နှိုက်ယူ တတ်သောကြောင့်သာ ဆိုသ
၇ တည်း။- ယေရှု သည် လည်း၊ ထို မိန်းမကို ရှိစေ
တော့။ ငါ၏အလောင်းကိုသင်္ဂြိုဟ်ခြင်းငှါ ပြင်ဆင်

သော နေ့ တိုင် အောင် သူသည် ဤဆီမွှေးကို သို
၈ ထားပြီ။- ဆင်းရဲသောသူတို့ကားသင်တို့၌အစဉ်
ရှိကြ၏။ ငါမူကား၊ အစဉ် ရှိသည် မဟုတ်ဟုမိန့်
တော်မူ၏။
၉ ထိုအရပ်၌ယေရှုရှိတော်မူသည်ကိုယုဒလူများ
အပေါင်း တို့သည် သိလျှင်၊ ကိုယ်တော် ကြောင့်
သာလာသည်မဟုတ်။ သေခြင်းမှ ထမြောက်စေ
တော်မူသော လာဇရုကိုမြင်ခြင်းငှါ လာကြ၏။-
၁၀ ထိုသို့ယုဒလူများတို့သည် လာဇရုကိုအကြောင်း
၁၁ ပြုသဖြင့် ထွက်သွား၍၊- ယေရှုကိုယုံကြည်သော
ကြောင့်၊ယဇ်ပုရောဟိတ်အကြီးတို့သည် လာဇရု
ကိုလည်းသတ်ခြင်းငှါတိုင်ပင်စီရင်ကြ၏။
၁၂ နက်ဖြန်နေ့၌ယေရှုသည်ယေရုရှလင်မြို့သို့ကြွ
လာတော်မူသည်ကို၊ထိုပွဲသို့လာသောလူအစုအ
၁၃ ဝေးအပေါင်းတို့သည်ကြားရလျှင်၊- စွန်ပလွံခက်
များကိုကိုင်လျက်၊ ကိုယ်တော်ကို ခရီးဦးကြိုပြုအံ့
သောငှါ ထွက်သွားကြ၍၊ ဟောရှဏ္ဏ ဖြစ်စေသ
တည်း။ထာဝရဘုရား၏အခွင့်နှင့်ကြွလာတော်မူ
သော ဣသရေလရှင်ဘုရင်သည် မင်္ဂလာရှိစေသ
၁၄ တည်းဟုကြွေးကြော်ကြ၏။-ကျမ်းစာ၌လာသည်
၁၅ ကား၊-အိုဇိအုန်သတို့သမီး၊မစိုးရိမ်နှင့်။သင်၏အ
ရှင်မင်းကြီးသည် မြည်းကလေးကိုစီး၍ သင်ရှိရာ
သို့ကြွလာတော်မူသည်ကို ကြည့်ရှုလော့ဟု ရေး
ထားသည်နှင့်အညီ၊ ယေရှုသည်မြည်းကလေးကို
၁၆ တွေ့၍စီးတော်မူ၏။- ထိုအကြောင်း အရာကိုတ
ပည့်တော်တို့သည် အစအဦး၌ နားမလည်သော်
လည်း၊ ကိုယ်တော်ကိုရည်မှတ်၍ ထိုသို့ရေးထား
သည်ကိုငှင်း၊ကိုယ်တော်အားထိုသို့ပြုကြသည်ကို
ငှင်း၊ ဘုန်းပွင့်တော်မူသည်နောက်သတိရ၍မှတ်
မိကြ၏။
၁၇ နောက်တော်သို့လိုက်သောလူအစုအဝေးတို့
သည်ကား၊လာဇရုကိုသင်္ချိုင်းတွင်းမှခေါ်၍ သေ
ခြင်းမှ ထမြောက်စေတော်မူသည် အကြောင်းကို
၁၈ သက်သေခံကြ၏။-ထိုနိမိတ်လက္ခဏာကိုပြတော်
မူသည်ဟု လူများ တို့သည် သိတင်း ကြားသော
ကြောင့်၊ ခရီးဦးကြို ပြုအံ့သောငှါ ထွက်သွား ကြ
၁၉ ၏။-ဖာရိရှဲအချင်းချင်းတို့လည်း၊ သင်တို့သည်အ
လျှင်းမတတ်နိုင်။ ဤလောက သည် ထိုသူနောက်
သို့လိုက်သွားပါပြီတကားဟု ပြောဆိုကြ၏။
၂၀ ကိုး ကွယ် ခြင်း အမှု နှင့် ထို ပွဲသို့ ရောက်လာ
၂၁ သောသူတို့တွင် ဟေလသလူအချို့ပါ၏။- ထိုသူ
တို့သည် ဂါလိလဲပြည် ဗက်ဇဲဒမြို့သားဖြစ်သော
ဖိလိပ္ပုထံသို့ သွား၍ အကျွန်ုပ်တို့သည် ယေရှုကို
၂၂ မြင်ချင် ပါသည်၊ ခင်ဗျားဟုတောင်းပန်ကြ၏။-ဖိ
လိပ္ပုသည်သွား၍အန္ဒြေကိုကြားပြောပြီးမှ၊ ထိုသူ
၂၃ နှစ်ယောက်တို့သည်ယေရှုကိုလျှောက်၏။-ယေရှု
ကလည်း၊ လူသားသည် ဘုန်းပွင့်ရသော အချိန်
၂၄ ရောက်လာပြီ။-ငါအမှန်အကန်ဆိုသည်ကား၊မြေ
၌ကျသော စပါးစေ့သည် မပျက်လျှင်တခုတည်း
နေ၏။ ပျက်လျှင်မူကား များစွာသော အသီးကို
၂၅ သီး တတ် ၏။- မိမိ အသက်ကို နှမြော သော သူ
သည် အသက်ဆုံးလိမ့်မည်။ ဤလောက၌ မိမိအ
သက်ကိုမုန်းသောသူမူကား၊ ထာဝရအသက်ကို
၂၆ စောင့်ရှောက်လျက်နေ၏။- ငါ၏အမှုကိုဆောင်
ရွက်သော သူဖြစ်လျှင် ငါ့နောက်သို့လိုက်ရမည်။
ငါ၏ အမှု ဆောင် သည်လည်း ငါရှိရာ အရပ်၌ရှိ
လိမ့်မည်။ ငါ၏အမှုကို ဆောင်ရွက် သောသူဖြစ်
လျှင်ထိုသူကိုခမည်းတော်သည် ချီးမြှောက်တော်
မူလတံ့။
၂၇ ငါသည်ယခုစိတ်နှလုံးပူပန်ခြင်းရှိ၏။အဘယ်
သို့ငါလျှောက်ရမည်နည်း။ ထိုအချိန်မှ အကျွန်ုပ်
ကိုကယ်တင်တော်မူပါ၊ အဘဟုလျှောက်ရမည်
လော။ အကြောင်းရှိ၍သာ ထိုအချိန်သို့ ရောက်
၂၈ လာပြီ။-အိုအဘ၊ ကိုယ်တော်၏နာမတော်ကိုချီး
မြှောက်တော်မူပါဟုမိန့်မြွက်တော်မူ၏။ထိုအခါ
ကောင်းကင်မှစကားသံကား၊ ငါချီးမြှောက်ခဲ့ပြီ၊
၂၉ တဖန်ချီးမြှောက်ဦးမည်ဟုလာ၏။-ဝန်းရံလျက်ရှိ
သောလူအစုအဝေးတို့သည်ကြားလျှင်မိုးချုန်း
သည်ဟု ဆိုကြ၏။ အချို့က လည်း ကိုယ်တော်
အား ကောင်းကင်တမန်မြွက်သည်ဟုဆိုကြ၏။-
၃၀ ယေရှုက၊ထိုစကားသံသည်ငါ့အဘို့အလိုငှါလာ
၃၁ သည်မဟုတ်၊သင်တို့အဘို့အလိုငှါလာ၏။- ယခု
တွင် ဤလောကသည် တရားစီရင်ခြင်းကိုခံရ၏။
ယခုတွင် ဤလောကကို အစိုးရသော မင်းသည်
၃၂ ပြင်သို့ နှင်ထုတ်ခြင်းကို ခံရ လိမ့်မည်။- ငါသည်
လည်း မြေကြီးနှင့်ခွါ၍ မြှောက်ထားခြင်းကို ခံရ
လျှင်၊လူအပေါင်းတို့ကိုငါ့ထံသို့ ငါဆွဲမည်ဟုမိန့်
၃၃ တော်မူ၏။- ထိုသို့မိန့်တော်မူသော်၊ မိမိသည်အ
ဘယ်သို့သေရမည်အရိပ်ကိုပေးတော်မူ၏။
၃၄ လူများတို့ကလည်း၊ ခရစ်တော်သည် အစဉ်
အမြဲတည်သည်ဟု ပညတ္တိကျမ်း၌ လာကြောင်း
ကိုအကျွန်ုပ်တို့ကြားသိရပြီ။ သို့ဖြစ်လျှင်လူသား
သည် မြှောက်ထားခြင်းကိုခံရမည်ဟု သင်သည်
အဘယ်သို့ဆိုသနည်း။ ထိုလူသားသည်အဘယ်

၃၅ သို့သောသူနည်းဟုဆိုကြ၏။-ယေရှုကလည်း၊အ
လင်းသည် သင်တို့တွင် ခဏသာ ရှိ၏။ အလင်းရှိ
စဉ် အခါ သွား လာ ကြ လော့။ သို့ မဟုတ် လျှင်
မှောင်မိုက်သည်သင်တို့ကိုမှီလိမ့်မည်။မှောင်မိုက်
၌ သွား သော သူ သည် အ ဘယ် ဆီသို့ မိမိ သွား
၃၆ သည်ကိုမိမိမသိ။- အလင်း ရှိစဉ်အခါ အလင်း၏
သားဖြစ်အံ့သောငှါအလင်းကိုယုံကြည်ကြလော့
ဟု မိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူပြီးမှ ယေရှု
သည်ထွက်ကြွ၍ ထိုသူတို့ကိုတိမ်းရှောင်လျက်နေ
တော်မူ၏။
၃၇ ထိုမျှလောက် ကြီးစွာသော နိမိတ်လက္ခဏာ
တို့ကိုသူတို့မျက်မှောက်၌ ပြတော်မူသော်လည်း
၃၈ သူတို့သည်ယုံကြည်ခြင်းသို့မရောက်ကြ။- ပရော
ဖက်ဟေရှာယ ဟောဘူးသည်ကား၊ အိုထာဝရ
ဘုရား၊ အကျွန်ုပ်တို့ ဟောပြော သောသိတင်းစ
ကားကိုအဘယ်သူယုံပါသနည်း၊ ထာဝရဘုရား
၏ လက်တော် သည် အဘယ်သူအား ထင်ရှား
တော်မူသနည်းဟူသောစကားသည် ပြည့်စုံခြင်း
၃၉ သို့ရောက်သတည်း။- တဖန်ပရောဖက်ဟေရှာယ
၄၀ ဟောပြန် သည်ကား၊- သူတို့မျက်စိမမြင်၊ စိတ်နှ
လုံးနားမလည်၊ အကျင့်မပြောင်းလဲ၊ သူတို့အနာ
ရောဂါ ကို ငါမငြိမ်း စေ သည် တိုင် အောင် သူတို့
မျက်စိကို ကွယ်စေတော်မူ၏။ သူတို့ စိတ်နှလုံးကို
မိုက်စေတော်မူ၏ ဟူသောစကားကြောင့် ထိုသူ
၄၁ တို့သည် ယုံကြည်ခြင်းသို့ မရောက်နိုင်ကြ။- ဟေ
ရှာယသည် တန်းအာနုဘော်တော်ကိုမြင်၍ မျာ
ဒိတ်တော်ကိုပြန်စဉ်တွင် ထိုစကားကိုဟောပြော
၄၂ သ တည်း။- သို့ သော် လည်း အရာရှိ အ များတို့
သည်ကိုယ်တော်ကိုယုံကြည်ကြ၏။တရားစရပ်မှ
ဖာရိရှဲ တို့ သည် နှင် ထုတ် မည် ကို စိုးရိမ် သော
၄၃ ကြောင့် ထင် ရှား စွာ ဝန် မခံကြ။- အ ကြောင်းမူ
ကား၊ ဘုရားသခင် ပေးတော်မူသောဘုန်းအသ
ရေထက်လူတို့ပေးသော ဘုန်းအသရေကိုသာ၍
နှစ်သက်ကြ၏။
၄၄ ယေရှုကလည်း၊ ငါ့ကိုယုံကြည်သောသူသည်
ငါ့ကိုသာ ယုံကြည်သည်မဟုတ်၊ ငါ့ကိုစေလွှတ်
၄၅ တော်မူသောသူကိုယုံကြည်၏။- ငါ့ကိုကြည့်မြင်
သောသူသည် ငါ့ကိုစေလွှတ်တော်မူသောသူကို
၄၆ ကြည့်မြင်၏။- ငါ့ကို ယုံကြည် သမျှသော သူတို့
သည် မှောင် မိုက် ၌ မနေ စေခြင်းငှါ ငါသည် အ
၄၇ လင်း ဖြစ်လျက် ဤလောက သို့ ကြွ လာပြီ။- ငါ့စ
ကားကို ကြား သော သူသည် မယုံကြည် ဘဲ နေ
လျှင် ထိုသူ ကို ငါသည် အ ပြစ် မစီရင်။ လောကီ
သား တို့ကို အပြစ်စီရင် အံ့သောငှါ ငါလာသည်
မဟုတ်၊ လောကီသားတို့ကို ကယ်တင် အံ့သော
၄၈ ငှါ ငါလာ၏။- ငါ့ကိုပယ်၍ ငါ့စကားကို နားမခံ
သောသူအား အပြစ်စီရင်သောသူ ရှိသေး၏။ငါ
ဟောပြောသောစကားပင် နောက်ဆုံးသောနေ့
၄၉ ၌ထိုသူအားအပြစ်စီရင်လိမ့်မည်။- အကြောင်းမူ
ကား၊ငါသည်ကိုယ်အလိုအလျောက်ဟောပြော
သည်မဟုတ်၊ငါ့ကိုစေလွှတ်တော်မူသောခမည်း
တော်သည်အဘယ်သို့ ငါဆုံးမဟောပြောရမည်
ကိုပညတ်ပေးတော်မူပြီ။ ခမည်းတော်၏ ပညတ်
တော်သည် ထာဝရ အသက် ဖြစ်သည်ကို ငါသိ
၅၀ ၏။- ထို ကြောင့် ဟော ပြော သမျှ တို့ကို ခမည်း
တော် မှာ ထား တော် မူသည် အ တိုင်း ငါဟော
ပြောသည်ဟုကြွေးကြော်၍မိန့်တော်မူ၏။

၁၃

၁ ပသခါပွဲမ ခံ မှီ၌ ယေရှု သည် ဤ လောကမှ
ခမည်းတော်ထံသို့ ပြောင်းရသောအချိန် ရောက်
သည်ကို သိတော်မူသည် ဖြစ်၍၊ ဤလောက၌ ရှိ
သော မိမိလူတို့ကို ချစ်တော်မူသောကြောင့် အ
၂ ဆုံး တိုင်အောင် ချစ်တော်မူ၏။- ကိုယ်တော်ကို
အပ် နှံ မည် အ ကြောင်း မာရ် နတ် သည် ရှိမုန်၏
သား ယုဒရှကာရုတ် ၏ စိတ် နှ လုံး ၌ အကြံ ပေး
သွင်းနှင့်သ ဘည်း။ ထိုအခါ ညစာကိုစားကြစဉ်၊-
၃ ခမည်း တော်သည် အလုံးစုံ တို့ကို သူ၏လက်သို့
အပ်ပေးတော်မူသည်ကိုငင်း၊ သူသည် ဘုရားသ
ခင့်ထံတော်မှ ထွက်လာ သည်ကိုငင်း၊ ဘုရားသ
ခင့် ထံတော်သို့ ကြွသွား မည်ကိုငင်း ယေရှုသည်
၄ သိတော် မူသည်နှင့်၊- စားပွဲမှထ၍ ဝတ်လုံတော်
ကိုချွတ်ပြီးလျှင်၊ ပဝါကိုယူ၍ ခါးကို စည်းတော်မူ
၅ ၏။- ထို နောက်မှ ရေကို အင်တုံ၌ လောင်း၍တ
ပည့်တော်တို့၏ခြေကိုဆေးပြီးမှ ခါး၌စည်းသော
ပဝါနှင့်သုတ်တော်မူ၏။
၆ ရှိမုန်ပေတရုဆီသို့ရောက်တော်မူသောအခါ
ထိုတပည့်တော်က၊ သခင်၊ ကိုယ်တော်သည် အ
ကျွန်ုပ်၏ ခြေကို ဆေးတော် မူမည်လော ဟု မေး
၇ လျှောက် ၏။- ယေရှုက လည်း၊ သင် သည် ငါပြု
သောအမှုကို ယခုနားမလည်သေး။ နောက်မှသိ
၈ လိမ့်မည် ဟု မိန့်တော် မူ၏။- ပေတရုက လည်း၊
ကိုယ်တော်သည်အကျွန်ုပ်၏ခြေကိုအလျှင်းဆေး
တော်မမူရဟုလျှောက်၏။ ယေရှုကလည်း၊ သင့်
ကိုငါမဆေးရလျှင်သင်သည်ငါနှင့်မဆက်ဆံရဟု

၉ မိန့်တော်မူ၏။- ရှိမုန်ပေတရုကလည်း၊ အကျွန်ုပ်
၏ ခြေ ကို သာ မ ဆေး ပါ နှင့်။ လ က် ကို ၎င်း၊
ဦးခေါင်း ကို၎င်း ဆေးတော်မူပါဟု လျှောက်ပြန်
၁၀ ၏။-ယေရှုကလည်း၊ ရေချိုးပြီးသောသူမည်သည်
ကား၊ ခြေ ဆေး ခြင်း မှ တ ပါး ဆေး ရသော အ
ကြောင်း မရှိ၊ တကိုယ်လုံး စင်ကြယ် ၏၊ သင်တို့
သည် စင်ကြယ်သော်လည်း အချို့ မစင်ကြယ် ဟု
၁၁ မိန့်တော်မူ၏။-ကိုယ်တော်ကိုအပ်နှံမည့်သူကိုသိ
တော် မူသော ကြောင့်၊ သင် တို့ တွင် တချို့ မစင်
ကြယ်ဟုမိန့်တော်မူသတည်း။
၁၂ ထိုသို့သူတို့၏ ခြေကိုဆေးတော်မူပြီးမှ တဖန်
ဝတ်လုံကိုဝတ်၍ လျောင်းတော်မူလျက်၊ သင်တို့
၌ ငါပြုခဲ့သော အမှု ကို နားလည် ကြ သလော။-
၁၃ သင်တို့သည် ငါ့ကို အရှင်ဘုရား ဟူ၍၎င်း၊ သခင်
ဟူ၍၎င်းခေါ်တတ်ကြ၏။ ထိုစကားလည်း ဟုတ်
မှန်သောစကားဖြစ်၏။ အကြောင်းမူကား၊ သင်
၁၄ တို့ခေါ် ကြသည်အတိုင်း ငါမှန်၏။- ငါသည် သ
ခင်ဖြစ်လျက်၊ အရှင် ဘုရား လည်း ဖြစ်လျက် နှင့်
သင်တို့၏ ခြေကို ဆေးလျှင် သင်တို့သည် အချင်း
၁၅ ချင်းတို့၏ခြေကိုဆေးရကြမည်။- ငါသည်သင်တို့
၌ ပြုသကဲ့သို့ သင်တို့သည် ပြုစေ ခြင်းငှါ ပုံ သက်
၁၆ သေကို ပြခဲ့ပြီ။- ငါ အမှန် အကန် ဆိုသည်ကား၊
ကျွန် သည် သခင်ထက် သာ၍ ကြီး မြတ် သည် မ
ဟုတ်။တမန်သည်လည်း စေလွှတ်သောသူထက်
၁၇ သာ၍ ကြီး မြတ်သည် မဟုတ်။- ဤ အရာများ ကို
သင်တို့သိ၍ သိသည်အတိုင်း ကျင့်လျှင် မင်္ဂလာရှိ
၁၈ ကြ၏။- သင်တို့ရှိသမျှကိုငါရည်မှတ်၍ပြောသည်
မဟုတ်။ ငါရွေးကောက်သောသူတို့ကို ငါသိ၏။
ကျမ်းစာချက်ပြည့်စုံစေမည်အကြောင်း ငါနှင့်အ
တူ စားသော သူသည် ငါ့ကို ခြေနှင့် ကျောက်သ
၁၉ တည်း။-ထိုအမှုအရာရောက်သောအခါ ငါသည်
ဤ မည်သော သူ ဖြစ် သည် ကို သင်တို့ သံသယ
ကြည်စေခြင်းငှါ၊ မရောက်မှီယခုပင်သင်တို့အား
၂၀ ငါပြောနှင့်ပြီ။-ငါအမှန်အကန်ဆိုသည်ကား၊ ငါ
စေလွှတ်သောသူကို လက်ခံသောသူသည် ငါ့ကို
လက်ခံ၏။ ငါ့ကို လက်ခံသောသူသည် ငါ့ကိုစေ
လွှတ် တော် မူသောသူ ကို လက် ခံ သည် ဟု မိန့်
တော်မူ၏။
၂၁ ထိုသို့ ယေရှုသည် မိန့်တော် မူပြီးမှ စိတ် နှလုံး
တော် ပူပန် ခြင်းရှိ၍၊ ငါ အမှန် အကန် ဆိုသည်
ကား၊သင်တို့တွင် တစုံတယောက်သောသူသည်
ငါ့ ကိုအပ်နှံ လိမ့် မည်ဟု သက် သေ ခံလျက် မိန့်
၂၂ တော်မူ၏။-အဘယ်သူကိုရည်ဆောင်၍မိန့်တော်
မူသည်ကို တပည့်တော်တို့သည် တွေးတောခြင်း
ရှိသဖြင့်၊ အချင်းချင်း တယောက်ကို တယောက်
၂၃ ကြည့်ရှုကြ၏။- ယေရှု ချစ်တော်မူသော တပည့်
တော်သည်ရင်ခွင်တော်နားမှာလျောင်းသဖြင့်၊-
၂၄ အဘယ်သူကို ရည်ဆောင်၍ မိန့်တော် မူသနည်း
ဟု မေးစေခြင်းငှါ၊ ရှိမုန် ပေတရုသည် ထိုတပည့်
၂၅ တော်ကို အမှတ် ပေး၏။- ထိုတပည့် တော်သည်
ယေရှု၏ ရင်တော်ကို မှီ၍ လျောင်း နေလျက်၊သ
၂၆ ခင်၊ အဘယ် သူနည်းဟု လျှောက်၏။- ယေရှုက
လည်း၊ ဤမုန့်တလုပ်စာကို ငါနှစ်၍ပေးသောသူ
ဖြစ်၏ဟုမိန့်တော်မူပြီးလျှင်၊ မုန့်တလုပ်စာကိုနှစ်
ပြီးမှရှိမုန်၏သား ယုဒရှကာရုတ်အား ပေးတော်
၂၇ မူ၏။- ထိုသူသည်မုန့်တလုပ်စာကိုခံပြီးမှ၊စာတန်
သည်သူ့အထဲသို့ဝင်လေ၏။ယေရှုကလည်း၊သင်
ပြုရသောအမှုကို အလျင်အမြန်ပြုလော့ဟု ထိုသူ
၂၈ အား မိန့်တော် မူ၏။- အဘယ်ကြောင့် ထိုသို့မိန့်
တော်မူသည်ကိုစားပွဲ၌လျောင်းသောသူတို့တွင်
၂၉ အဘယ် သူမျှမသိ။- အချို့တို့က၊ ယုဒရှကာရုတ်
သည်ငွေအိတ်ကိုဆောင်သောကြောင့်၊ဤပွဲ၌ငါ
တို့ သုံး စရာ အဘို့ကို ဝယ် လော့ ဟူ၍ ၎င်း၊ သို့မ
ဟုတ် ဆင်းရဲသော သူတို့အား တစုံ တခုကို ပေး
လော့ ဟူ၍၎င်း၊ ယေရှု မိန့်တော် မူသည်ဟု ထင်
၃၀ မှတ်ကြ ၏။- ယုဒရှကာရုတ်သည် မုန့် တလုပ်စာ
ကိုခံပြီးမှ ချက်ခြင်း ထွက်သွား၏။ ထိုအချိန်ကား
ညအချိန်ဖြစ်၏။
၃၁ ထိုသူသွားသည်နောက်၊ ယေရှုက၊ ယခုတွင်
လူသားသည် ဘုန်း ထင်ရှားခြင်း ရှိသည် ဖြစ်၍၊
ဘုရားသခင် သည်လည်း လူသားအားဖြင့် ဘုန်း
၃၂ တော် ထင်ရှားခြင်း ရှိ၏။- ဘုရား သခင်သည်လူ
သားအားဖြင့် ဘုန်းတော် ထင်ရှားခြင်း ရှိလျှင်၊
ဘုရားသခင်သည် ကိုယ်တော်တိုင်အားဖြင့်သူ၏
ဘုန်းကို ထင်ရှား စေတော် မူလိမ့်မည်။ ကာလမ
ကြာမမြင့်မှီသူ၏ဘုန်းကိုထင်ရှားစေတော်မူလိမ့်
၃၃ မည်။-ချစ်သားတို့၊ ငါသည်သင်တို့နှင့်အတူ ခဏ
သာနေရ၏။ သင်တို့သည် ငါ့ကို ရှာကြလိမ့်မည်။
ငါ သွားရာ အရပ်သို့ သင်တို့ မရောက် နိုင် ကြဟု
ယုဒလူတို့အားငါပြောသကဲ့သို့ယခုသင်တို့အား
၃၄ ငါပြော၏။-သင်တို့သည်အချင်းချင်းတယောက်
ကိုတယောက် ချစ်ကြလော့။ ငါသည် သင်တို့ကို
ချစ် သည် နည်း တူ အ ချင်းချင်း ချစ်ကြ လော့ဟု
၃၅ ပညတ်သစ်ကို ငါပေး၏။- သင်တို့သည် အချင်း

ချင်းချစ်ကြလျှင်၊ လူအပေါင်းတို့သည်ထိုမေတ္တာ
ကိုထောက်၍သင်တို့သည်ငါ၏တပည့်ဖြစ်သည်
ကိုသိရကြလိမ့်မည်ဟုမိန့်တော်မူ၏။
၃၆ ရှိမုန်ပေတရုက၊ သခင်၊ ကိုယ်တော်သည်အ
ဘယ် အ ရပ် သို့ ကြွ တော် မူ မည် နည်း ဟု မေး
လျှောက်လျှင်၊ယေရှုက၊ငါသွားရာအရပ်သို့သင်
သည် ယခုမလိုက်နိုင်။ နောက်မှလိုက်ရလိမ့်မည်
၃၇ ဟုမိန့်တော်မူ၏။- ပေတရု ကလည်း၊ သခင်၊ အ
ကျွန်ုပ် သ ည် ကိုယ် တော် နှင့် အတူ အ ဘယ်
ကြောင့် ယခု မလိုက်နိုင်သနည်း။ ကိုယ်တော်အ
ဘို့အကျွန်ုပ်၏အသက်ကို စွန့်ပါမည်ဟုလျှောက်
၃၈ လျှင်၊-ယေရှုက၊ငါ့အဘို့သင့်အသက်ကိုစွန့်မည်
လော။ ငါအမှန် အကန် ဆို သ ည် ကား၊ ကြက်မ
တွန်မှီ သင်သည် သုံးကြိမ် မြောက် အောင် ငါ့ကို
ငြင်းပယ်လိမ့်မည်ဟုမိန့်တော်မူ၏။

၁၄

၁ တဖန်တုံယေရှုက၊သင်တို့စိတ်နှလုံးပူပန်ခြင်း
မရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ငါ့
၂ ကိုလည်း ယုံ ကြည် ကြလော့။- ငါ့ အဘ ၏ အိမ်
တော်၌ နေစရာ အခန်း အများ ရှိ၏။ သို့ မဟုတ်
လျှင်မဟုတ်ကြောင်းကိုသင်တို့အားငါမပြောဘဲ
မနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါငါ
၃ သွားရ၏။-ငါသည်သွား၍ သင်တို့နေစရာအရပ်
ကိုပြင်ဆင်ပြီးမှ တဖန်လာပြန်၍၊ ငါရှိရာအရပ်၌
သင် တို့ ရှိ စေ ခြင်း ငှါ သင် တို့ကို ငါ့ထံသို့ သိမ်း
၄ ဆည်း မည်။- ငါ သည် အဘယ် အ ရပ်သို့ သွား
သည်ကိုငင်း၊ လမ်း ခရီးကိုငင်း၊ သင်တို့ သိကြ၏
၅ ဟုမိန့်တော်မူ၏။-သောမကလည်း၊သခင်၊ကိုယ်
တော်သည် အဘယ်အရပ်သို့ သွားတော်မူသည်
ကိုအကျွန်ုပ်တို့ မသိသည် ဖြစ်၍၊ လမ်း ခရီးကိုအ
ဘယ်သို့ သိနိုင် ပါမည် နည်းဟု လျှောက် လျှင်၊-
၆ ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရား
လည်းဖြစ်၏။အသက်လည်းဖြစ်၏။ငါ့ကိုအမှီမပြု
လျှင်အဘယ်သူမျှခမည်းတော်ထံသို့မရောက်ရ။-
၇ သင်တို့သည်ငါ့ကိုသိလျှင်ငါ့ခမည်းတော်ကိုမသိ
ဘဲမနေရကြ။ ယခုမှစ၍ခမည်းတော်ကိုသိမြင်ကြ
၏ဟုမိန့်တော်မူ၏။
၈ ဖိလိပ္ပုကလည်း၊ သခင်၊ ခမည်း တော်ကိုအ
ကျွန်ုပ်တို့အား ပြတော်မူပါ။ ထိုသို့ပြတော်မူလျှင်
အ ကျွန်ုပ် တို့ အလို ပြည့် စုံ ပါ မည် ဟု လျှောက်
၉ လျှင်၊- ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံးငါ
သည်သင်တို့နှင့်အတူရှိပြီးမှသင်သည် ငါ့ကိုမသိ
သေးသလော။ ငါ့ကိုမြင်သော သူသည် ခမည်း
တော်ကိုမြင်၏။ သို့ဖြစ်လျှင်၊ ခမည်း တော် ကိုအ
ကျွန်ုပ်တို့အားပြတော်မူပါဟု သင်သည်အဘယ်
၁၀ သို့ဆိုရသနည်း။- ငါသည်ခမည်းတော်၌ရှိသည်
ကိုငင်း၊ ခမည်းတော်သည်ငါ၌ရှိတော်မူသည်ကို
ငင်းမယုံသလော။ ငါပြောသောစကားကို
ကိုယ် အလို အ လျောက် ငါ ပြော ပြောသည်မ
ဟုတ်။ ငါ၌ပြုသော အမှုတို့ကိုကား၊ ငါ၌တည်နေ
၁၁ တော်မူသောခမည်းတော်သည်ပြုတော်မူ၏။-ငါ
သည်ခမည်းတော်၌ရှိသည်ကိုငင်း၊ ခမည်းတော်
သည် ငါ၌ရှိတော်မူသည်ကိုငင်း ယုံကြလော့။ငါ့
စကားကို မယုံလျှင်၊ ငါ့အမှုတို့ကို ထောက်၍ ယုံ
၁၂ ကြလော့။- ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကို
ယုံကြည်သော သူသည် ငါပြုသော အမှု တို့ကိုပြု
လိမ့်မည်။ ထိုအမှု တို့ထက် သာ၍ ကြီးသောအမှု
တို့ကိုလည်း ပြုလိမ့်မည်။ အကြောင်း မူကား၊ ငါ
၁၃ သည် ခမည်းတော်ထံသို့ သွား၍၊- သင်တို့သည်
ငါ၏ နာမကို အမှီ ပြုလျက် ဆု တောင်း သမျှ အ
တိုင်းငါပြုမည်။ အကြောင်းမူကား၊ ခမည်းတော်
သည် သားတော်အားဖြင့် ဘုန်းထင်ရှားတော်မူ
၁၄ ခြင်းရှိမည်အကြောင်းတည်း။-သင်တို့သည်ငါ၏
နာမကို အမှီပြု၍ တစုံ တခု သော ဆုကို တောင်း
လျှင်၊တောင်းသည်အတိုင်းငါပြုမည်။
၁၅ ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့် ရှောက်
၁၆ ကြလော့။ ငါသည်ခမည်းတော်ကိုတောင်း၍၊-ခ
မည်းတော်သည်သမ္မာတရားကိုပြသောဝိညာဉ်
တော် တည်း ဟူသော တပါးသော ဥပဇ္ဈာယ်ဆ
ရာကို သင်တို့နှင့်အတူ အစဉ်မပြတ် တည်နေစေ
၁၇ ခြင်းငှါသင်တို့အားပေးတော်မူမည်။-ထိုဝိညာဉ်
တော်ကို လောကီသားတို့သည် မသိမမြင်သော
ကြောင့်မခံ မယူ နိုင်ကြ။ ထို ဝိညာဉ် တော်သည်
သင်တို့နှင့် အတူ တည်နေ၍၊ သင်တို့၌ ရှိတော်မူ
၁၈ သော ကြောင့် သင်တို့သိရကြ၏။- ငါသည်သင်
တို့ကိုမိဘမဲ့ဖြစ်စေခြင်းငှါစွန့်ပစ်မည်မဟုတ်။သင်
၁၉ တို့ဆီသို့ လာဦးမည်။- ခဏ ကြာ ပြီးမှ လောကီ
သားတို့သည် ငါ့ကိုမမြင်ရကြ။ သင်တို့မူကားမြင်
ရကြလိမ့်မည်။ငါသည်အသက်ရှင်သောကြောင့်
သင်တို့ သည်လည်း အသက် ရှင်ရကြလိမ့်မည်။-
၂၀ ငါသည် ခမည်း တော်၌ ရှိသည်ကို ငင်း၊ သင်တို့
သည် ငါ၌ ရှိသည်ကို ငင်း၊ ငါသည် သင် တို့၌ ရှိ
သည်ကိုငင်း၊ ထိုနေ့၌ သင်တို့ သည် သိရကြလိမ့်
၂၁ မည်။-ငါ့ပညတ်တို့ကိုခံ၍စောင့်ရှောက်သောသူ

သည်ငါ့ကိုချစ်သောသူဖြစ်၏။ငါ့ကိုချစ်သောသူ
ကိုငါ့ခမည်းတော်သည်ချစ်တော်မူမည်။ငါသည်
လည်း ထိုသူကိုချစ်၍ သူ့အားကိုယ်တိုင် ထင်ရှား
မည်ဟုမိန့်တော်မူ၏။
၂၂ ယုဒရှကာရုတ်မဟုတ်၊ အခြားသောယုဒက၊
သခင်၊ ကိုယ်တော်သည် လောကီ သားတို့အား
မထင်ရှားဘဲ အကျွန်ုပ် တို့အား အဘယ်သို့ ထင်
၂၃ ရှားတော် မူမည် နည်းဟု မေးလျှောက်၏။- ယေ
ရှုကလည်း၊ ငါ့ကိုချစ်သောသူသည်ငါ့စကားကို
နားထောင် လိမ့်မည်။ ငါ့ ခမည်း တော်သည်ထို
သူကို ချစ်တော် မူသည်။ ငါတို့သည်လည်း သူ့ဆီ
၂၄ သို့ကြွ၍နေရာချမည်။- ငါ့ကိုမချစ်သော သူသည်
ငါ့ စကားကို နား မထောင်။ သင်တို့ကြား သော
စကား သည် ငါ့ စကား မဟုတ်။ ငါ့ ကိုစေလွှတ်
တော် မူသော ခမည်း တော်၏ စကား တော်ဖြစ်
၂၅ ၏။- ငါသည်သင်တို့နှင့်အတူရှိစဉ်တွင် ဤစကား
၂၆ ကို ပြော ခဲ့ပြီ။- ခမည်း တော် သည် ငါ့ အ တွက်
ကြောင့် စေလွှတ်တော် မူသော ဥပဇ္ဈာယ် ဆရာ
တည်း ဟူ သော သန့် ရှင်း သော ဝိ ညာဉ် တော်
သည်သင်တို့အားခပ်သိမ်းသောအရာတို့ကိုပြသ
သွန်သင်တော်မူ၍၊ ငါပြောခဲ့ သမျှသော စကား
တို့ ကို မှတ်မိ သော ဉာဏ် ကို သင် တို့ အား ပေး
၂၇ တော်မူမည်။- ငြိမ်သက်ခြင်းကိုသင်တို့၌ငါထားခဲ့
၏။ ငါ၏ငြိမ်သက်ခြင်းကိုသင်တို့အားငါပေး၏။
လောကီသားတို့ပေးသကဲ့သို့ငါပေးသည်မဟုတ်။
သင်တို့ စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမ
၂၈ ရှိစေနှင့်။- ငါသည်ယခုသွားသော်လည်း သင်တို့
ဆီသို့လာဦးမည်ဟုငါပြောသော စကားကို သင်
တို့ကြားရကြပြီ။သင်တို့သည်ငါ့ကိုချစ်လျှင်ခမည်း
တော် ထံသို့ ငါသွားမည်ကို ဝမ်းမြောက် ကြလိမ့်
မည်။အကြောင်းမူကား၊ ငါ့ခမည်းတော်သည်ငါ့
၂၉ ထက်သာ၍ ကြီးမြတ်တော်မူ၏။- ထိုအမှု အရာ
ရောက်သောအခါ သင်တို့သည် ယုံကြည်စေခြင်း
ငှါ၊ မရောက်မှီယခုပင်သင်တို့အားငါပြောနှင့်ပြီ။-
၃၀ ယခုမှ စ၍ ငါသည် သင်တို့ နှင့် များစွာ မပြောရ။
အကြောင်း မူကား၊ ဤ လောကကို အစိုးရသော
မင်းသည်လာဆဲဖြစ်၏။ လာသော်လည်းငါ၌ အ
၃၁ ဘယ် အခွင့်အရာကိုမျှ မတွေ့ရ။- ငါသည် ခမည်း
တော်ကို ချစ်သည်ကို၎င်း၊ ခမည်းတော် မှာတော်
မူသည် အတိုင်း ငါပြုသည်ကို၎င်း၊ လောကီသား
တို့သိမည်အကြောင်းတည်း။ဤအရပ်မှထ၍သွား
ကြကုန်အံ့။

၁၅

၁ ငါသည် မှန်သော စပျစ် နွယ်ပင် ဖြစ်၏။ ငါ့ခ
မည်းတော်သည်လည်းဥယျာဉ်စောင့်ဖြစ်တော်မူ
၂ ၏။- ငါ၌ အသီး မသီးသော အခက်ရှိသမျှတို့ကို
ခုတ်ပစ်တော်မူ၏။အသီးသီးသောအခက်ရှိသမျှ
တို့ကို သာ၍ သီးစေ ခြင်းငှါ သုတ်သင် ရှင်းလင်း
၃ တော်မူ၏။- သင်တို့သည် ငါ ဟော ပြော သော
စကားအားဖြင့် ယခုပင်ရှင်းလင်းလျက်ရှိကြ၏။-
၄ ငါ၌တည်နေကြလော့။ ငါသည်လည်း သင်တို့၌
တည် နေမည်။ စပျစ် ခက် သည် အပင် ၌ မတည်
လျှင်၊ ကိုယ်အလို အလျောက် အသီးမသီးနိုင်သ
ကဲ့သို့၊ သင်တို့သည်ငါ၌မတည်လျှင် အသီးမသီး
၅ နိုင်ကြ။- ငါ သည် စပျစ် နွယ် ပင် ဖြစ် ၏။ သင်တို့
သည်အခက်များဖြစ်ကြ၏။ အကြင်သူသည်ငါ၌
တည်၍ ငါသည်လည်း သူ၌တည်၏၊ ထိုသူသည်
များ စွာသော အသီးကို သီးတတ်၏။ ငါနှင့် ကွာ
လျှင် သင်တို့သည် အဘယ် အမှုကိုမျှ မတတ်နိုင်
၆ ကြ။- ငါ၌ မတည် သော သူ သည် သွေ့ ခြောက်
သောအခက်ကဲ့သို့ပြင်သို့ပစ်လိုက်ခြင်းကိုခံရ၏။
ထိုသို့သောအခက်များကိုလူတို့သည်စုသိမ်း၍မီး
ထဲသို့ ချလိုက်ကြသဖြင့် မီးလောင်ခြင်းသို့ရောက်
၇ ကြ၏။- သင်တို့သည် ငါ၌တည်၍ငါ့စကားသည်
သင်တို့၌တည်လျှင်၊ သင်တို့သည် တောင်းချင်သ
မျှကိုတောင်း၍ရကြလိမ့်မည်။
၈ သင်တို့သည်များစွာသောအသီးကိုသီးသော
အားဖြင့်၊ ငါ့ ခမည်း တော် သည် ဘုန်း ထင်ရှား
တော်မူ၍၊သင်တို့သည်လည်းငါ၏တပည့်မှန်ကြ
၉ လိမ့်မည်။- ခမည်း တော်သည် ငါ့ကို ချစ်တော်မူ
သကဲ့သို့ ငါသည်သင်တို့ကိုချစ်၏။ ငါ၏ချစ်ခြင်း
၁၀ မေတ္တာ၌ တည်နေကြလော့။- ငါသည်ငါ့ခမည်း
တော်၏ ပညတ် တို့ကို စောင့် ရှောက် ၍ ခမည်း
တော်၏မေတ္တာ၌တည်နေသကဲ့သို့၊သင်တို့သည်
ငါ့ပညတ်တို့ကို စောင့်ရှောက်လျှင်၊ ငါ့ မေတ္တာ၌
၁၁ တည် နေကြလိမ့်မည်။- သင်တို့၌ ငါ ဝမ်းမြောက်
စရာအကြောင်းတည်စေခြင်းငှါ၎င်း၊ သင်တို့ဝမ်း
မြောက်စရာအကြောင်း စုံလင်စေခြင်းငှါ၎င်း၊ ဤ
၁၂ စကား ကို သင် တို့ အား ငါ ဟော ပြော ၏။- ငါ့
ပညတ် ဟူ မူကား၊ ငါသည် သင်တို့ကို ချစ်သည်
နည်းတူ၊ သင်တို့သည် အချင်းချင်းချစ်ကြလော့။-
၁၃ ကိုယ်အဆွေတို့အတွက်အလို့ငှါကိုယ်အသက်ကိုစွန့်
ခြင်းမေတ္တာထက်သာ၍မြတ်သောမေတ္တာသည်
၁၄ အဘယ်သူ၌မျှမရှိ။- သင်တို့သည် ငါပညတ်သမျှ

၁၅ တို့ကိုကျင့်ဆောင်လျှင်ငါ၏အဆွေဖြစ်ကြ၏ -ယ
ခုမှစ၍ငါသည်သင်တို့ကိုကျွန်ဟူ၍မခေါ်။ကျွန်မူ
ကား၊ကိုယ်သခင်ပြုသောအမှုကိုမသိ။သင်တို့ကို
အဆွေ ဟူ၍ ငါ ခေါ်၏။ အကြောင်း မူကား၊ ငါ
သည်ခမည်းတော်ထံ၌ ကြားသမျှသောအရာတို့
၁၆ ကို သင်တို့အား ငါပြသ၏။- သင် တို့သည် ငါ့ကို
ရွေးကောက်ကြသည်မဟုတ်။ငါသည်သင်တို့ကို
ရွေး ကောက် သဖြင့်၊ သင်တို့သည် သွား၍ တည်
ကြည်သော အသီးကို သီးမည်အကြောင်းနှင့် ငါ့
နာမကိုအမှီပြု၍ ခမည်းတော်မှာတောင်းသမျှတို့
ကိုရမည်အကြောင်းသင်တို့ကိုငါခန့်ထား၏။
၁၇ သင် တို့ သည် အချင်း ချင်း ချစ်စေ ခြင်းငှါ ဤ
၁၈ ပညတ်တို့ကို ငါပေး၏။- လောကီ သားတို့သည်
သင်တို့ကို မုန်းလျှင်၊ သင်တို့ကို မမုန်းမှီငါ့ကိုမုန်း
၁၉ ကြသည်ကိုသိမှတ်ကြလော့။-သင်တို့သည်လော
ကီနှင့် ဆက်ဆံလျှင်၊ လောကီ သားတို့သည် မိမိ
တို့နှင့် ဆက်ဆံသော သင်တို့ကို ချစ်ကြလိမ့်မည်။
သင်တို့သည်လောကီနှင့်မဆက်ဆံ၊ လောကီထဲ
က ငါ ရွေးကောက်သောသူ ဖြစ်သော ကြောင့်၊
လော ကီ သား တို့သည် သင် တို့ကို မုန်း ကြ၏။-
၂၀ ကျွန်သည်မိမိသခင်ထက်သာ၍ ကြီးမြတ်သည်မ
ဟုတ်ဟု ငါ ပြောခဲ့ ပြီးသော စကားကို အောက်
မေ့ကြလော့။ သူတို့သည်ငါ့ကို ညှဉ်းဆဲလျှင်သင်
တို့ကို ညှဉ်း ဆဲ ကြ လိမ့် မည်။ ငါ့ စကား ကို နား
ထောင်လျှင် သင်တို့၏ စကားကို နားထောင်ကြ
၂၁ လိမ့်မည်။- ထိုသူတို့သည် ငါ့ ကိုစေလွှတ်တော်မူ
သောသူကို မသိသည်ဖြစ်၍၊ ငါ၏ နာမ ကြောင့်
သင်တို့အား ထိုအမှုရှိသမျှတို့ကိုပြုကြလိမ့်မည်။-
၂၂ ငါသည်လာ၍ ထိုသူတို့အား မဟောမပြောလျှင်
သူတို့၌ အပြစ်မရှိ။ ယခု မူကား၊ မိမိတို့ အပြစ် ကို
၂၃ ဖုံးကွယ်၍မထားနိုင်ကြ။- ငါ့ကိုမုန်းသောသူသည်ငါ့
၂၄ ခမည်းတော်ကို မုန်း၏။- ငါသည် အခြားသူ မပြု
ဘူးသောအမှုကို ထိုသူတို့ရှေ့မှာမပြုလျှင် သူတို့၌
အပြစ်မရှိ။ ယခုမူကား၊သူတို့သည်ထိုအမှုကိုမြင်
၂၅ ရ၍ငါနှင့် ငါ့ ခမည်းတော်ကို မုန်းကြ၏။- သို့ဖြစ်
လျှင်၊ အကြောင်းမရှိဘဲငါ့ကိုမုန်းကြ၏ဟု သူတို့
၏ပညတ်ကျမ်းစာ၌ရေးထားသောစကားသည်
၂၆ ပြည့်စုံခြင်းသို့ ရောက်သတည်း။- ခမည်းတော်ထံ
မှ ထွက် လာ ၍ သ မ္မာ တ ရား နှင့် ပြည့် စုံ သော
ဝိညာဉ် တော်တည်း ဟူသော ခမည်းတော်ထံမှ
သင်တို့ဆီသို့ ငါစေလွှတ် လတံ့သော ဥပဇ္ဈာယ်
ဆရာ သည် ရောက် လာ သော အခါ၊ ငါ၏ အ
၂၇ ကြောင်းကို သက်သေခံလိမ့်မည်။- သင်တို့သည်
လည်း ရှေ့ဦး စွာမှ စ၍ ငါ နှင့် အတူ ရှိနေ သော
ကြောင့်သက်သေခံရကြလိမ့်မည်။

၁၆

၁ သင်တို့သည် စိတ်မပျက် စေခြင်းငှါ ဤစကား
၂ ကိုငါဟောပြော၏။-လောကီသားတို့သည်သင်
တို့ကိုတရားစရပ်မှနှင်ထုတ်လိမ့်မည်။ သင်တို့ကို
သတ်သောသူ မည်သည်ကား၊ ဘုရားဝတ်ကိုငါ
ပြုပြီဟု မိမိထင်မှတ်သော အချိန် ကာလ ရောက်
၃ လိမ့်မည်။-ခမည်းတော်ကိုမသိ၊ ငါ့ကိုလည်းမသိ
၄ သော ကြောင့် ထိုသို့ ပြုကြ လိမ့်မည်။- ထို အချိန်
ကာလ ရောက်သော အခါ၊ ငါသည် အထက်က
ဤသို့ပြောပြီးသည်ကိုသင်တို့အောက်မေ့စေခြင်း
ငှါယခုပင် ငါဟောပြော၏။ အစအဦး၌ သင်တို့
နှင့် အတူ ငါရှိသော ကြောင့် ဤသို့ မပြော ဘူး
၅ သေး။-ငါ့ကိုစေလွှတ်တော်မူသောသူထံသို့ယခု
ငါသွားရမည်ဖြစ်၍၊ အဘယ်အရပ်သို့ သွားမည်
၆ နည်းဟုသင်တို့မမေးကြ။-ဤအကြောင်းအရာတို့
ကိုငါဟောပြော သောကြောင့် သင်တို့သည်အ
လွန်ဝမ်းနည်းခြင်းသို့ရောက်ကြ၏။
၇ ငါအမှန် အကန် ဆိုသည်ကား၊ ငါသွားလျှင်
သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ငါ
မသွားလျှင် ဥပဇ္ဈာယ် ဆရာသည် သင်တို့ ဆီသို့
မလာ။ ငါသွားလျှင် ထိုသူကိုသင်တို့ဆီသို့ ငါစေ
၈ လွှတ်မည်။- ဥပဇ္ဈာယ် ဆရာ သည် ရောက် လာ
လျှင်၊ ဒုစရိုက်အပြစ်ကိုငင်း၊ အပြစ် ကင်းခြင်းကို
ငင်း၊အပြစ်စီရင်ခြင်းကိုငင်း၊ လောကီသားတို့အား
၉ ထင်ရှားစွာ ဘော် ပြမည်။- ငါ့ကို မယုံကြည်ကြ
၁၀ သောကြောင့်ဒုစရိုက်အပြစ်ကိုဘော်ပြမည်။-ငါ
သည်ခမည်းတော်ထံသို့သွားမည်ဖြစ်၍၊ သင်တို့
သည် နောက် တဖန် ငါ့ ကို မတွေ့ မမြင် ရ သော
၁၁ ကြောင့်၊ အပြစ် ကင်း ခြင်းကို ဘော် ပြမည်။- ဤ
လော ကကို အစိုးရသော မင်းသ သည် အပြစ် စီရင်
ခြင်းကိုခံရသောကြောင့်အပြစ်စီရင်ခြင်းကိုဘော်
ပြမည်။
၁၂ သင် တို့ အား ငါ ပြော စရာ စကား အများ ရှိ
၁၃ သော်လည်း၊ သင်တို့သည်ယခုမခံနိုင်ကြ။-သမ္မာ
တရားနှင့် ပြည့်စုံ သော ထို ဝိညာဉ် တော် သည်
ရောက်လာသောအခါ၊ သမ္မာ တရားကို သင်တို့
အား အကြွင်းမဲ့ သွန် သင် ပြ သ လိမ့် မည်။ ထို
ဝိညာဉ်တော်သည်ကိုယ်အလိုအလျောက်ဟော
ပြော မည် မဟုတ်။ ကြား သ မျှ တို့ကို ဟောပြော

လိမ့်မည်။ နောင် လာ လတ့ံ သော အရာ တို့ကို
၁၄ လည်း သင်တို့ အား ဘော်ပြ လိမ့်မည်။- ထို သူ
သည်ငါ့ဘုန်းကိုထင်ရှားစေလိမ့်မည်။အကြောင်း
မူကား၊ ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍သင်တို့
၁၅ အားဘော်ပြလိမ့်မည်။- ခမည်းတော်နှင့်စပ်ဆိုင်
သမျှသည် ငါနှင့်စပ်ဆိုင်၏။ ထိုကြောင့်ငါနှင့်စပ်
ဆိုင်သောအရာကိုယူ၍သင်တို့အားဘော်ပြလိမ့်
မည်ဟုငါပြော၏။
၁၆ ခဏကြာပြီးမှ သင်တို့သည် ငါ့ကိုမမြင်ရကြ။
တဖန် ခဏကြာပြီးမှ ငါ့ ကို မြင်ပြန် ကြလိမ့်မည်။
အကြောင်းမူကား၊ ငါသည် ခမည်းတော် ထံသို့
၁၇ သွား မည်ဟု မိန့်တော်မူ၏။- တပည့်တော် အချို့
ကလည်း၊ ခဏကြာပြီးမှ သင်တို့သည် ငါ့ကိုမမြင်
ရကြ။ တဖန် ခဏကြာပြီးမှ ငါ့ကိုမြင်ပြန် ကြလိမ့်
မည်ဟူ၍၎င်း၊အကြောင်းမူကား၊ငါသည်ခမည်း
တော်ထံသို့သွားမည်ဟူ၍၎င်း၊ မိန့်တော်မူသော
၁၈ စကား သည် အ ဘယ် သို့ နည်း။- ခဏ ဟူ၍ မိန့်
တော်မူသော်အဘယ်သို့ဆိုလိုသနည်း။ မိန့်တော်
မူသော စကားကို အကျွန်ုပ်တို့သည် နားမလည်
၁၉ ဟု အချင်းချင်း ပြောဆို ကြ၏။- တပည့်တော်တို့
သည် မေးလျှောက်လိုသည်ကိုယေရှုသိမြင်တော်
မူလျှင်၊ ခဏ ကြာပြီးမှ သင်တို့သည် ငါ့ကို မမြင်ရ
ကြ။ တဖန်ခဏကြာပြီးမှငါ့ကိုမြင်ပြန်ကြလိမ့်မည်
ဟု ငါပြောသော စကားကို သင်တို့သည် အချင်း
၂၀ ချင်း ဆင်ခြင် ကြ သလော။- ငါ အမှန် အကန် ဆို
သည်ကား၊သင်တို့သည် ငိုကြွေး မြည်တမ်းခြင်းရှိ
ကြလိမ့်မည်။ လောကီသားတို့သည် ဝမ်းမြောက်
ခြင်းရှိကြလိမ့်မည်။သင်တို့မူကားဝမ်းနည်းခြင်းရှိ
သော် လည်း ထို ဝမ်းနည်းခြင်း သည် တဖန် ဝမ်း
၂၁ မြောက် ခြင်း ဖြစ်လိမ့်မည်။- မိန်းမ သည် သားကို
ဘွား စဉ် အ ခါ ဘွား ရ သော အ ချိန် ရောက်သော
ကြောင့်ဝမ်းနည်းခြင်းရှိ၏။ဘွားမြင်ပြီးမှ ဤလော
ကနှင့်လူတယောက်ကိုဘွားမြင်သောကြောင့်ဝမ်း
မြောက်ခြင်းရှိ၍၊ အထက်ခံရသောဝေဒနာကိုမေ့
၂၂ လျော့ တတ် ၏။- ထို နည်းတူ၊ ယခု တွင် သင် တို့
သည် ဝမ်းနည်းခြင်းရှိကြသော်လည်း၊ နောက်တ
ဖန်သင်တို့ကို ငါတွေ့မြင်သဖြင့်သင်တို့သည် စိတ်
နှ လုံး ဝမ်း မြောက် ခြင်း ရှိ ကြ လိမ့် မည်။ ထိုဝမ်း
မြောက်ခြင်းကိုအဘယ်သူမျှလုယူဖျက်ဆီးခြင်းငှါ
၂၃ မတတ်နိုင်။- ထိုနေ့၌သင်တို့သည် ငါ့ကိုအလျှင်းမ
မေးမြန်းရကြ။ ငါအမှန်အကန်ဆိုသည်ကား၊သင်
တို့သည်ငါ၏နာမကိုအမှီပြု၍ ခမည်းတော်မှာဆု
တောင်းသမျှတို့ကိုခမည်းတော်သည်ပေးတော်မူ
၂၄ မည်။- ယခုတိုင်အောင်ငါ၏နာမကိုအမှီပြု၍သင်
တို့သည်အဘယ်ဆုကိုမျှမတောင်းကြသေး။ သင်
တို့သည် ဝမ်းမြောက် စရာ အကြောင်း စုံလင် စေ
ခြင်းငှါတောင်းကြလော့။ထိုသို့တောင်းလျှင်ရကြ
လိမ့်မည်။
၂၅ ဤအရာတို့ကိုပုံဥပမာအားဖြင့် ငါဟောပြော
၏။ ပုံဥပမာ အားဖြင့် မဟော မပြောဘဲ၊ ခမည်း
တော်နှင့် စပ်ဆိုင်သော အရာတို့ကို သင်တို့အား
အ တည့် အ လင်း ဘော်ပြ သော အချိန် ကာလ
၂၆ ရောက်လိမ့်မည်။- ထိုကာလ၌သင်တို့သည် ငါ၏
နာမကို အမှီပြု၍ဆုတောင်းကြလိမ့်မည်။ သင်တို့
အဘို့ အလိုငှါ ငါသည် ခမည်းတော်ကိုတောင်း
၂၇ မည်ဟုမဆို။-အကြောင်းမူကား၊ သင်တို့သည်ငါ့
ကိုချစ်ကြ၍၊ ငါသည် ဘုရားသခင် အထံတော်မှ
ကြွ လာ သည် ကို ယုံ ကြ သော ကြောင့် ခမည်း
တော်သည် ကိုယ်တော်တိုင် သင်တို့ကိုချစ်တော်
၂၈ မူ၏။- ငါသည်ခမည်းတော်ထံမှထွက်၍ဤလော
ကသို့ ကြွလာပြီ။ တဖန် ဤ လော က မှ ထွက် ၍ခ
မည်းတော်ထံသို့ သွားဦးမည်ဟု မိန့်တော်မူ၏။-
၂၉ တပည့်တော်တို့ကလည်း၊ ကိုယ်တော်သည်ယခု
တွင် ပုံ ဥပမာကို မ ဆောင်ဘဲ အ တည့် အလင်း
၃၀ ဟောတော်မူ၏။- အလုံးစုံတို့ကိုသိတော်မူသည်
ကို၎င်း၊ အဘယ်သူမျှ ကိုယ်တော်ကိုမေးမြန်းခေ
ခြင်းငှါ အလိုတော်မရှိသည်ကို၎င်း၊ယခု တွင် အ
ကျွန်ုပ်တို့ သိကြ ပါ၏။ အ ကျွန်ုပ်တို့ သည် ဤ အ
ကြောင်းကို ထောက်၍ ကိုယ်တော် သည် ဘုရား
သခင့်အထံတော်မှကြွလာတော်မူသည်ကိုယုံပါ
၃၁ သည်ဟု လျှောက် ကြ၏။- ယေရှုကလည်း၊ ယခု
၃၂ တွင်ယုံကြပြီလော။- သင်တို့သည်ကွဲပြား၍ငါ့ကို
တကိုယ်တည်းနေစေခြင်းငှါ စွန့်ပစ်လျက်၊ အသီး
အသီးမိမိတို့နေရာသို့ပြေးသွားမည်အချိန်ကာလ
သည်လာ၍ယခုပင်ရောက်ပေ၏။သို့သော်လည်း
ငါသည် တကိုယ်တည်း နေသည်မဟုတ်။ ခမည်း
၃၃ တော် သည် ငါနှင့် အတူ ရှိတော် မူ၏။- သင်တို့
သည်ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှါ ဤ
စကားကိုငါဟောပြောပြီ။သင်တို့သည် လောက
၌ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သို့သော်လည်း
မစိုးရိမ်ကြနှင့်။ ငါသည် လောကကို အောင်ပြီဟု
မိန့်တော်မူ၏။

၁၇

၁ ထိုသို့မိန့်တော်မူပြီးမှယေရှုသည်ကောင်းကင်

သို့ကြည့်မျှော်၍၊ အိုအဘ၊ အကျွန်ုပ်အချိန်ရောက်
၂ ပါပြီ။-ကိုယ်တော်သည်သားတော်လက်သို့အပ်
ပေး တော် မူ သမျှ သော သူတို့ အား ထာဝရ အ
သက်ကို ပေးစေခြင်းငှါ၊ လူမျိုးအပေါင်းတို့ကိုအ
စိုးရသော အခွင့် တန်ခိုးကို သား တော်အားပေး
တော် မူသည် နှင့်အညီ၊ သားတော် သည် ကိုယ်
တော်၏ဘုန်းကို ထင်ရှားစေ ပါမည်အကြောင်း
သားတော်၏ ဘုန်းကို ထင်ရှား စေတော် မူပါ။-
၃ ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်
တဆူတည်းဖြစ်တော်မူသောကိုယ်တော်ကိုင်း၊
စေလွှတ်တော်မူသောယေရှုခရစ်ကိုင်းသိကျွမ်း
၄ ခြင်းဘည်း။-အကျွန်ုပ်သည်မြေကြီးပေါ်မှာကိုယ်
တော် ၏ ဘုန်း ကို ထင် ရှား စေ ပါပြီ။ အကျွန်ုပ်
ဆောင်ရွက် စရာဘို့ အကျွန်ုပ်၌ အပ်ပေး တော်မူ
၅ သောအမှုကိုအကျွန်ုပ်ဆောင်ရွက်၍ပြီးပါပြီ။-အို
အဘ၊ ဤကမ္ဘာ မတည် မရှိမှီ အထံ တော်၌ အ
ကျွန်ုပ် ခံစား သော ဘုန်း အသ ရေနှင့် ယခုတွင်
လည်းအကျွန်ုပ်ကိုအထံတော်၌ချီးမြှောက်တော်
မူပါ။
၆ ဤလောကထဲမှယူ၍အကျွန်ုပ်၌အပ်ပေးတော်
မူသောသူတို့အားအကျွန်ုပ်သည် ကိုယ်တော်၏
နာမကို ပြပါပြီ။ ထိုသူတို့ကို ကိုယ်တော်သည်ပိုင်
တော် မူသဖြင့် အကျွန်ုပ် အား ပေး တော် မူ၏။
ကိုယ်တော်၏ နှုတ်ကပတ် တရားကို သူတို့သည်
၇ စောင့်ကြပါ၏။- အကျွန်ုပ်အားပေးတော်မူသမျှ
တို့သည်ကိုယ်တော်မှဖြစ်ကြောင်းကိုသူတို့သည်
၈ ယခုသိကြပါ၏။- အကြောင်း မူကား၊ အကျွန်ုပ်
အား ပေးတော် မူသမျှ သော အရာ တို့ကို သူတို့
အား အကျွန်ုပ် ပေး၍ သူတို့သည် ခံယူသဖြင့်၊အ
ကျွန်ုပ်သည်အထံတော်မှကြွလာသည်ကိုအတပ်
သိကြသည်နှင့် ကိုယ်တော်သည် အကျွန်ုပ်ကိုစေ
၉ လွှတ် တော် မူသည်ကို ယုံကြပါ၏။- သူတို့အတွက်
အလိုငှါအကျွန်ုပ်ဆုတောင်းပါ၏။လောကီသား
တို့အတွက်အလိုငှါ ဆုတောင်းသည် မဟုတ်ပါ။အ
ကျွန်ုပ်အား ပေးတော် မူသော သူတို့သည် ကိုယ်
တော်၏ လူဖြစ်သောကြောင့်၊ ထိုသူတို့အတွက်အ
၁၀ လိုငှါ ဆု တောင်း ပါ၏။- အ ကျွန်ုပ် နှင့် စပ်ဆိုင်
သော အရာ ရှိသမျှ တို့သည် ကိုယ်တော်နှင့် စပ်
ဆိုင်ကြပါ၏။ ကိုယ်တော်နှင့်စပ်ဆိုင်သောအရာ
ရှိသမျှတို့ သည်လည်း အကျွန်ုပ်နှင့် စပ်ဆိုင်၍၊ထို
အရာတို့အားဖြင့်အကျွန်ုပ်သည်တုန်းထင်ရှားပါ
၁၁ ၏။- ယခုမှစ၍ အကျွန်ုပ်သည် ဤလောက၌ မရှိ
ပါ။ ဤသူ တို့မူကား၊ ဤလောက၌ ရှိရစ် ရကြပါ
မည်။ အကျွန်ုပ်သည် ကိုယ်တော်ထံသို့ သွားရပါ
မည်၊သန့်ရှင်းတော်မူသောအဘ၊ကိုယ်တော်နှင့်
အကျွန်ုပ်သည် တလုံးတဝတည်း ဖြစ်သကဲ့သို့အ
ကျွန်ုပ်အား ပေးတော် မူသော ဤသူတို့သည်ဖြစ်
ရပါမည် အကြောင်း၊ သူတို့ကိုကိုယ်တော်၏နာ
၁၂ မ၌ဘည်စေတော်မူပါ။- အကျွန်ုပ်သည် ဤလော
က၌ဤသူတို့နှင့်တကွရှိစဉ်ကာလ၊ သူတို့ကိုကိုယ်
တော်၏နာမ၌ ဘည်စေပါပြီ။ အကျွန်ုပ်အားပေး
တော်မူသောသူတို့ကို အကျွန်ုပ် စောင့်မပါပြီ။ထို
သူတို့တွင်ပျက်စီးခြင်း၏သားဘယောက်မှတပါး
အဘယ်သူမျှ ပျက်စီးခြင်းသို့ မရောက်ပါ၊ ထိုသူ
သည် ပျက် စီး ခြင်း သို့ ရောက် သည် အကြောင်း
ကား၊ကျမ်းစာပြည့်စုံမည်အကြောင်းဘည်း၊
၁၃ ယခုတွင် အ ကျွန်ုပ် သည် ကိုယ် တော် ထံသို့
သွားရမည် ဖြစ်၍၊ ဤသူ တို့သည် အကျွန်ုပ်ကိုအ
မှီပြု သ ဖြင့် ဝမ်း မြောက် ခြင်း နှင့် ပြည့် စုံမည်အ
ကြောင်း၊ ဤ စကားကို ဤ လောက၌ အကျွန်ုပ်
၁၄ ပြောပါ၏။- ကိုယ်တော်၏ နှုတ်ကပတ်တရားကို
ဤသူတို့အား အကျွန်ုပ်ပေးပါပြီ။ အကျွန်ုပ် သည်
ဤလောကနှင့် မဆက်ဆံသကဲ့သို့ ဤသူတို့သည်
မဆက်ဆံသောကြောင့်၊ လောကီသားတို့သည်
၁၅ ဤသူတို့ကိုမုန်းကြပါ၏။- ဤသူတို့ကိုဤလောက
မှ နှုတ် ယူ တော် မူ မည် အ ကြောင်း အ ကျွန်ုပ်
တောင်းသည်မဟုတ်ပါ။မကောင်းသောအမှုအ
ရာနှင့်ကင်းလွတ် စေခြင်းငှါ စောင့်မတော်မူမည်
၁၆ အ ကြောင်း ကို သာ တောင်း ပါ ၏။- အကျွန်ုပ်
သည် ဤလောကနှင့်မဆက်ဆံသကဲ့သို့ ဤသူတို့
၁၇ သည် မဆက်ဆံကြပါ။- ကိုယ်တော်၏ သမ္မာတ
ရား အား ဖြင့် သူတို့ကို သန့်ရှင်း စေ တော် မူပါ။
ကိုယ်တော်၏ နှုတ်ကပတ်သည်သမ္မာတရားဖြစ်
၁၈ ပါ၏။- ကိုယ်တော်သည်အကျွန်ုပ်ကို ဤလောက
သို့စေလွှတ်တော်မူသည်နည်းတူ၊အကျွန်ုပ်သည်
၁၉ ဤသူတို့ကိုစေလွှတ်ပါ၏။- သမ္မာတရားအားဖြင့်
သူတို့ကို သန့်ရှင်းစေမည် အကြောင်း၊ အကျွန်ုပ်
သည်သူတို့အတွက်အလိုငှါ ကိုယ်ကိုသန့်ရှင်းစေပါ
၏။
၂၀ ထိုသူတို့ အတွက် ကို သာ အ ကျွန်ုပ် ဆုတောင်း
သည်မဟုတ်ပါ၊ သူတို့ ဟောပြောခြင်း အားဖြင့်
အကျွန်ုပ်ကို ယုံကြည်သောသူတို့ အတွက်ကိုလည်း
၂၁ ဆုတောင်းပါ၏။- ကိုယ်တော်သည်အကျွန်ုပ်ကို
စေလွှတ်တော် မူသည်ကို လောကီသားတို့သည်

ယုံကြမည် အကြောင်း၊ ထိုသူ အပေါင်းတို့သည်
တလုံး တဝတည်း ဖြစ်လျက်၊ အဘ၊ ကိုယ်တော်
သည်အကျွန်ုပ်၌ရှိတော်မူ၍အကျွန်ုပ်သည်လည်း
ကိုယ်တော်၌ရှိသကဲ့သို့၊ထိုသူအပေါင်းတို့သည်
ငါတို့၌ တ လုံး တ ဝ တည်း ဖြစ် စေ ခြင်း ငှါ ဆု
၂၂ တောင်းပါ၏။- ငါတို့သည် တလုံးတဝတည်းဖြစ်
၂၃ သကဲ့သို့၊အကျွန်ုပ်သည်သူတို့၌ရှိ၍၊-ကိုယ်တော်
သည်လည်း အကျွန်ုပ်၌ရှိတော်မူသော အားဖြင့်
သူတို့သည် တလုံး တဝတည်း ဖြစ်၍၊ တလုံး တဝ
တည်း၌ စုံလင်စေခြင်းငှါ၎င်း၊ ကိုယ်တော် သည်
အ ကျွန်ုပ် ကို စေလွှတ် တော် မူကြောင်း နှင့်အ
ကျွန်ုပ်ကို ချစ်တော် မူသကဲ့သို့ သူတို့ကိုလည်းချစ်
တော်မူကြောင်းကို လောကီသားတို့သည် သိစေ
ခြင်းငှါ၎င်း၊ ကိုယ်တော်သည် အကျွန်ုပ်အားပေး
တော်မူသောဘုန်းအသရေကိုအကျွန်ုပ်သည်သူ
၂၄ တို့အားပေးပါပြီ။- အိုအဘ၊ကိုယ်တော်သည်ဤ
ကမ္ဘာ မတည် မရှိမီ အကျွန်ုပ် ကိုချစ်၍ အကျွန်ုပ်
အား ပေးတော်မူ သော ဘုန်းတော်ကို အကျွန်ုပ်
အားပေးတော်မူသောသူတို့သည်ရှုမြင်ရမည်အ
ကြောင်း၊ အကျွန်ုပ် ရှိရာအရပ်၌ အကျွန်ုပ် နှင့်အ
၂၅ တူရှိနေစေခြင်းငှါ အကျွန်ုပ်အလိုရှိပါ၏။- တရား
တော်မူသောအဘ၊လောကီသားတို့သည်ကိုယ်
တော်ကို မသိ သော် လည်း အ ကျွန်ုပ် သိပါ၏၊
ကိုယ် တော်သည် အကျွန်ုပ် ကို စေလွှတ် တော်မူ
၂၆ ကြောင်း ကို ထိုသူ တို့သည် သိကြ ပါ၏။ ကိုယ်
တော်သည်အကျွန်ုပ်ကို ချစ်တော်မူသောမေတ္တာ
သည် သူတို့၌ရှိစေခြင်းငှါ၎င်း၊ အကျွန်ုပ်သည်သူ
တို့၌ရှိစေ ခြင်းငှါ၎င်း၊ကိုယ် တော် ၏နာမကို အ
ကျွန်ုပ်သည် သူတို့အားပြသွန်ပါပြီဖြစ်၍ အစဉ်ပြ
သွန်ပါမည်ဟုမိန့်မြွက်တော်မူ၏။

၁၈

၁ ထိုသို့မိန့်မြွက်တော်မူပြီးမှ ယေရှုသည်တပည့်
တော်တို့နှင့်အတူ ကေဒြုန် ချောင်းတဘက်သို့ကြွ
၍၊ ထိုအရပ်၌ရှိသော ဥယျာဉ်သို့ဝင်တော်မူ၏။-
၂ ထိုအရပ်သို့ယေရှုသည် တပည့်တော်တို့နှင့်အတူ
သွားမြဲ ရှိသော ကြောင့်၊ ကိုယ် တော် ကို အပ်နှံ
သော ယုဒရှကာရုတ်သည် ထိုအရပ်ကို သိသည်
၃ ဖြစ်၍၊- စစ်သူရဲတတပ်ကို၎င်း၊ ယဇ်ပုရောဟိတ်
အကြီးတို့နှင့် ဖာရိရှဲတို့စေလွှတ်သောမင်းလုလင်
တို့ကို၎င်းခေါ်ခဲ့၍၊ မီးအိမ်၊မီးရှူး၊လက်နက်တို့ကို
၄ လက်စွဲလျက်လာကြ၏။-ယေရှုသည် ကိုယ်၌ဖြစ်
လ တံ့ သမျှ သော အမှု အရာ တို့ ကို သိ တော် မူ
လျက်၊ လာသောသူတို့ဆီသို့သွား၍ အဘယ်သူ
၅ ကိုရှာကြသနည်းဟု မေးတော်မူ၏။- နာဇရက်မြို့
သားယေရှုကို ရှာကြသည်ဟု ဆိုလျှင်၊ ယေရှုက၊
ငါသည်ထိုသူဖြစ်၏ဟုမိန့်တော်မူ၏။ကိုယ်တော်
ကိုအပ်နှံသော ယုဒရှကာရုတ်သည်လည်း ထိုသူ
၆ တို့နှင့် အတူ ရပ်နေ၏။- ငါသည်ထိုသူ ဖြစ်၏ဟု
မိန့်တော်မူလျှင်၊ ထိုသူတို့သည်နောက်သို့လှန်၍
၇ မြေပေါ်၌လဲကြ၏။-အဘယ်သူကိုရှာကြသနည်း
ဟုတဖန် မေးတော်မူလျှင်၊ နာဇရက်မြို့သားယေ
၈ ရှုကိုရှာကြသည်ဟုထိုသူတို့သည်ဆိုကြ၏။-ယေ
ရှုကလည်း၊ ငါသည်ထိုသူဖြစ်၏ဟုငါပြောပြီ။သို့
ဖြစ်၍ငါ့ကိုရှာလျှင်ဤသူတို့သည် သွားပါလေစေ
၉ ဟု မိန့်တော်မူ၏။- ကိုယ် တော် သည် အ ကျွန်ုပ်
အား ပေးတော်မူသော သူတို့တွင် အဘယ်သူမျှ
ပျက်စီး ခြင်းသို့ မရောက်ပါ ဟူသော အထက်စ
ကား တော်ကို ပြည့်စုံ စေခြင်းငှါ ဤသို့ မိန့်တော်
မူ၏။
၁၀ ထိုအခါ ရှိမုန်ပေတရုသည် မိမိ၌ပါသောထား
ကိုဆွဲထုတ်ပြီးလျှင် ယဇ်ပုရောဟိတ်မင်း၏ ကျွန်
တယောက်ကို ခုတ်သဖြင့် လက်ျာနားရွက် ပြတ်
လေ၏။ ထိုကျွန်၏ အမည် ကား မာလခု ဖြစ်သ
၁၁ တည်း။- ယေရှု ကလည်း၊ ထားကို အိမ်၌ သွင်း
ထားလော့။ခမည်းတော်သည်ငါ့အားပေးတော်
မူသောခွက်ကိုငါမသောက်ရသလောဟုပေတ
၁၂ ရုအားမိန့်တော်မူ၏။- ထိုအခါတပ်မှူးမှစ၍စစ်သူ
ရဲတို့နှင့် ယုဒမင်း လုလင်တို့သည် ယေရှုကို ဘမ်း
ဆီး၍ ချည်နှောင်ပြီးလျှင် အန္နတ်မင်းထံသို့ ရှေဦး
၁၃ စွာ ယူသွားကြ၏။- အန္နတ်မင်းကား၊ ထိုနှစ်တွင်
ယဇ် ပု ရော ဟိတ် မင်း ဖြစ် သော က ယာ ဖ ၏
၁၄ ယောက္ခမ ဖြစ်သတည်း။- ထိုကယာဖကား၊ လူ
တယောက် သည် လူ များ တို့ အ တွက် ပျက်စီး
သော်သာ၍ ကောင်းသည်ဟု ယုဒလူတို့နှင့်တိုင်
ပင်ပြောဆိုသောသူပေတည်း။
၁၅ ရှိမုန်ပေတရုနှင့် အခြားသောတပည့်တော်တ
ယောက်သည် ယေရှု နောက်တော်သို့ လိုက်ကြ
၏။ ထို တပည့်တော်သည် ယဇ် ပုရောဟိတ်မင်း
၏အသိအကျွမ်းဖြစ်၍၊ယေရှုနှင့်တကွယဇ်ပုရော
၁၆ ဟိတ်မင်း၏ အိမ်ဦးထဲသို့ဝင်လေ၏။- ပေတရုမူ
ကား ပြင်၌ တံခါး နားမှာ ရပ်နေ၏။ ထိုကြောင့်
ယဇ်ပုရောဟိတ်မင်းနှင့်အကျွမ်းဝင်သောတပည့်
တော်သည်ထွက်၍ တံခါးစောင့်မိန်းမအားပြော
၁၇ ပြီးမှ ပေတရုကိုသွင်းလေ၏။- တံခါးစောင့်မိန်းမ

ကပေတရုအား၊ သင်သည်ထိုသူ၏တပည့်တို့အ
ဝင်ဖြစ်သည်မဟုတ်လောဟုဆိုလျှင်၊ မဟုတ်ဘူး
၁၈ ဟုပေတရု ငြင်းလေ၏။– ထိုကာလ၌ ချမ်းသော
ကြောင့်ကျွန်များနှင့်မင်းလုလင်များတို့သည်မီးခဲ
ပုံကိုထည့်၍ မီးလှုံလျက် နေကြ၏။ ပေတရုသည်
လည်းသူတို့နှင့်တကွရပ်၍မီးလှုံလျက်နေ၏။
၁၉ ထိုအခါ ယဇ် ပုရောဟိတ် မင်း သည် တပည့်
တော် တို့ ကို၎င်း၊ ဒေ သနာ တော် ကို ၎င်း အ
ကြောင်း ပြု၍ ယေရှု ကို မေးမြန်း စစ် ကြော ၏။–
၂၀ ယေရှုကလည်း၊ ငါသည်လောက၌ ထင်ရှားစွာ
ဟောပြောပြီ။ယုဒလူအပေါင်းတို့စည်းဝေးရာတ
ရားစရပ်၌၎င်း၊ ဗိမာန်တော်၌၎င်း၊ အစဉ်မပြတ်
ဆုံးမဩဝါဒပေးပြီ။မထင်ရှားဘဲအလျှင်းမဟော
၂၁ မပြော။–အဘယ်ကြောင့်ငါ့ကိုမေးမြန်းသနည်း၊
ငါသည်အဘယ်သို့ ဟောပြောသည်ကိုကြားနာ
သော သူတို့ကို မေးမြန်း လော့။ ငါ ပြော သော
စကားကို ထိုသူတို့သည် သိကြ၏ဟု မိန့်တော်မူ
၂၂ ၏၊– ထိုသို့မိန့်တော်မူလျှင်၊ အနီးအပါး၌ ရပ်နေ
သောမင်းလုလင်တယောက်က၊ သင်သည်ယဇ်
ပုရောဟိတ်မင်းကို ဤသို့ပြန်ပြောရာ သလောဟု
၂၃ ဆိုလျက် ယေရှုကိုရိုက်လေ၏။– ယေရှုကလည်း၊
ငါ့စကား မမှန်လျှင် မမှန် ကြောင်းကို ပြပါ မှန်
လျှင် ငါ့ ကို အဘယ် ကြောင့် ရိုက် သနည်းဟုမိန့်
၂၄ တော်မူ၏။–အန္နတ်မင်းသည်ကိုယ်တော်ကိုချည်
နှောင်လျက် ရှိသည် အတိုင်း၊ ယဇ် ပုရောဟိတ်
မင်း ကယာဖထံသို့ပို့စေခဲ့ပြီ။
၂၅ ရှိမုန် ပေတရုသည် ရပ်၍ မီးလှုံလျက် နေသည်
တွင်အချို့သောသူတို့က၊သင်သည် သူ၏တပည့်
တို့အဝင် ဖြစ်သည် မဟုတ် လောဟု မေးလျှင်၊မ
၂၆ ဟုတ်ဘူးဟု ပေတရုငြင်းလေ၏။– ပေတရုခုတ်၍
နားရွက် ပြတ်သော သူ နှင့် ပေါက်ဘော် တော်
သော ယဇ် ပုရောဟိတ် မင်း၏ ကျွန်တယောက်
က၊ သင်သည် ဥယျာဉ်၌ ယေရှုနှင့်အတူရှိသည်
၂၇ ကိုငါမြင်ခဲ့ပြီ မဟုတ် လောဟုဆို လျှင်၊– ပေတရု
သည် တ ဖန် ငြင်း ပြန် လေ၏၊ ထို ခဏခြင်းတွင်
ကြက်တွန်၏။
၂၈ နံနက် အချိန်ရောက်လျှင်၊ ယေရှုကို ကယာဖ
ထမှအိမ်တော်ဦးသို့ဆောင်သွားကြ၏။ထိုသူတို့
သည် အာပတ်နှင့် ကင်းလွတ်၍ ပသခါပွဲကို ခံရ
မည်အကြောင်း၊ အိမ်တော်ဦးထဲသို့ ကိုယ်တိုင်မ
၂၉ ဝင်ကြ။– ထိုကြောင့် ပိလတ်မင်းသည် သူတို့ရှိရာ
သို့ထွက်၍ ဤသူ၌ အဘယ် အပြစ်ကို တင်ကြသ
၃၀ နည်းဟု မေးသော်၊– ဤသူသည် လူဆိုး မဟုတ်
လျှင်အကျွန်ုပ်တို့သည် ကိုယ်တော်၌ မအပ်ပါဟု
၃၁ လျှောက်ကြ၏။– ပိလတ်မင်း ကလည်း၊ သူ့ကိုယူ
၍သင်တို့ပညတ်အတိုင်း စီရင်ကြဟုဆို၏၊ယုဒ
လူတို့ကလည်း၊ အကျွန်ုပ်တို့သည် အဘယ်သူကို
၃၂ မျှ မ သတ် ပိုင် ပါ ဟု လျှောက် ကြ ၏။– ထို သို့
လျှောက်သော်၊ ယေရှုသည်အဘယ်သို့ မိမိသေ
ရမည် အရိပ်ကို ပေး၍၊ မိန့်တော်မူသော စကား
တော်ပြည့်စုံမည်အကြောင်းတည်း၊
၃၃ ပိလတ်မင်းသည် အိမ်တော်ဦးထဲသို့တဖန်ဝင်
၍ယေရှုကိုခေါ်ပြီးလျှင်၊သင်သည် ယုဒရှင်ဘုရင်
၃၄ မှန်သလောဟုမေး၏။–ယေရှုကလည်း၊ မင်းကြီး
သည်ကိုယ်အလိုအလျောက် ဤသို့မေးသလော၊
သို့မဟုတ် သူတပါးတို့သည် ငါ၏အကြောင်းကို
၃၅ လျှောက်ကြပြီ လောဟု မေးတော်မူ၏။– ပိလတ်
မင်းက၊ ငါသည် ယုဒလူ ဖြစ်သလော။ သင်၏လူ
မျိုးနှင့်တကွယဇ်ပုရောဟိတ် အကြီးတို့သည်သင့်
ကိုငါ၌ အပ်ကြပြီ။ သင်သည် အဘယ်သို့ ပြုမိသ
၃၆ နည်းဟု မေးလျှင်၊– ယေရှုက၊ ငါ၏နိုင်ငံသည်ဤ
လောကနှင့် မစပ်ဆိုင်။ ငါ၏ နိုင်ငံသည် ဤလော
ကနှင့်စပ်ဆိုင်လျှင်၊ ငါသည် ယုဒလူတို့လက်သို့မ
ရောက်စေခြင်းငှါ ငါ၏လူတို့သည် တိုက်လှန်ကြ
လိမ့်မည်။ ယခုမူကား ငါ၏နိုင်ငံသည် ဤဒေသ အ
၃၇ ရပ်နှင့် မစပ်ဆိုင်ဟု မိန့်တော်မူ၏။– ပိလတ်မင်းက
လည်း၊ သို့ ဖြစ်လျှင် သင် သည် ရှင်ဘုရင် မှန်သ
လောဟုမေးသော်၊ ယေရှုက၊ မင်းကြီး မေးသည်
အ တိုင်း ငါသည် ရှင်ဘုရင် မှန် ၏၊ သမ္မာ တရား
ဘက်၌သက်သေခံခြင်းငှါ ငါသည် မွေးဘွားခြင်း
ကိုခံ၍ ဤလောကသို့ ကြွလာပြီ။ သမ္မာ တရားနှင့်
စပ်ဆိုင် သမျှသော သူတို့သည် ငါ့စကားကို နား
၃၈ ထောင်ကြသည်ဟုမိန့်တော်မူ၏။– ပိလတ်မင်းက
လည်း၊ သမ္မာတရားကားအဘယ်သို့နည်းဟုမေး
ပြီးမှ တဖန်ယုဒလူတို့ ရှိရာသို့ ထွက်၍၊ ဤသူ၌အ
၃၉ ဘယ် အ ပြစ် ကို မျှ ငါ မတွေ့။– ပသခါပွဲ၌ လူတ
ယောက်ကို သင်တို့အား ငါလွှတ်မြဲထုံးစံ ရှိသည်
ဖြစ်၍၊ ယုဒ ရှင်ဘုရင်ကို လွှတ်စေ ချင်သလောဟု
၄၀ မေး လျှင်၊– တဖန် လူ အပေါင်းတို့က၊ ဤသူကို မ
လွှတ်စေချင်ပါ၊ ဗာရဗ္ဗကိုလွှတ်စေချင်ပါသည်ဟု
အော် ဟစ်၍ လျှောက် ဆိုကြ ၏။ ထို ဗာရဗ္ဗ ကား
ထားပြဖြစ်သတည်း။

၁၉

၁ ထိုအခါ ပိလတ်မင်းသည် ယေရှုကိုယူ၍ ရိုက်

၂ ပြီးမှ၊- စစ်သူရဲတို့သည် ဆူးပင်နှင့် ရက်သော ဦး
ရစ်ကို ခေါင်းတော်၌တင်၍၊ နီမောင်းသောဝတ်
၃ လုံနှင့် ခြုံစေပြီးလျှင်၊ ယုဒရှင်ဘုရင်၊ ကိုယ်တော်
သည် မင်္ဂလာရှိစေသတည်းဟုဆို၍ ရိုက်ပုတ်ကြ
၄ ၏။- ပိလတ်မင်းကလည်း၊ ဤသူ၌အဘယ်အပြစ်
ကိုမျှ ငါမတွေ့ ကြောင်းကို သင်တို့သိစေခြင်းငှါ၊
သူ့ကို သင်တို့ရှိရာသို့ ငါထုတ်ပြသည်ဟု ဆို၏။-
၅ ထိုအခါ ယေရှုသည် ဆူးပင်ဦးရစ်နှင့် နီမောင်း
သောဝတ်လုံကိုဝတ်လျက်ပြင်သို့ ထွက်ကြွတော်
မူ၏။ ပိလတ်မင်းကလည်း၊ သူ့ကိုကြည့်ကြလော့
၆ ဟုဆို၏။- ယဇ်ပုရောဟိတ် အကြီးတို့နှင့် လုလင်
များတို့က၊ ထိုသူကို လက်ဝါးကပ် တိုင်မှာ ရိုက်
ထားပါ။ ရိုက်ထားပါဟုဟစ်ကြော်ကြ၏။ပိလတ်
မင်းက၊ သင်တို့ သည် သူ့ကို ယူ၍ လက်ဝါးကပ်
တိုင်မှာရိုက်ထားကြ။ငါသည်သူ၌အပြစ်ကိုမတွေ့
၇ ဟု ဆိုလျှင်၊- ယုဒလူတို့က၊ ဤသူသည် ဘုရား
သခင်၏ သားတော် ဖြစ်ယောင် ဆောင် သော
ကြောင့် အကျွန်ုပ်တို့၌ ရှိသော ပညတ်အတိုင်း
သေထိုက်ပါသည်ဟုလျှောက်ကြ၏။
၈ ထိုစကားကိုကြားလျှင် ပိလတ်မင်း သည်သာ
၍ကြောက်သဖြင့်၊ အိမ်တော်ဦးထဲသို့ဝင်ပြန်၍၊-
၉ ယေရှုအား၊သင်သည် အဘယ်ကဖြစ်သနည်းဟု
၁၀ မေးလျှင်၊ တခွန်းကိုမျှပြန်တော်မမူ။- ပိလတ်မင်း
ကလည်း၊ငါနှင့်စကားမပြောသလော။ ငါသည်
သင့်ကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားပိုင်သည်
ကိုရင်း၊ လွှတ်ပိုင်သည်ကိုရင်း သင်မသိသလောဟု
၁၁ ဆိုသော်၊-အထက်အရပ်မှအခွင့်ကိုမရလျှင်မင်း
ကြီးသည် ငါ့ကိုအဘယ်သို့မျှ မပြုပိုင်။ ထိုကြောင့်
ငါ့ကိုမင်းကြီးလက်သို့ အပ်နှံသော သူသည်သာ
၁၂ ၍ကြီးသော အပြစ်ရှိသည်ဟု မိန့်တော်မူ၏။- ထို
အခါမှစ၍ ပိလတ်မင်းသည် ကိုယ်တော်ကိုလွှတ်
ခြင်းငှါ ရှာကြံလေ၏။ ယုဒလူတို့ကလည်း၊ ထိုသူ
ကိုလွှတ်လျှင် ကိုယ် တော်သည် ကဲသာဘုရင်၏
အဆွေ မဟုတ်ပါ။ ရှင်ဘုရင် လုပ် သော သူ မည်
သည်ကား၊ကဲသာဘုရင်၏ရန်သူဖြစ်ပါသည်ဟု
လျှောက်ကြ၏။
၁၃ ထိုစကားကိုကြားလျှင်ပိလတ်မင်းသည် ယေ
ရှုကိုပြင်သို့ထုတ်ပြီးမှ၊ ဟေဗြဲစကားအားဖြင့် ဂဗ္ဗ
သအမည်ရှိ၍ကျောက်ခင်းဟုခေါ်ဝေါ်သောအ
၁၄ ရပ်၌ တရားပလ္လင်ပေါ်မှာထိုင်လေ၏။- ထိုနေ့အ
ချိန်ကား၊ ပသခါအဘိတ်နေ့ တချက်တီး အချိန်
လောက်ရှိ၏။ပိလတ်မင်းကလည်း၊သင်တို့၏ရှင်
ဘုရင်ကိုကြည့်ကြ လော့တာ ယုဒလူတို့အားပြော
၁၅ ဆိုလျှင်၊- ထိုသူကို ထုတ်ပါ။ ထုတ်ပါ။ လက်ဝါး
ကပ်တိုင်မှာရိုက်ထားပါဟု လူများဟစ်ကြော်ကြ
၏။ပိလတ်မင်းကလည်း၊ သင်တို့၏ ရှင်ဘုရင်ကို
လက်ဝါးကပ် တိုင်မှာ ရိုက်ထား ရ မည်လော ဟု
မေးပြန်လျှင်၊ ယဇ် ပုရောဟိတ် အကြီးတို့က၊ အ
ကျွန်ုပ် တို့၌ ကဲသာ ဘုရင် မှ တပါး အဘယ် ရှင်
၁၆ ဘုရင်မျှမရှိပါဟုပြန်ပြောကြ၏။- ထိုအခါပိလတ်
မင်း သည် ယေရှု ကို လက်ဝါး ကပ် တိုင် မှာ ရိုက်
ထားစေခြင်းငှါ ထိုသူတို့လက်သို့ အပ်သဖြင့်၊ သူ
တို့သည်ကိုယ်တော်ကိုယူ၍ထုတ်သွားကြ၏။
၁၇ ကိုယ် တော် သည် မိမိ လက်ဝါး ကပ် တိုင်ကို
ထမ်းလျက် ဦးခေါင်းခွံ အရပ် ဟူ၍ ခေါ်သောအ
ရပ်သို့ ထွက် တော် မူ၏။ ထိုအရပ်ကား၊ ဟေဗြဲ
၁၈ စကားအားဖြင့်ဂေါလဂေါသအမည်ရှိ၏။-ထိုအ
ရပ်၌ကိုယ်တော်ကို အခြားသောသူနှစ်ယောက်
နှင့်တကွ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြ၏။
ထိုသူနှစ်ယောက် အလယ်မှာ ယေရှုသည်နေရာ
၁၉ ကျသတည်း။- ပိလတ်မင်း သည် လည်း ကမ္ပည်း
လိပ်စာကိုရေး၍ လက်ဝါးကပ် တိုင်တော်၌ တပ်
လေ၏၊လိပ်စာချက်ဟူမူကား၊ယုဒရှင်ဘုရင်၊နာ
၂၀ ဇရက်မြို့သားယေရှုဟုရေးထားသတည်း။- ယေ
ရှုကိုလက်ဝါးကပ်တိုင်မှာ ရိုက်ထားသော အရပ်
သည် မြို့နှင့် နီးသည်ဖြစ်၍၊ ထိုလိပ်စာကို ဟေဗြဲ
ဘာသာ၊ ဟေလသ ဘာသာ၊ ရောမ ဘာသာ
အားဖြင့် ရေးထားသောကြောင့် ယုဒ လူများတို့
၂၁ သည် ဘတ်ကြ၏။- ထိုကြောင့် ယုဒ ယဇ် ပုရော
ဟိတ်အကြီးတို့သည် ပိလတ်မင်းထံသို့ဝင်၍၊ယုဒ
ရှင်ဘုရင်ဟု မရေးပါနှင့်။ ငါသည် ယုဒ ရှင်ဘုရင်
ဖြစ်သည်ဟု သူဆိုကြောင်းကို ရေးတော်မူပါဟု
၂၂ လျှောက် ကြ လျှင်၊- ပိလတ် မင်း က၊ ငါရေးပြီး
သောအရာကိုငါရေးပြီဟုပြန်ဆို၏။
၂၃ စစ်သူရဲ တို့သည် ယေရှုကို လက်ဝါးကပ်တိုင်
၌ရိုက်ထားပြီးမှ၊အဝတ်တော်တို့ကိုလေးပိုင်းပိုင်း
၍ တယောက် တပိုင်းစီ ယူ ကြ လေ၏။ အတွင်း
အင်္ကျီတော်ကား၊ မချုပ်ဘဲလျက် အထက် စွန်းမှ
သည် အောက်စွန်းတိုင်အောင် ရက်သော အင်္ကျီ
၂၄ ဖြစ်သောကြောင့်၊- ထိုသူတို့က၊အင်္ကျီကိုမဆုတ်
ကြနှင့်။ အဘယ်သူ ယူရမည်ကို စာရေးတံ ချကြ
ကုန်အံ့ဟု အချင်းချင်း ဆိုကြ၏။ ကျမ်း စာ လာ
သည်ကား၊ သူတို့သည် အကျွန်ုပ် အဝတ်ကိုအ
ချင်းချင်းဝေဖန်၍ အကျွန်ုပ်အင်္ကျီကို စာရေးတံချ

ကြပါ၏ ဟူသော အချက်စကားကို ပြည့်စုံစေ၍၊
စစ်သူရဲတို့သည်ထိုသို့ပြုကြ၏။
၂၅ ယေရှု၏ လက်ဝါးကပ်တိုင်တော်နား၌မှာ မယ်
တော်နှင့် မယ်တော်၏ ညီမဖြစ်သော ကလောဖ
၏မယား မာရိနှင့် မာဂဒလ မာရိတို့သည် ရပ်နေ
၂၆ ကြ၏။- ထိုအခါမယ်တော်နှင့် ချစ်တော်မူသော
တပည့်တော်သည်အနားမှာရပ်နေသည်ကို ယေ
ရှုသည်မြင်တော်မူလျှင်၊မယ်တော်အား၊ အချင်း
၂၇ မိန်းမ၊ သင်၏ သားကိုကြည့်ပါဟူ၍၎င်း၊- တပည့်
တော်အားလည်း၊ သင်၏ အမိကိုကြည့်ပါ ဟူ၍
၎င်းမိန့်တော်မူ၏။ ထိုအခါမှစ၍ထိုတပည့်တော်
သည်မယ်တော်ကိုမိမိအိမ်၌သိမ်းထား၏။
၂၈ ထိုနောက်မှ ကျမ်းစာ ပြည့်စုံစေခြင်းငှါ အမှုရှိ
သမျှကုန်စင်ပြီးသည်ကိုသိတော်မူလျှင်၊ ရေငတ်
၂၉ သည်ဟုမိန့်တော်မူ၏။-ထိုအရပ်၌ပုံးရည်နှင့်ပြည့်
သော အိုးတလုံးရှိသည်ဖြစ်၍၊ ထိုသူတို့သည်ရေ
မှိုတတွေးကိုပုံးရည်နှင့် ပြည့်စေပြီးလျှင်၊ ဟုသုပ်
ပင် အကိုင်း ဖျား၌ တပ် ၍ ခံတွင်း တော် သို့ကပ်
၃၀ ထားကြ၏။-ယေရှုသည်ပုံးရည်ကိုခံပြီးမှ၊အမှုပြီး
ပြီဟုမိန့်တော်မူလျက်၊ခေါင်းတော်ကို ငိုက်ဆိုက်
ညွတ်၍အသက်တော်ကိုစွန့်တော်မူ၏။
၃၁ ထိုနေ့ သည် အဘိတ်နေ့ ဖြစ် ၍၊ နက်ဖြန်နေ့
လည်းကြီးမြတ်သော ဥပုသ်နေ့ ဖြစ်သည်ကိုယုဒ
လူတို့သည်ထောက်၍၊ အလောင်းကောင်တို့ကို
ဥပုသ်နေ့၌ လက်ဝါးကပ်တိုင်ပေါ်မှာမရှိစေခြင်း
ငှါပိလတ်မင်းထံသို့ဝင်ပြီးလျှင်၊ ခြေကိုချိုး၍ထိုအ
လောင်းကောင်တို့ကို ယူသွားရမည်အကြောင်း
၃၂ အခွင့် တောင်းကြ၏။- ထိုအခါ စစ်သူရဲတို့သည်
သွား၍ ကိုယ် တော်နှင့် အတူ လက်ဝါး ကပ်တိုင်
မှာရိုက်ထားသော သူနှစ်ယောက် တို့၏ ခြေကို
၃၃ ချိုးလေ၏။- ယေရှုထံသို့ ရောက်၍ အသက် မရှိ
၃၄ ကြောင်းကို မြင်လျှင် ခြေကိုမချိုးဘဲ၊- စစ်သူရဲတ
ယောက် သည် နံဖေး တော်ကို လှံနှင့်ထိုးဖေါက်
၃၅ ၍သွေးနှင့်ရေသည်ချက်ခြင်းထွက်လာ၏။-ထိုအ
ကြောင်းအရာကို မြင်သောသူသည် သက်သေခံ
၏။သူ၏သက်သေ ခံချက်သည်လည်း မှန်ပေ၏။
သင်တို့သည် ယုံကြည်မည် အကြောင်း၊ သူပြော
၃၆ သောစကားမှန်သည်ကိုသူသိ၏။-ထိုအကြောင်း
အရာကား၊ သူ၏အရိုးကိုမချိုးရဟုကျမ်းစာလာ
၃၇ ချက်ပြည့်စုံမည် အကြောင်းတည်း။- တဖန်ကျမ်း
စာ လာ သည် ကား၊ ထိုသူ တို့ သည် မိမိ တို့ ထိုး
ဖေါက်သောသူကိုရှုမြင်ကြလိမ့်မည်ဟုလာ၏။

၃၈ ထိုနောက်မှ အရိမသဲမြို့သား ယောသပ်သည်
ယုဒလူတို့ကိုကြောက်၍မထင်မရှားတပည့်တော်
ဖြစ်သည်နှင့်၊ ပိလတ်မင်းထံသို့ဝင်၍ ယေရှု၏အ
လောင်းတော်ကို ယူသွားမည်အကြောင်း အခွင့်
တောင်း၏။ ပိလတ်မင်း အခွင့် ပေးလျှင်၊ ထိုသူ
သည်သွား၍ယေရှု၏အလောင်းတော်ကိုယူလေ
၃၉ ၏။-အထက်က ညဉ့်အခါယေရှုထံတော်သို့လာ
သောနိကောဒင်သည်လည်း၊ အခွက်သုံးဆယ်မျှ
လောက်အချိန်ရှိသော မုရန်နှင့် အကျော်ကိုရော
နှောသော နံ့သာပျောင်းကို ဆောင်လျက် လာ
၄၀ ၏:- ထိုသူတို့သည်ယေရှု၏ အလောင်းတော်ကို
ယူ၍၊ ယုဒလူတို့၏ သင်္ဂြိုဟ်ခြင်းနှင့်ဆိုင်သောပြင်
ဆင်ခြင်းထုံးစံရှိသည်အတိုင်း နံ့သာမျိုးနှင့်တကွ
ပိတ်ပုဆိုးဖြင့်အလောင်းတော်ကိုပတ်ရစ်ကြ၏။-
၄၁ လက်ဝါးကပ်တိုင်မှာ ရိုက်ထားသော အရပ်တွင်
ဥယျာဉ်ရှိ၏။ ထို ဥယျာဉ်၌ တ ယောက်ကိုမျှ မ
၄၂ သင်္ဂြိုဟ်ဘူးသောသင်္ချိုင်းတွင်းသစ်ရှိ၏။- ယုဒလူ
တို့၏ အဘိတ်နေ့ဖြစ်သောကြောင့်၊ အနီးအပါး
တွင်ရှိသော ထိုသင်္ချိုင်းတွင်း၌ အလောင်း တော်
ကိုထားကြ၏။

## ၂၀

၁ ခုနစ် ရက် တွင် ပဌမ နေ့ရက်၊ မိုဃ်း မလင်းမှီ
စောစော အချိန်၌ မာဂဒလမာရိ သည် သင်္ချိုင်း
တော်သို့ သွား၍ တွင်းဝ၌ ပိတ် သော ကျောက်
၂ သည်ရွေ့လျက်ရှိသည်ကိုမြင်လျှင်၊-ရှိမုန်ပေတရု
နှင့်ယေရှု ချစ်တော် မူသောအခြား တပည့်တော်
ဆီသို့ ပြေးသွား၍၊ သင်္ချိုင်းတော်မှ သခင်ကိုယူ
သွားကြပြီ။ အဘယ်မှာ ထားကြသည်ကို မသိဟု
၃ ပြောဆို၏။- ထိုအခါပေတရုနှင့်အခြားသောတ
ပည့်တော်သည်ထွက်၍သင်္ချိုင်းတော်သို့သွားကြ
၄ ၏။- ထိုသူ နှစ်ယောက်တို့သည် အတူပြေးသည်
တွင်အခြားသော တပည့်တော်သည် ပေတရုကို
လွန်၍ သင်္ချိုင်း တော်သို့ အရင် ရောက် သည်ရှိ
၅ သော်၊ငုံ့၍ကြည့်သဖြင့်၊- ပိတ်ပုဆိုးရှိရစ်သည်ကို
၆ မြင် လျှင်၊ မ ဝင်ဘဲ နေ၏။- ရှိမုန် ပေတရု သည်
နောက်သို့လိုက်၍ ရောက်သောအခါ တွင်းထဲသို့
၇ ဝင်လျှင်၊ ပိတ်ပုဆိုး ရှိရစ် သည်ကို၎င်း၊- ခေါင်း
တော်၌ ရှိသောပဝါသည် ပိတ်ပုဆိုးနှင့် အတူမရှိ
ဘဲတခြားစီလိပ်လျက်ရှိသည်ကို၎င်းမြင်လေ၏။-
၈ ထိုအခါ သင်္ချိုင်းတော်သို့ အရင်ရောက်သောအ
ခြား တပည့် တော်သည် ဝင်၍ မြင်သဖြင့် ယုံလေ
၉ ၏။-ကိုယ်တော်သည်သေခြင်းမှထမြောက်ရမည်

ဟူသော ကျမ်းစကားကို တပည့်တော် တို့သည်
၁၀ နားမလည်ကြသေး။-နောက်မှထိုသူနှစ်ယောက်
တို့သည်မိမိတို့အပေါင်းအသင်းရှိရာသို့ ပြန်သွား
ကြ၏၊
၁၁ မာရိသည် သင်္ချိုင်း တော် အ နား မှာ ငိုကြွေး
လျက်ရပ်နေ၏။ငိုကြွေးစဉ်ငုံ့၍ တွင်းထဲသို့ ကြည့်
၁၂ လျှင်၊-ကောင်းကင်တမန်နှစ်ပါးတို့သည်ဖြူသော
အဝတ်ကို ဝတ် ဆင်လျက်၊ ယေရှု၏ အလောင်း
တော်လျောင်းရာအရပ်၊ ခေါင်းရင်း၌တပါး၊ခြေ
၁၃ ရင်း၌တပါး ထိုင်ကြသည်ကို မြင်လေ၏။- ထိုသူ
တို့က၊ အချင်းမိန်းမ၊ အဘယ်ကြောင့် ငိုကြွေးသ
နည်းဟုမေးလျှင်၊ ကျွန်မ၏ သခင်ကို ယူသွားကြ
ပြီ။ အဘယ်မှာထားကြသည်ကို မသိပါဟု ပြော
၁၄ ဆို၏။- ထိုသို့ဆိုပြီးမှနောက်သို့လှည့်လျှင်၊ ယေရှု
ရပ်လျက်နေတော်မူသည်ကိုမြင်သော်လည်းယေ
၁၅ ရှုဖြစ်တော်မူသည်ကို မသိ။- ယေရှု ကလည်း၊ အ
ချင်းမိန်းမ၊ အဘယ်ကြောင့် ငိုကြွေးသနည်း။ အ
ဘယ်သူကိုရှာသနည်းဟုမေးတော်မူ၏။မာရိက၊
သင်သည် သူ့ကို ဆောင် သွားသည် မှန်လျှင်အ
ဘယ်မှာထားသည်ကိုကျွန်မအားပြောပါ။ကျွန်မ
ယူသွားပါမည်အရှင်ဟု၊ ထိုသူကိုဥယျာဉ်စောင့်
၁၆ ဖြစ် သည် ဟု ထင်မှတ် လျက် ဆို၏။- ယေရှုက
လည်း၊မာရိဟုခေါ်တော်မူလျှင်၊မာရိသည်လှည့်
၍ရဗ္ဗုနိဟု ထူးလေ၏။ ရဗ္ဗုနိအနက်ကား၊ အရှင်
၁၇ ဘုရားဟုဆိုလိုသတည်း။- ယေရှုကလည်း၊ငါ့ကို
မဘာက်နှင့်ဦး။ ငါသည် ငါ့ ခမည်းတော်ထံသို့မ
တက်ရသေး။ငါ့ညီတို့ရှိရာသို့သွားလော့။ ငါ၏ခ
မည်း တော် တည်း ဟူ သော သင် တို့၏ ခမည်း
တော်၊ငါ၏ ဘုရားသခင်တည်းဟူသော သင်တို့
၏ဘုရား သခင့် ထံ တော် သို့ ငါတက် ရမည်အ
ကြောင်းအရာကို ကြားပြောလော့ဟုမိန့်တော်မူ
၁၈ သည်နှင့်အညီ၊- မာဂဒလ မာရိသည် သွား၍မိမိ
သည် သခင်ကို တွေ့ မြင် သည်ကိုငင်း၊ ထိုသို့မိန့်
တော်မူသည်ကိုငင်း၊ တပည့်တော်တို့အားကြား
ပြောလေ၏။
၁၉ ခုနစ်ရက်တွင် ပဌမနေ့ရက် ဖြစ်သော ထိုနေ့၌
ညအ ချိန် ရောက် သော အ ခါ၊ ယုဒ လူ တို့ကို
ကြောက်၍တံခါးများကိုပိတ်ထားလျက်၊ တပည့်
တော်တို့သည် စည်းဝေးကြသောအရပ်သို့ ယေရှု
သည် ကြွ လာ၍ အလယ်မှာ ရပ်တော် မူလျက်၊
သင်တို့၌ငြိမ်သက်ခြင်းရှိစေသတည်းဟုမိန့်တော်
၂၀ မူ၏။-ထိုသို့မိန့်တော်မူပြီးမှ လက်တော်နှင့် နံဖေး
တော်ကို ပြတော်မူ၏။ တပည့်တော် တို့သည်သ
၂၁ ခင်ကို မြင်လျှင် ဝမ်းမြောက်ခြင်းရှိကြ၏။- တဖန်
ယေရှုက၊ သင်တို့၌ငြိမ်သက်ခြင်း ရှိစေသတည်း။
ခမည်းတော် သည် ငါ့ကို စေလွှတ်တော် မူသည်
နည်းတူ၊သင်တို့ကိုငါစေလွှတ်သည်ဟု မိန့်တော်
၂၂ မူပြီးလျှင်၊- ထိုသူတို့အပေါ်၌မှုတ်လျက်၊ သင်တို့
သည်သန့်ရှင်းသောဝိညာဉ်တော်ကိုခံကြလော့။-
၂၃ အကြင်သူ၏ အပြစ်ကို သင်တို့ လွှတ်လျှင်၊ထိုသူ
သည်အပြစ်လွှတ်လျက်ရှိ၏။ အကြင်သူ၏အပြစ်
ကို သင်တို့တည်စေလျှင်၊ ထိုသူသည်အပြစ်တည်
လျက်ရှိ၏ဟုမိန့်တော်မူ၏။
၂၄ ထိုသို့ ယေရှုသည် ကြွလာတော်မူသောအခါ
တမန်တော် တကျိပ်နှစ်ပါးအဝင်၊ ဒိဒုမုဟုအမည်
ရှိသောသောမသည်ထိုတပည့်တော်တို့နှင့်အတူ
၂၅ မရှိ။-ထိုသူတို့ကလည်း၊ အကျွန်ုပ်တို့သည် သခင်
ကိုမြင်ရကြပြီဟု သောမအား ပြောဆို ကြလျှင်၊
သောမက၊လက်တော်၌ သံရိုက်ရာချက်ကိုမမြင်၊
သံရိုက်ရာချက်ကို လက်ညှိုးနှင့်မတို့မစမ်း၊ နံဖေး
တော် ကိုလည်း လက်နှင့် မစမ်းမသပ် ရလျှင် အ
၂၆ ကျွန်ုပ်မယုံဟုဆို၏၊- ထိုနောက် ရှစ်ရက်မြောက်
သောနေ့၌ တပည့်တော်တို့သည် တဖန်အထဲမှာ
ရှိကြ၍ သောမ လည်း ပါ၏။ တံခါး များကိုပိတ်
ထားစဉ်အခါ၊ယေရှုသည်ကြွလာ၍ အလယ်မှာ
ရပ်တော်မူလျက်၊သင်တို့၌ငြိမ်သက်ခြင်း ရှိစေသ
၂၇ တည်းဟု မိန့်တော်မူ၏။- ထိုအခါသောမအား၊
သင်၏ လက် ညှိုး ကို ဆန့်၍ ငါ့ လက် ကို ကြည့်
လော့။သင်၏လက်ကိုဆန့်၍ငါ့နံဖေးကိုစမ်းသပ်
လော့။ယုံမှားခြင်းမရှိနှင့်။ ယုံလော့ဟုမိန့်တော်မူ
၂၈ ၏။- သောမ ကလည်း၊ အ ကျွန်ုပ် ၏ အရှင်၊ အ
ကျွန်ုပ်၏ဘုရားသခင်ပါတကားဟုပြန်၍လျှောက်
၂၉ ၏။- ယေရှုက လည်း၊ သင်သည် ငါ့ကို မြင်သော
ကြောင့်ယုံခြင်းရှိ၏။ ငါ့ကိုမမြင်ဘဲယုံသောသူတို့
သည်မင်္ဂလာရှိကြ၏ဟုမိန့်တော်မူ၏။
၃၀ ဤကျမ်းစာ၌ရေး၍မထားသောအခြားနိမိတ်
လက္ခဏာအများတို့ကိုလည်း ယေရှုသည်တပည့်
၃၁ တော်တို့ မျက် မှောက်၌ ပြတော် မူ၏။- ယေရှု
သည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏
သားတော် ဖြစ်တော် မူသည်ကိုသင်တို့သည်ယုံ
မည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့်
အသက်ကို ရမည်အကြောင်း၊ ဤမျှလောက်ရေး
ထားလျက်ရှိသတည်း။

၂၁

၁ တဖန်ယေရှုသည် တိဗေရိအိုင်နားမှာတပည့်
တော် တို့အား ကိုယ်ကို ပြတော်မူ၏။ ပြတော်မူ
၂ သည့်အကြောင်းအရာ ဟူမူကား၊- ရှိမုန်ပေတရု
နှင့်ဒိဒုမုဟု အမည်ရှိသော သောမ၊ ဂါလိလဲပြည်
ကာနမြို့သား နာသနေလ၊ ဇေဗေဒဲ၏ သားနှစ်
ယောက်၊အခြားသောတပည့်တော်နှစ်ယောက်
၃ တို့သည် အတူရှိကြ၏။- ရှိမုန်ပေတရုက၊ ကျွန်ုပ်
သည် ငါးဘမ်းသွားမည်ဟုဆိုလျှင်၊ ထိုသူတို့က၊
အကျွန်ုပ်တို့လည်းလိုက်မည်ဟု ပြောဆိုသည်နှင့်
ထွက် သွား ကြ၏။ ချက်ခြင်း လှေထဲသို့ ဝင်၍ထို
၄ ညဉ့်တွင် တကောင်ကိုမျှ မရကြ။- နံနက်ရောက်
သောအခါ ယေရှုသည် ကမ်းနားမှာ ရပ်တော်မူ
၏။သို့ရာတွင် ယေရှုဖြစ်တော် မူသည်ကို တပည့်
၅ တော် တို့သည် မသိကြ။- ယေရှု ကလည်း၊ ချစ်
သားတို့၊ စားစရာ တစုံ တခု ရှိသလော ဟု မေး
၆ တော် မူလျှင်၊ မရှိပါဟု ပြန်ပြော ကြ၏။- တဖန်
ယေရှုက၊ လှေလက်ျာဘက်၌ ပိုက်ကွန်ကို ပစ်ချ
လော့။ ထိုသို့ ပြုလျှင် ရလိမ့် မည်ဟု မိန့် တော်မူ
သည် အတိုင်း၊ ထိုသူ တို့သည် ပစ်ချ၍ များစွာ
သောငါးတို့ကိုအုပ်မိသောကြောင့်၊ ပိုက်ကွန်ကို
ဆွဲ၍မရနိုင်။

၇ ထိုအခါယေရှုချစ်တော်မူသောတပည့်တော်
က၊ငါတို့ သခင်ပေတည်းဟု ပေတရုအား ပြော
ဆို၏။ သခင်ဖြစ်ကြောင်းကို ရှိမုန် ပေတရု သည်
ကြားလျှင်၊ အ ဝတ် ကို မခြုံဘဲ ရှိလျက် အပေါ်
အင်္ကျီ ကိုသာ ဝတ်စည်း၍ အိုင်ထဲသို့ ဆင်း လေ
၈ ၏။-အခြားသောတပည့်တော်တို့သည် ကမ်းနှင့်
မနီးမဝေး အလံငါးဆယ်လောက် ကွာသည်ဖြစ်
၍၊ငါးများနှင့် ပိုက်ကွန်ကို ဆွဲငင်လျက် လှေစီး၍
၉ လာကြ၏။-ကုန်းပေါ်သို့ရောက်သောအခါမီးခဲ
ပုံကိုဎင်း၊ ကင်ထားသော ငါးကိုဎင်း၊ မုန့်ကိုဎင်း
၁၀ တွေ့မြင်ကြ၏။-ယေရှုကလည်း၊ ယခုရသောငါး
၁၁ အချို့ကို ယူခဲ့ကြဟုမိန့်တော်မူ၏။- ရှိမုန်ပေတရု
သည်လှေပေါ်သို့တက်၍၊ငါးကြီးတရာငါးဆယ်
သုံးကောင်နှင့် ပြည့် လျက် ရှိသော ပိုက် ကွန်ကို
ကုန်းပေါ်သို့ ဆွဲတင်လေ၏။ ထိုမျှလောက် များ
သော်လည်း ပိုက်ကွန်သည် မစုတ်မပြတ် ရှိ၏။-
၁၂ ယေရှုကလည်း၊ လာ၍နံနက်စာကို စားကြလော့
ဟု မိန့်တော်မူ၏။ သခင်ဖြစ်တော် မူကြောင်းကို
တပည့်တော်တို့သည် သိကြသောကြောင့် ကိုယ်
တော်သည်အဘယ်သူနည်းဟူ၍တစုံတယောက်
၁၃ မျှမမေး မလျှောက်ဝံ့ကြ။- ယေရှုသည် လာ၍မုန့်
နှင့် ငါးကိုယူပြီးလျှင် သူတို့အားပေးတော်မူ၏။-
၁၄ ထိုပြတော်မူခြင်းကား၊ ယေရှုသည်သေခြင်းမှထ
မြောက်တော်မူသည် နောက်၊ တပည့် တော်တို့
အား ကိုယ်ကို သုံးကြိမ် မြောက်သော ပြတော်မူ
ခြင်းဖြစ်သတည်း။

၁၅ နံနက်စာကို စားကြသည် နောက်၊ ယေရှုက၊
ယောန ၏သား ရှိမုန်၊ ဤသူ တို့သည် ငါ့ကိုချစ်
သည်ထက် သင်သည်သာ၍ချစ်သလောဟုရှိမုန်
ပေတရုအားမေးတော်မူလျှင်၊ ဟုတ်ပါ၏သခင်၊
ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်
သိတော်မူ၏ဟုလျှောက်သော်၊ ငါ၏သိုးသငယ်
၁၆ တို့ကို ကျွေး မွေးလော့ ဟု မိန့်တော်မူ၏။- တဖန်
ယေရှုက၊ ယောန၏သား ရှိမုန်၊ သင်သည် ငါ့ကို
ချစ်သလောဟု ဒုတိယအကြိမ် မေးတော်မူလျှင်၊
ဟုတ်ပါ၏ သခင်။ ကိုယ်တော် ကို အကျွန်ုပ် ချစ်
သည် ကို ကိုယ်တော် သိ တော် မူ၏ ဟု လျှောက်
သော်၊ ငါ၏ သိုးတို့ကိုထိန်းလော့ဟု မိန့်တော်မူ
၁၇ ၏။- ယေရှုကလည်း၊ ယောန၏ သားရှိမုန်၊ သင်
သည်ငါ့ကိုချစ်သလောဟု တတိယ အကြိမ် မေး
တော်မူလျှင်၊သင်သည် ငါ့ကိုချစ်သလောဟု သုံး
ကြိမ် မြောက် အောင် မေးတော် မူသော ကြောင့်
ပေတရုသည် စိတ်နာသဖြင့်၊ သခင်၊ ကိုယ်တော်
သည် ခပ်သိမ်း သော အရာ တို့ကို သိတော် မူ၏။
ကိုယ်တော်ကို အကျွန်ုပ် ချစ်သည်ကို ကိုယ်တော်
သိတော်မူ၏ဟု လျှောက်သော်၊ ယေရှုက၊ ငါ၏
၁၈ သိုးတို့ကို ကျွေးမွေးလော့။- ငါ အမှန် အကန် ဆို
သည် ကား၊ သင် သည် ပျို သော အ သက် ရှိစဉ်
ကိုယ်ကို ကိုယ်ပတ်စည်း၍အလိုရှိရာ အရပ်ရပ်သို့
သွားလာတတ်၏။သင်သည်အိုသောအခါလက်
နှစ်ဘက်ကို ဆန့်ပြီးလျှင်၊ သူတပါးသည် သင့်ကို
ပတ်စည်း၍သင်အလိုမရှိရာအရပ်သို့ယူသွားလိမ့်
၁၉ မည်ဟုမိန့်တော်မူ၏။- ထိုသို့မိန့်တော်မူသော်၊အ
ဘယ်သို့ သော သေခြင်း အားဖြင့် ပေတရု သည်
ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေမည်အ
ရိပ်ကို ပေးတော်မူ၏။ ထိုသို့ မိန့်တော်မူပြီးမှ၊ ငါ့
နောက်သို့လိုက်လော့ဟု ပေတရုအားမိန့်တော်မူ
ပြန်၏။

၂၀ ယေရှု ချစ် တော် မူ၍ အထက်က ညစာ စား
သောအခါ၌ ရင်တော်ကိုမှီ၍လျောင်းလျက်၊သ
ခင်၊ ကိုယ်တော်ကိုအပ်နှံသောသူကား အဘယ်
သူနည်းဟု မေးသော တပည့်တော် သည်လည်း

နောက် တော်သို့ လိုက် သည် ကို ပေတရု သည်
၂၁ လှည့်၍မြင်လျှင်၊- သခင်၊ဤသူ၌ အဘယ်သို့ဖြစ်
၂၂ ပါလိမ့်မည်နည်းဟု မေးလျှောက်သော်၊- ယေရှု
က၊ ငါကြွလာသည် ကာလတိုင်အောင် ထိုသူကို
နေစေခြင်းငှါ ငါအလိုရှိလျှင် သင်သည်အဘယ်
သို့ဆိုင်သနည်း။ သင်မူကား ငါ့နောက်သို့ လိုက်
၂၃ လော့ ဟု မိန့် တော် မူ၏။- ထို စကား တော်ကို
ထောက်လျှင်၊ ညီအစ်ကိုတို့က၊ ထိုတပည့်တော်
သည် မသေရဟု အနှံ့အပြား ပြောဆိုကြ၏။ သို့
သော် လည်း ထိုသူ သည် မသေ ရဟု ယေရှုမိန့်
တော်မူသည်မဟုတ်။ငါကြွလာသည်ကာလတိုင်
အောင်ထိုသူကိုနေစေခြင်းငှါငါအလိုရှိလျှင်သင်
သည် အဘယ်သို့ ဆိုင်သနည်းဟု မိန့်တော်မူသ
တည်း။
၂၄ ထိုတပည့်တော်ကား၊ ဤအကြောင်းအရာတို့
၂၅ ကိုသက်သေခံ၍ရေးထားသောသူဖြစ်၏။-သူ၏
သက်သေခံချက်မှန်သည်ကိုငါတို့သိကြ၏။ ယေ
ရှုပြုတော် မူ သော အခြား အမှု အရာ အများရှိ
သေး၏။ ထိုအမှုအရာရှိသမျှတို့ကို အသီးအခြား
ရေးသားလျှင်၊ မြေကြီး မဆံ့နိုင်အောင် ကျမ်းစာ
များပြားလိမ့်မည်ဟုထင်မှတ်ခြင်းရှိ၏။

ရှင်ယောဟန်ခရစ်ဝင်ပြီး၏။

---

# တမန်တော်ဝတ္ထု။

# THE ACTS OF THE APOSTLES.

## ၁

၁ အိုသေဖိလု၊ယေရှုသည်ရွေးကောက်တော်
မူသောတမန်တော်တို့ကို ဝိညာဉ်တော်အားဖြင့်
၂ မှာထားပြီးမှ၊- အထက်သို့ ဆောင် ယူ ခြင်းကိုခံ
တော်မူသောနေ့မရောက်မှီကာလတွင်၊ ပြုမူသွန်
သင်တော်မူသမျှ တို့ကို ထုတ်ဖော် ၍၊ အထက်
၃ ကျမ်း စာကို ငါစီရင် ရေးထား ပါပြီ။- အသေခံ
တော်မူပြီးလျှင်၊တမန်တော်တို့အားအရက်လေး
ဆယ်ပတ်လုံး ကိုယ်ကိုပြ၍ ဘုရားသခင်၏ နိုင်ငံ
တော်နှင့်စပ်ဆိုင်သောအရာတို့ကို မိန့်မြွက်တော်
မူလျက်၊ မိမိအသက်ရှင်သည်အကြောင်းကိုခိုင်ခံ့
သော သက်သေ အများအားဖြင့် ပြတော်မူ၏။-
၄ ထိုတမန် တော်တို့ကို စုဝေး စေတော် မူပြီးလျှင်၊
ယေရုရှလင်မြို့မှ မထွက်မသွားဘဲ ခမည်းတော်၏
ဂတိကိုငံ့နေမည်အကြောင်းမှာတော်မူ၍၊ထိုဂတိ
တော်ကိုငါ ပြောသဖြင့် သင်တို့သည်ကြား
၅ သိရကြပြီ။- ဂတိတော် အချက်ဟူမူကား၊ ယော
ဟန်သည်ရေ၌ ဗတ္တိဇံကိုပေး၏။ သင်တို့သည်မ
ကြာ မမြင့်မှီ သန့်ရှင်းသော ဝိညာဉ်တော်၌ဗတ္တိ
ဇံကိုခံရကြလိမ့်မည်ဟုမိန့်တော်မူ၏။
၆ ထိုတမန်တော်တို့သည်လည်း စုဝေး၍၊သခင်
ဘုရား၊ယခုအခါ ကိုယ်တော်သည်ဣသရေလအ
မျိုးသားတို့အား နိုင်ငံကို ပြန်ပေး တော် မူမည်
၇ လောဟုမေးလျှောက်ကြလျှင်၊- သခင်ဘုရားက၊
ခမည်း တော် ၏ တန်ခိုး အား ဖြင့် စီရင် တော်မူ
သောအချိန်ကာလကိုသိရသောအခွင့်သည်သင်
၈ တို့၌မရှိ။- ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်
သို့သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သော
အခါ၊ သင်တို့သည်တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့
မှစသောယုဒပြည်၊ ရှမာရိပြည်၊မြေကြီးစွန်းတိုင်
အောင် ငါ၏ သက်သေ ဖြစ်ကြ လိမ့်မည်ဟု မိန့်
၉ တော်မူ၏။- တမန်တော်တို့သည် ကြည့်ရှု လျက်
နေကြစဉ်၊သခင်ဘုရားသည် အထက်သို့ဆောင်
ယူခြင်း ကို ခံတော် မူ၍၊ မိုဃ်း တိမ် သည် ကိုယ်
၁၀ တော်ကို မျက်ကွယ်အောင် ခံယူ လေ၏။- ထိုသို့
ကြွတော်မူသည်ကို တမန်တော်တို့သည် ကောင်း
ကင်သို့စေ့စေ့ကြည့်မျှော်လျက်နေကြစဉ်တွင်၊လူ
နှစ်ယောက်တို့သည် ဖြူစင်သော အဝတ်ကို ဝတ်
ဆင်လျက်တမန်တော်တို့အနားမှာပေါ်လာ၍၊-
၁၁ အိုဂါလိလဲလူတို့၊ အဘယ်ကြောင့် ကောင်းကင်
သို့ကြည့်မျှော်လျက် နေကြသနည်း။ သင်တို့နှင့်
ခွါ၍ ကောင်းကင်သို့ဆောင်ယူခြင်းကို ခံတော်မူ
သော ထို ယေရှု သည် သင်တို့ မျက် မှောက် ၌
ကောင်းကင်သို့ ကြွသွားတော်မူသည်နည်းတူတ
ဖန်ကြွလာတော်မူလတံ့ဟုပြောဆို၏။
၁၂ ထိုအခါယေရုရှလင်မြို့နှင့်ဥပုသ်နေ့တနေ့ခရီး
သာကွာ၍သံလွင်အမည်ရှိသောတောင်မှယေရု
ရှလင် မြို့ သို့ တမန် တော် တို့ သည် ပြန် ကြ၏။-

၁း၅။ ဗတ္တိဇံ၏ ပုဒ်နက်သည် နှစ်ခြင်း ဖြစ်၏။